# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။
သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။
ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို
မပြုခြင်းသည် ချမ်းသာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)**


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၂၇ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၃၆)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ **Dr. Werner Langen** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆွေးနွေး

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်တို့အား လက်ခံတွေ့ဆုံ**

နေပြည်တော် မေ ၂၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ **Dr. Werner Langen** ဦးဆောင်သည့် ဥရောပပါလီမန် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် **Dr.S. Jaishankar** အား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

**ဥရောပပါလီမန်နှင့် မြန်မာနိုင်ငံ လွှတ်တော်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

စာ » ၃



**တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ မီးရထားစက်ခေါင်းနှင့် တွဲများ မြန်မာ့တပ်မတော်သို့ လွှဲပြောင်းပေးအပ်**

စာ » ၄



**ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တတိယနေ့ကျင်းပ**

စာ » ၇









# နှစ်ပေါင်း ၇၀ နီးပါး စောင့်ဆိုင်းခဲ့ရသော အလင်းရောင်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးက တစ်နေ့ပြီးတစ်နေ့ အရှိန်အဟုန်ဖြင့် ခရီးဆက်နေသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ ဦးတည်ကာ အခြေခံမူများ ချမှတ်နိုင်ရေးအတွက် ညီလာခံ၏တတိယမြောက်နေ့အဖြစ် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေးစသည့် ကဏ္ဍအလိုက် ဆွေးနွေးပွဲများကိုရော အစုအဖွဲ့အလိုက်ဆွေးနွေးပွဲများကိုပါ ကျင်းပပြီးခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး၏ ပြင်ပတွင်မူ တောင်ပေါ်မြေပြန့်မကျန် နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများ၏ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များက မြင့်မြင့်မားမား၊ ပြင်းပြင်းပြပြရှိနေကြကြောင်း သတင်းမီဒီယာများနှင့် လူမှုကွန်ရက်များပေါ်တွင် တွေ့မြင်နေရသည်။ ပစ်ခတ်တိုက်ခိုက်မှုများ၊ စစ်ပွဲများကိုဆန့်ကျင်မှု၊ ငြိမ်းချမ်းရေးအပေါ် လိုလားတောင့်တမှု၊ (၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံမှုတို့ကို အနယ်နယ်အရပ်ရပ်တို့တွင် ထုတ်ဖော်ပြသခဲ့ကြသည်။ တစ်ချိန်က လက်နက်ကိုင်ကာ မျက်နှာချင်းဆိုင်တိုက်ခိုက်ခဲ့ကြသူများ တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ကြ၊ ရင်းနှီးချစ်ကြည်နွေးထွေးလှိုက်လှဲသော အပြုံးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအပေါ် အပေါင်းလက္ခဏာဆောင်သောမှတ်ချက်များ စသည်စသည်တို့က ပြည်သူတို့၏ နှလုံးစိတ်ဝမ်းကို ချမ်းမြေ့စေသည်။ အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးအတွက် မျှော်လင့်ချက်တို့နှင့်အတူ အားတက်စေသည်။

"နှစ်ပေါင်း ၇၀ လောက်ကြာရှည်ခဲ့ပြီဖြစ်တဲ့ ပြည်တွင်းစစ်အဆိုးသံသရာမှာ ကျွန်မတို့နိုင်ငံရဲ့တည်ငြိမ်မှု၊ အေးချမ်းမှု၊ တိုးတက်မှုတွေကို စတေးခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်မတို့တိုင်းရင်းသားပြည်သူတွေ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လူမှုစီးပွားနဲ့စိတ်ဓာတ်အညွန့်ကျိုးခဲ့ရုံသာမက ကျွန်မတို့နိုင်ငံရဲ့အနာဂတ်ကိုပါ တဖြည်းဖြည်းချင်း ပျက်သုဉ်းစေခဲ့ရပါတယ်။ ဆင်းရဲနွမ်းပါးမှုနဲ့ ပဋိပက္ခထောင်ချောက်က ဒီကနေ့အချိန်အထိ မလွတ်မြောက်နိုင်သေးတဲ့ ကျွန်မတို့နိုင်ငံဟာ ကျန်တဲ့နိုင်ငံတွေနဲ့ အလှမ်းမကွာရအောင် မနည်းအားထုတ်ကြိုးပမ်းနေရတာ အားလုံးအသိပဲဖြစ်တယ်။ ဒီကနေ့ ညီလာခံကြီးကတော့ ကျွန်မတို့ပြည်သူတွေရဲ့ ခေတ်အဆက်ဆက်က မျှော်လင့်ချက်တွေအတွက် အလင်းရောင်လေးတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါပြီ။ ဒီအလင်းရောင်မှိန်ပျပျလေးထွက်ပေါ်လာဖို့ ကျွန်မတို့ပြည်သူတွေ နှစ်ပေါင်း ၇၀ နီးပါး စောင့်ဆိုင်းခဲ့ရတာပါ"ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ဖွင့်ပွဲ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ၏တည်ငြိမ်မှု၊ အေးချမ်းမှု၊ တိုးတက်မှုတို့ကို တုံ့ဆိုင်းပျက်ပြားစေခဲ့သော၊ တိုင်းရင်းသားပြည်သူတို့၏ လူမှုဘဝများ၊ စီးပွားဘဝများကို ပျက်စီးစေကာ စိတ်ဓာတ်တို့ကို အညွန့်ကျိုးစေခဲ့သော၊ နိုင်ငံ၏အနာဂတ်ကို လမ်းမမြင်ကမ်းမမြင် မှုန်ဝါးပိတ်ဆို့စေခဲ့သော စစ်ပွဲတို့ ရပ်ဆိုင်းကာ ပြည်သူတို့၏မျှော်လင့်ချက် ငြိမ်းချမ်းရေးရောင်ခြည်တို့ ထွန်းလင်းတောက်ပစွာဖြင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို စိတ်ဝမ်းညီညီ လက်တွဲတည်ဆောက်နိုင်ပါစေကြောင်း။ ။

## ရတနာပုံတက္ကသိုလ် နံ့သာဆောင်၌ ဒုတိယပညာသင်ကာလမှစတင်ပြီး ကျောင်းသူများအား နေထိုင်ခွင့်ပြုမည်

**မန္တလေး မေ ၂၆**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒုတိယပညာသင်ကာလမှ စတင်ကာ နေ့သင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသူ ၁၅၀ ကို ရတနာပုံတက္ကသိုလ် နံ့သာဆောင် (အမျိုးသမီးဆောင်)၌ ကျောင်းဆောင်နေထိုင်ခွင့် စတင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်နေထိုင်ခွင့် လျှောက်ထားရာတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ် ဥပဒေသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ ပထမနှစ် ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ် ဂုဏ်ထူးတန်း၊ ပထမနှစ် မဟာတန်း၊ ဒုတိယနှစ် မဟာတန်းများတွင် တက်ရောက် ပညာသင်ကြားနေသည့် ကျောင်းသူများအနေဖြင့် ကျောင်းဆောင်နေထိုင်ခွင့် လျှောက်လွှာများကို ကျောင်းသားရေးရာဌာန(နေ့သင်တန်း)တွင် မေ ၂၂ ရက်မှ ဇွန် ၈ ရက်အထိ လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်ထားနိုင်ပြီး ကျောင်းဆောင်နေထိုင်ခွင့်ကို ကျောင်းဆောင် နေရာချထားရေးကော်မတီမှ စိစစ်လက်ခံသွားမည်ဖြစ်သည်။

အဆိုပါ နံ့သာဆောင်(အမျိုးသမီးဆောင်)သည် အိပ်ဆောင်နှင့် ထမင်းစားဆောင်ပါဝင်သည့် ၁၆၀ဆံ့ သုံးထပ်ဆောင်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် အနန္တဂုဏ်ရည် မန္တလေး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မူးယစ်ဆေးဝါးဖမ်းဆီးမှု၌ သတင်းပေးပါဝင်သူနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ပန်းတောင်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့နယ်မြေရဲစခန်းအပိုင် ပန်းတောင်း-တောင်ကုတ် ကားလမ်းမပေါ်၌ ကျော်ကျော်(ခ)ဝင်းကျော်ဦး မောင်းနှင်ပြီး ချစ်ဖွယ်နှင့် သက်ဝင်းနိုင်တို့ လိုက်ပါသည့် 9H/--- ခြောက်ဘီးယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၅၄၀၀၀ (၁၄၉၅ ဒသမ ၄ ကီလိုဂရမ်) (တန်ဖိုးငွေကျပ်သိန်း၇၄၇၇၀၀)ဖမ်းဆီးရမိအောင် ပူးပေါင်းဆောင်ရွက်ခဲ့သော ဦးရာဇာဟိန်းနှင့် ဦးအောင်ကိုကိုဇင်(ခ)ဇင်ကိုတို့ နှစ်ဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို ဥသျှစ်ပင်မြို့ရဲစခန်း၌ မေ ၂၅ ရက်က ကျင်းပသည်။



ဂုဏ်ပြုပွဲတွင် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကြည်၊ ပန်းတောင်းမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင့်ဆွေ၊ ဥသျှစ်ပင်မြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြပြီး ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးက ကျေးဇူးတင်စကားပြောကြားကာ ရဲချုပ်၏ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၂၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပျဉ်းမနား(ဝဲကြီး)တွင် ၃ ဒသမ ၉၄ လက်မ၊ နေပြည်တော်လေဆိပ်(ဧလာ)တွင် ၃ ဒသမ ၉၀ လက်မ၊ လှိုင်းတက်တွင် ၂ ဒသမ ၉၁ လက်မ၊ ကျိုင်းတုံမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မိုင်းဆတ်မြို့ ညောင်ရွှေမြို့နှင့် ပျော်ဘွယ်မြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီ၊ ကမမောင်းမြို့တွင် ၂ ဒသမ ၂၀လက်မ၊ နေပြည်တော်(ဇမ္ဗူသီရိ)နှင့် မြိတ်မြို့တို့တွင် ၂ ဒသမ ၁၆ လက်မစီ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ မိတ္ထီလာမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မြင်းခြံမြို့နှင့် လှိုင်းဘွဲ့မြို့တို့တွင် ၂ ဒသမ ၀၁ လက်မစီနှင့် ဟဲဟိုးမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၆-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၇ · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၂ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ · ၄၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ · ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၈ · ၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ · ၉၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

○ ရှေ့ဖုံးမှ

ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့် ဥရောပပါလီမန်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်နှင့် တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံ၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန်သွားရောက်ရေးကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် **Dr.S. Jaishankar** တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

## ဥရောပပါလီမန်နှင့် မြန်မာနိုင်ငံလွှတ်တော်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr. Werner Langen ဦးဆောင်သည့် ဥရောပပါလီမန်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥရောပပါလီမန်နှင့် မြန်မာနိုင်ငံ လွှတ်တော်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr. Werner Langen တို့ တွေ့ဆုံဆွေးနွေးစဉ်**

## ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ (DASE) ၏ဥက္ကဋ္ဌ Dr. Werner Langen နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် လည်းကောင်း၊ Japan External Trade Organization (JETRO) မှ Managing Director Mr. Hirokazu Yamaoka နှင့်အဖွဲ့အား မွန်းလွဲ ၁ နာရီတွင် လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ သီးခြားစီတွေ့ဆုံသည်။

ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ (DASE)နှင့် တွေ့ဆုံစဉ် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ်ဆက်ဆံမှုများကို ဆက်လက်ရှင်သန်ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်ပစ္စည်းများနှင့် GSP အခွင့်အရေးပေးထားသော ပို့ကုန်ပစ္စည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ထုတ်လုပ်၍ ဥရောပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် Corporate Social Responsibility (CSR) အစီအစဉ်များ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင် မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို တက်ကြွစွာမြှင့်တင်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များကို စည်းမျဉ်းဥပဒေနှင့်အညီ ဖန်တီးတည်ဆောက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် Japan External Trade Organization (JETRO) မှ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံသူများကို ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံမှ ပို့ကုန်များ ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

## ယစ်မျိုးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသိပညာပေး

**သဲကုန်း မေ ၂၆**

သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ယစ်မျိုးလိုင်စင်စီများကို ယစ်မျိုးဆိုင်ရာဥပဒေ/နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ အသိပညာပေးဆွေးနွေးပွဲကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ပြည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ယစ်မျိုးဥပဒေနည်းဥပဒေများအကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်ဟိန်းက လိုင်စင်အမျိုးအစားများအကြောင်းနှင့် သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက ယစ်မျိုးလိုင်စင်ထုတ်ပေးထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက ယစ်မျိုးလိုင်စင်ကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## အနောက်တောင် မုတ်သုံလေ ဝင်ရောက်နိုင်

**နေပြည်တော် မေ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မီးရထားစက်ခေါင်းနှင့်တွဲများ မြန်မာ့တပ်မတော်သို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၆**

မြန်မာ့တပ်မတော်သို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မီးရထားစက်ခေါင်းနှင့်တွဲများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ဘူတာကြီးရှိ အမှတ်(၁)စင်္ကြံ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

ရှေးဦးစွာ သံအမတ်ကြီး မစ္စတာဟုန်လျန်က မီးရထားစက်ခေါင်းနှင့် တွဲများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မီးရထားစက်ခေါင်း၊ တွဲများနှင့်ပတ်သက်သည့် အထောက်အထားစာရွက်စာတမ်းများအား စစ်သံမှူး Senior Colonel Xiong Shaowei က လွှဲပြောင်းပေးအပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက လက်ခံရယူသည်။

ထို့နောက် အဆိုပါမီးရထားဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာ့မီးရထား မှ ဦးဆောင်ညွှန်ကြားရေးမှူးတို့သည် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ နေပြည်တော်ဘူတာမှ တပ်ကုန်းဘူတာသို့ လိုက်ပါစီးနင်းကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လွှဲပြောင်းပေးအပ်သည့် မီးရထားစက်ခေါင်းနှင့် တွဲများမှာ မြင်းကောင်ရေ ၂၀၀၀ အားရှိ Dalian အမျိုးအစားစက်ခေါင်း နှစ်ခု၊ Sifang အမျိုးအစား( Passenger Coach)လူစီးတွဲ ၆၈ ယောက်စီး ၁၀ တွဲ၊ Meishan အမျိုးအစား (Covered Wagon) ၃၂ တန် အလုံပိတ် ကုန်တွဲ ၁၀ တွဲတို့ဖြစ်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် H.E.Dr.S.Jaishankar အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်နေမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ရလဒ်ကောင်းများရရှိရေး၊ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များတွင် တပ်မတော်အနေဖြင့်လည်း ကူညီလုပ်ဆောင်သွားမည့် အခြေအနေများအား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီးရထားစက်ခေါင်းများအား နံ့သာရည်ပက်ဖျန်းပေးစဉ် (သတင်းစဉ်)

အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်- တရုတ် စီးပွားရေးနှင့် လုံခြုံရေး ပြန်လည်ဆန်းစစ်ရေးကော်မရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. Dennis Shea နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Dennis Shea က ကော်မရှင်အနေဖြင့် ယခုနှစ်အတွင်း အရှေ့တောင်အာရှနှင့် ပတ်သက်၍ အလေးပေး လေ့လာနေမှု၊ မြန်မာနိုင်ငံအား လေ့လာပြီး ကောင်းမွန်သည့် အကြံဉာဏ်များပေးလိုမှုတို့အား ရှင်းလင်းပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်များက မြန်မာနိုင်ငံနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေများ၊ အနာဂတ် ၁၀ နှစ်အတွင်း တပ်မတော်၏ကဏ္ဍ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်မှုအမြင်၊ အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံ၏စစ်ဘက်ဆက်ဆံရေး၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ တပ်မတော်၏ သဘောထားအမြင်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## သင်တန်းမှရရှိသည့် အတွေ့အကြုံများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ငွေကြေးခဝါချမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချရန်လိုအပ်




**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် အမေရိကန်နိုင်ငံ Federal Bureau of Investigation (FBI) တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် Organized Crime and Public Corruption သင်တန်းဆင်းပွဲ အခမ်းအနားကို နေပြည်တော် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ကော်မရှင်ဥက္ကဋ္ဌက သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသည့် သင်ခန်းစာနှင့် အတွေ့အကြုံ ဗဟုသုတများကို မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများနှင့် ငွေကြေးခဝါချမှုတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် လိုအပ်သောနည်းပညာ၊ လေ့ကျင့်သင်တန်းပေးမှုများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ FBI မှ ဥပဒေသံအရာရှိ Mr. John Schachnovsky က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြခေါင်းဆောင် Mr.Neil က သင်တန်းသား တစ်ဦးချင်းစီအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ FBI မှ ဥပဒေသံအရာရှိနှင့် FBIမှ နည်းပြများ၊ကော်မရှင်ရုံးမှ အရာထမ်း၊အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းအား မေ ၁၅ ရက်မှစ၍ ၁၂ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက် ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့အား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မုဒုံမြို့နယ် ကလော့သော့ကျေးရွာ အထက (၁)ကျောင်း၌ မေ ၂၆ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဘိုဘိုဦးနှင့် မုဒုံမြို့နယ် ရဲမှူးမြအောင်ဦးဆောင်၍ မှုခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောစဉ်**

(အဆိုပါဟောပြောပွဲသို့ အထက (၁)ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် ကျောင်းသားမိဘများတို့ တက်ရောက်ခဲ့ကြသည်)

**မော်လမြိုင်(ကိုယ်ပွား)**

* *ကျောဖုံးမှ*

ငွေကျပ် ခုနစ်သောင်း(သို့) ရှစ်သောင်းပေးသွင်းနိုင်ရန်သာ စီစဉ်ပေးမည်ဖြစ်သည်။ တတိယအမျိုးအစားမှာ အကျယ်အဝန်း စတုရန်းပေ ၆၀၀ ရှိသော ငါးထပ်ဆောက်လုပ်မည့် အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်းနှင့်မီးဖိုချောင်ပါဝင်သော မိသားစုနေထိုင်နိုင်ကြမည့် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အမျိုးအစား သုံးမျိုးစလုံးအား ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်အရစ်ကျရောင်းချပေးမည်ဖြစ်ကာ အနာဂတ်ကာလ၌ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်အရစ်ကျရောင်းချပေးမည်ဖြစ်သည်။

လက်ရှိအနေအထားအရ ပုဂ္ဂလိကပိုင်မြေဖြစ်သည့် ဝေဇယန္တာလမ်းနှင့်နီးသော တောင်ဥက္ကလာပမြို့နယ်မှ အမှတ်(၈)၊(၉)၊(၁၀)ရပ်ကွက်တို့တွင် Precast စနစ်ဖြင့် ဆောက်လုပ်မည့် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းအား ကနဦးအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီးရွှေပြည်သာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံနှင့် အရှေ့ဒဂုံမြို့နယ်များ၌ အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်း တစ်ခန်းပါဝင်သည့် စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ မိသားစု များနေထိုင်နိုင်ရန် ပြည်သူ့အိမ်ရာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန်စီ စဉ်ထားကြောင်း၊ နိုင်ငံ့တာဝန်ကျေပွန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုံမှန်ဝင်ငွေရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ကိုယ်ပိုင်အလုပ်အကိုင် အကောင်အထည်ပြသနိုင်သည့်ပြည်သူများအား ဦးစားပေးရောင်းချပေးသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (MCEA) မှအဖွဲ့ဝင်ဖြစ်သော Precast နည်းပညာစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်မည့် Myanmar CollWall Precast ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကျော်ဆန်းက "ပုဂ္ဂလိကပိုင်မြေပေါ် မှာ ဆောက်လုပ်မယ်ဆိုရင်တော့ မြေနေရာကတိုက်ခန်းအတွက် ငွေကျပ် သိန်း ၃၀ လောက် အနည်းဆုံးတက်ပါလိမ့်မယ်၊ အဓိကတော့ နိုင်ငံတော်ကနေ မြေနေရာချထားပေးမယ်ဆိုရင် မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါလိမ့်မယ်၊ နိုင်ငံတော်က ပံ့ပိုးပေးမယ်ဆိုရင် ပိုအဆင်ပြေမှာပါ၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့အနေနဲ့ ပုဂ္ဂလိကပိုင်မြေပေါ်မှာ တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မှာဖြစ်ပါတယ်၊ ဒီ precast စနစ်နဲ့ ဆောက်လုပ်တာကလည်း ဆောက်လုပ်ကုန်ကျစရိတ်ကို အနည်းဆုံး ၃၀ ရာခိုင်နှုန်း သက်သာစေတာဖြစ်ပြီး အဆောက်အအုံကြံ့ခိုင်မှုကလည်း ပိုမိုကောင်းမွန်စေမှာဖြစ်ပါတယ်၊ လက်ရှိလည်း နိုင်ငံတော်ကနေ ပြည်သူ့အတွက် ပြည်သူ့အိမ်ရာစီမံကိန်းများ ပေါ် ထွက်လာအောင် စီစဉ်နေတာတွေ့ရပါတယ်၊ မကြာမီ သုံးနှစ်အတွင်း အကာင်အထည်ပေါ်လာမယ်လို့ မျှော်လင့်ရပါတယ်၊ အဓိကတော့ အားလုံးပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အဆင်ပြေစေရမှာပါ၊ ဒါပေမယ့် လက်ရှိကျွန်တော်တို့အနေနဲ့ကတော့ ပုဂ္ဂလိကမြေပိုင်ရှင်များနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားဖို့ စီစဉ်နေပါပြီ"ဟု ပြောသည်။

မြေပိုင်ရှင်ဖြစ်သောနိုင်ငံတော်အစိုးရ၏ မြေနေရာပေးသည့် အပေါ်မူတည်ပြီး တန်ဖိုးသင့်ပြည်သူ့အိမ်ရာအိမ်ခန်းအား ငွေကျပ် သိန်း ၁၀၀ အောက်နှင့် ငွေကျပ် သိန်း ၁၂၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးစနစ် ပြောင်းလဲသကဲ့သို့ ဘဏ်စနစ်များလည်း ပြောင်းလဲသင့်ကြောင်း၊ နိုင်ငံတော်မှ မြေချပေးသည့် ပေါ်လစီပြောင်းသင့်ပြီး လယ်ယာမြေများပေါ်တွင် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ထိုင်းနိုင်ငံကဲ့သို့ တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း၊ ထိုင်းနိုင်ငံရှိ မြို့များတွင် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းတစ်ခု၌ အိမ်ခန်းအရေအတွက် သုံးသောင်းကျော် အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း၊ အသင်းအနေဖြင့် ရန်ကုန်မြို့ကို စျေးကွက်သုတေသနပြုလုပ်ရာတွင် လူဦးရေတိုးတက်လာသည့် ရန်ကုန်မြို့၏ လိုအပ်ချက်အနေအထားဖြင့် တစ်နှစ်လျှင် အိမ်ခန်းအရေအတွက် ခုနစ်သောင်းကျော် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအိမ်ခန်းအရေအတွက် လိုအပ်ချက် အရဝယ်၊ ရောင်း၊ ငှားလိုအားများမှာ မမျှတတော့ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA)မှ ဝါရင့်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ထိုင်းနိုင်ငံမှာဆိုရင် ဒီလိုအိမ်ခန်းတွေဟာ ငှားရမ်းလို့လည်းရတယ်၊ ဝယ်ယူလို့လည်းရပါတယ်၊ လက်ရှိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ရောင်းချပေးနေတာကတော့ ကနဦး ၃၀ ရာခိုင်နှုန်း ငွေပေးသွင်းရမှာဖြစ်ပြီး တစ်လကို ငွေကျပ် တစ်သိန်းနှစ်သောင်းနှုန်းနဲ့ ရှစ်နှစ်ငွေပေးသွင်းရမှာ ဖြစ်ပါတယ်၊ အဲ့ဒါကလည်း လိုချင်တဲ့အရေအတွက်ဦးရေက ဘဏ်မှာ လူဦးရေသောင်းဂဏန်းရှိပြီး ရောင်းပေးနေတဲ့ ဆောက်လုပ်ပြီးသား အခန်းအရေအတွက်က နှစ်ထောင်ကျော်ပဲရှိတာမို့ မမျှဘူးဖြစ်နေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MCEA) အနေနဲ့ ဝိုင်းပြီးအင်အားဖြည့်တဲ့အနေနဲ့ တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းများကို နိုင်ငံတစ်ခွင်မှာ ဖော်ဆောင်ဖို့ စီစဉ်နေပါတယ်။

နိုင်ငံတော်ဗဟိုဘဏ်ကလည်းကျွန်တော်တို့ ဆောက်လုပ်ရေးအဖွဲ့တွေကို ချေးငွေပေးနိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်၊ အဓိကတော့ ပြည်သူတွေရဲ့ လိုလားချက်က အိမ်ခန်းနေရာရယ် နှစ်ရှည်အရစ်ကျ ရောင်းချပေးနိုင်ခွင့်ပါ၊ အခုဆိုရင် ၃၀ ရာခိုင်နှုန်း ကနဦးငွေပေးသွင်းပြီး ရှစ်နှစ်ကနေ ၁၅ နှစ်ထိ Long Term loan နှစ်ရှည်ချေးငွေရရှိတာနဲ့ တစ်လကို ငွေကျပ် ခုနစ်သောင်း(သို့)ရှစ်သောင်းပဲ ပေးသွင်းရတော့မှာပါ၊ ပြည်သူတွေကတော့ လစဉ်ပုံမှန်ငွေပေးသွင်းရတာကို နည်းတာပဲ လိုချင်ကြပါတယ်၊ ဒါကို ကျွန်တော်တို့က ဦးစားပေးလုပ်ဆောင်သွားမှာပါ"ဟု ထပ်မံပြောကြားသည်။

# မြန်မာနိုင်ငံ မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ၊ "ဝ"ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်-(NDAA)၊ ကချင် လွတ်လပ်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည် တပ်မတော်(SSPP/ SSA)၊ တအာင်းအမျိုးသားလွတ် မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ် တပ်မတော် (MNDAA)နှင့် ရက္ခိုင့်တပ်မတော်(AA) မြန်မာနိုင်ငံမြောက်ပိုင်းအဖွဲ့ခုနစ်ဖွဲ့ တို့အား ယနေ့ ညပိုင်းက နေပြည်တော် Horizon Lake View တွင် ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်း ဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိုယ်စားလှယ်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးအတွက် အားလုံးကြိုးပမ်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် တစ်ရက်ရက်တော့ ငြိမ်းချမ်းလာမှာပါ

**နေပြည်တော် မေ ၂၆**

မြောက်ပိုင်းအဖွဲ့များ အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်ခြင်းသည် တိုက်ပွဲများ ရပ်စဲရန်အတွက် ယုံကြည်မှုဖြင့် စတင်၍ ခြေလှမ်းခြင်းဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သွားရောက်တွေ့ဆုံခဲ့သည့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) အတွင်းရေးမှူး တာပန်လှကမီဒီယာများအား ပြောကြားသည်။



တာပန်လှ



ကျောက်ကော့အန်း

**ထိုးစစ်တွေရပ်သိမ်းဖို့လို**

တာပန်လှက "အခု ဒီကိုရောက်ရှိလာတာကဖြစ်ပွားနေတဲ့ တိုက်ပွဲတွေ ရပ်စဲနိုင်ဖို့ ကျွန်တော်တို့ဘက်ကယုံယုံကြည်ကြည်နဲ့ စတင်ပြီးတော့ ခြေလှမ်း လှမ်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲလုပ်နေတဲ့ တစ်ပြိုင်တည်းမှာ မြေပြင်မှာလည်း ထိုးစစ်တွေရပ်သိမ်းဖို့လိုတယ်"ဟု ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့ တက်ရောက်လာသည့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ / "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/ UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/ KIA) ၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည် တပ်မတော် (SSPP/ SSA) အဖွဲ့များနှင့် ယနေ့မွန်းလွဲပိုင်းတွင် လည်းကောင်း၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ ရက္ခိုင့်တပ်မတော်(AA)တို့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေအိမ်၌ သီးခြားစီဖိတ်ခေါ်တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင် "ဝ" ပြည်နယ်ပြင်ပဆက်ဆံရေးဌာန အကြီးအကဲ ကျောက်ကော့အန်းက သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

**ရင်းနှီးအောင် တွေ့ဆုံ**

ကျောက်ကော့အန်းက "ကျွန်တော်တို့ဘာမှ မဆွေးနွေးဘူး။ အဓိက တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးအောင် တွေ့ဆုံတာပါ။ ဒါပေမယ့် သူပြောတဲ့ NCA နဲ့ ကျွန်တော်တို့ ပြန်ပြင်ထားတဲ့ဟာနဲ့ မတူဘူးပေါ့။ ကျွန်တော်တို့က အရင် NCA နဲ့တော့ထိုးမှာမဟုတ်ဘူး။ ကျွန်တော်တို့ ပြန်ပြင်ဆင်မှပဲထိုးမယ်။ ဒီတစ်ခေါက် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်ကို သွားတဲ့အချိန်က One Belt, One Road ပေါ်လစီကို တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ ဆွေးနွေးဖြစ်တယ်။ ကြားထဲမှာ သူတို့ သဘောတူညီထားတာလည်းရှိရင်ရှိမယ်။ အဲ့ဒါကြောင့် တရုတ်ပြည်က ကျွန်တော်တို့ကို တိုက်တွန်းပြီးတော့ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလမ်းစဉ်ရောက်အောင် သူတို့ရဲ့အကျိုး၊ မြန်မာပြည်ရဲ့အကျိုး၊ နှစ်ဖက်အကျိုးအတွက် သူတို့က အားသွန်ခွန်စိုက်နဲ့ ပြောပြီးမှ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလမ်းစဉ်ထဲကို ပါဝင်နိုင်အောင်ပါ။

တပ်ဘက်နဲ့ ကျွန်တော်တို့ UWSA နဲ့ကအဆင်ပြေပါတယ်။ ကျွန်တော်ထင်တာကတော့ တွေ့မယ်လို့ မထင်တော့ပါဘူး၊ သိပ်မထူးဆန်းပါဘူး။ သူ့ဘက်သူ့ရပ်တည်ချက်နဲ့ ကိုယ့်ရပ်တည်ချက်ရှိမှာပါ။ ဒါညှိယူရမှာပေါ့နော်။ အားလုံးတကယ်ပဲ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ချင်တယ်။ ငြိမ်းချမ်းရေးအတွက် အားလုံးကြိုးပမ်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် တစ်ရက်ရက်တော့ ငြိမ်းချမ်းလာမှာပါလို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်" ဟု ပြောကြားသည်။

**ရှေ့ဆက်လှမ်းနိုင်ရန် ဆွေးနွေးခဲ့**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားမှုကြောင့် သွားရောက်တွေ့ဆုံခဲ့ရာတွင် ယခုရှိနေသည့် အနေအထားမှ နေ၍ ရှေ့ဆက်လှမ်းနိုင်ရန် ဆွေးနွေးခဲ့ပြီး (၂၁) ရာစုပင်လုံညီလာခံဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့်အတွက် ကြိုဆိုဧည့်ခံခြင်းဖြစ်ကြောင်း တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) အတွင်းရေးမှူး တာပန်လှက ပြောကြားသည်။

TNLAအတွင်းရေးမှူး တာပန်လှက "အကျိုးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အထူးသဖြင့် ကျွန်တော်တို့ PSLF/ TNLA နဲ့ပဲဖြစ်ဖြစ်၊ မြောက်ပိုင်းက အဖွဲ့တွေနဲ့ပဲဖြစ်ဖြစ် လအတန်ကြာပိတ်ဆို့နေတဲ့ တွေ့ဆုံဆွေးနွေးမှုက တာဝန်ရှိတဲ့သူအချင်းချင်း တွေ့ဆုံနိုင်ဖို့ အထူးသဖြင့် အစိုးရဘက်ကတွေ့ဆုံနိုင်ဖို့က လမ်းကြောင်းမဖြစ်ပေါ်ခဲ့ဘူး။ အခုဒါလမ်းကြောင်း စတင်ဖြစ်ပေါ်လာခဲ့ပြီး ဆက်သွားနိုင်ဖို့ကို ကျွန်တော်တို့ဘက်က မျှော်မှန်းပါတယ်။ နောက်ပိုင်းတွေ့ဆုံဖို့ အများကြီးဆက်လက်ဆွေးနွေးရဦးမယ်"ဟု ပြောသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-မိုင်းအနိုင်**

# လျှပ်စစ်စွမ်းအင်ထုတ်ယူမှု နည်းပညာဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Asia General Electric Co.Ltd (AGE)အဖွဲ့ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လျှပ်စစ်စွမ်းအင်ထုတ်ယူမှုဆိုင်ရာ နည်းပညာပိုင်းနှင့် ထရန်စဖော်မာထုတ်လုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မေ ၂၆**

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊မင်းဘူးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။
**(မိုး/ဇလ)**

# ရိပ်သာရပ်ကွက် ပြည်သူများအား အတင်းအကျပ်ခေါ်ယူ လက်မှတ်ထိုးခိုင်းခြင်းကိုကန့်ကွက်

**ရန်ကုန် မေ ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရိပ်သာရပ်ကွက်သည် နှစ်ပေါင်းကာလကြာရှည်စွာ နေထိုင်ခဲ့ကြသူများက ယနေ့ကျမှ ပိုင်ရှင်ဟူ၍ နည်းမျိုးစုံဖြင့် ဌာနေပြည်သူများ၏ ဘဝရပ်တည်မှုကို ပျက်ပြားအောင် ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာမရှိပါဘဲ ပွဲစားဟုထင်ရသူများ ပိုင်ရှင်ကိုယ်စားလှယ်ဟုဆိုသောသူများက သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အာဏာပိုင်များဖြင့် ကြိုတင်စီစဉ်မှုမျိုးလုပ်ကာ ယင်းတို့ ရပ်ကွက်ပြည်သူများအပေါ် မေ ၂၀ ရက်က ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် တွေ့ဆုံဆွေးနွေးခြင်းဟုဆိုကာ ၎င်းတို့အား အမှုစစ်သည့်ပုံစံမျိုးဖြင့် မေးမြန်းမှုတို့ကို ဖြေကြားခဲ့ရကြောင်း သိရသည်။

သို့ဖြစ်ရာ မေ ၂၂ ရက် ညနေ ၄ နာရီတွင် မေးမြန်းမှု၊ ဖြေကြားမှု အကြောင်းအရာပါ ခေါင်းစဉ်မပါရှိဘဲ လက်မှတ်များလာရောက်ထိုးခိုင်းပြီး မိတ္တူစာနှင့် အကြောင်းအရာ တစ်စုံတစ်ရာမပေးခဲ့ခြင်းအတွက် ယင်းကိစ္စသည် ရိုးသားမှုမရှိပါကြောင်း၊ တစ်ဖက်လှည့်အကွက်ဆင်တာမျိုး ဖြစ်နိုင်ပါကြောင်း၊ မိမိတို့မှာ တရားခံ မဟုတ်ပါကြောင်း၊ ထိုကိစ္စအားလုံးလက်မှတ်ထိုးထား ခြင်းကို ကန့်ကွက်ပါကြောင်းနှင့် နှစ်ကာလကြာရှည်စွာနေထိုင်သူတို့၏ဘဝကို သက်ညှာသင့်ပါကြောင်း ရပ်ကွက်ပြည်သူတို့ထံမှ သိရသည်။

**ရွှေတိုင်လွင်**

# လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနည်းဥပဒေများ ပညာပေးဟောပြော

**တနိုင်း မေ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှူး ဦးသန်းတင့်ကိုနှင့် ရုံးအဖွဲ့များက ဒေသခံတောင်သူများအား လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေရိုင်းဥပဒေ၊ နည်းဥပဒေ သိကောင်းစရာများကို မေ ၂၁ ရက်က ကောင်ရာကျေးရွာ အုပ်စု (RC) ဘုရားကျောင်းခန်းမ၌ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ဂွမြို့တွင် လျှပ်စစ်ဓာတ်အားပေးစက် ချွတ်ယွင်းနေသဖြင့် ပြင်ဆင်နေမှုအား ပြည်သူများသို့ အသိပေးပန်ကြား

**ဂွ မေ ၂၆**

ရခိုင်ပြည်နယ် ဂွမြို့တွင် အဓိကဓာတ်အားပေးလျက်ရှိသော 500KVA ဓာတ်အားပေးစက်မှာ ချွတ်ယွင်းမှုဖြစ်ပေါ်ခြင်းကြောင့် အကြီးစားပြင်ဆင်ရမည်ဖြစ်၍ မေ ၂၆ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးက လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား အသိပေးပြန်ကြားခဲ့သည်။ လိုအပ်သောပစ္စည်းများမှာယူမှုနှင့် ပြုပြင်ဆောင်ရွက်ချိန် ခန့်မှန်း ရက် ၂၀ ခန့်ကြာမြင့်မည်ဖြစ်ပြီး မြို့အားအဆင်ပြေစွာ ဓာတ်အားပေးနိုင်ရေးအတွက် ဌာနနှင့် မြို့မီးလင်းရေးကော်မတီညှိနှိုင်းမှုအရ ညပိုင်းတွင်သာ ဓာတ်အားပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဂွမြို့ပေါ်ရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအနေဖြင့် ဓာတ်အားပေးချိန်များတွင် အလင်းရောင်ရရှိရေးအတွက်သာ ဓာတ်အားသုံးစွဲကြပါရန် အကြံပြုအသိပေးကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲ မြန်မြန်လေးလုပ်ပေးဖို့တော့ လိုအပ်တယ် နှောင့်နှေးနေမယ်ဆိုရင် အားလုံးပါဝင်တဲ့ဆွေးနွေးမှု ဖြစ်လာမှာမဟုတ်ပါဘူး

**စိုင်းအိုက်ပေါင်း**

**တွေ့ဆုံမေးမြန်း - သိမ့်သိမ့်မိုး၊ တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မောင်မွှေး**


စိုင်းအိုက်ပေါင်း


ဗိုလ်မှူးချုပ် ဝင်းဇော်မိုး


စောမူးကိုဇော


ဦးခွန်မောင်သောင်း


Dr မူထန်


စောစေးဝါး

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ (ဒုတိယ အစည်းအဝေး)တတိယနေ့ကို နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပလျက်ရှိရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေးစသည့် သတ်မှတ်ထားသည့်ကဏ္ဍများအလိုက် သက်ဆိုင်ရာအဖွဲ့များက ဆွေးနွေးလျက်ရှိကြသည်။**

**ဆွေးနွေးပွဲအသီးသီးတွင် ပါဝင်ဆွေးနွေးကြသူများ အနေဖြင့် မတူညီသည့်အမြင်များရှိကြသလို တူညီမှုများလည်းရှိကြသည်။ မည်သို့ပင်ဖြစ်စေ တူညီသည့်ရလဒ်ကောင်းများ ထွက်ပေါ်လာရန်အတွက် အားလုံးက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲများသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်အချို့အား ယနေ့ဆွေးနွေးမှုများနှင့်ပတ်သက်ပြီး အမြင်များကို တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်-**

**စိုင်းအိုက်ပေါင်း**

**နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲ ဦးဆောင်သဘာပတိ**

ဒီနေ့နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲမှာ ပထမတုန်းကတော့ နည်းနည်းသဘောထားမတူညီမှုလေးတွေ ရှိနေတာပေ့ါ။ နောက်ပိုင်းမှာ နားလည်မှုရလာတော့ တူညီတဲ့အခြေခံမှုလေးတွေရလာတာပေ့ါ။ ဒီဆွေးနွေးမှုတွေမှာ အဖြေမထွက်သေးဘူးဆိုရင် အတွင်းရေးမှူးအဖွဲ့က UPDJC ကို တင်ပြမှာ ဖြစ်ပါတယ်။ ဒီဆွေးနွေးမှုနဲ့ ပတ်သက်လို့ကတော့ တော်တော်လေး အလားအလာကောင်းတယ်လို့ သုံးသပ်မိပါတယ်။ ဒါပေမယ့် ဘာလိုအပ်သလဲဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက ကျန်သေးတယ်။ ဝင်မလာသေးဘူး။ ကျွန်တော့်အမြင်အနေနဲ့ကတော့ အတတ်နိုင်ဆုံး စည်းရုံးခေါ်ဆောင်ပြီးတော့ ဒီနိုင်ငံရေးစားပွဲဝိုင်းမှာလာဖို့တော့လိုအပ်တယ်လို့ ပြောချင်ပါတယ်။

နောက်ပြီး လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲတွေ မလုပ်ရသေးဘူး။ အခုဒီမှာ ဆွေးနွေးတာက လူမျိုးအလိုက်ဆိုရင် ချင်း၊ ကရင်၊ ပအိုဝ်း ဒီသုံးမျိုးပြီးသွားပြီ။ လူမျိုးအလိုက် ဆွေးနွေးပွဲက မပြည့်စုံသေးဘူး။ ဥပမာအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဗမာတိုင်းရင်းသားပြီးရင် ရှမ်းက ဒုတိယ လူဦးရေအများဆုံး။ ဒါပေမယ့် ခုထက်ထိ လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲမလုပ်နိုင်သေးဘူး။ အဲဒီလိုဖြစ်နေတော့ လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲက မြန်မြန်လေးလုပ်ပေးဖို့တော့လိုအပ်တယ်။ နှောင့်နှေးနေမယ်ဆိုရင် အားလုံးပါဝင်တဲ့ ဆွေးနွေးမှုက ဖြစ်လာမှာမဟုတ်ပါဘူး။

**ဗိုလ်မှူးချုပ် ဝင်းဇော်မိုး**

**တပ်မတော်ကိုယ်စားလှယ်**

ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးကဏ္ဍမှာ ပါဝင်ဆွေးနွေးတယ်။ အဓိကကတော့ ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြောင်းလဲဖို့အဆိုပြုတယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိဖြစ်ပေါ်နေတဲ့ အစိုးရတွေက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ပြင်ဆင်ဆွေးနွေးခဲ့တာတွေက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီလို့ ဖြည့်စွက်ပါတယ်။ အဲ့ဒီဖြည့်စွက်တာတွေက ကျန်တဲ့အဖွဲ့အစည်းတွေအနေနဲ့ ဖက်ဒရယ်စနစ်မူဘောင်ဆိုတာလည်း ပါဝင်သွားမှာဖြစ်ပါတယ်။ ဒါလေးကို ကျန်တဲ့အဖွဲ့အစည်းအနေနဲ့ လက်ခံစဉ်းစားပေးနိုင်အောင် ကျွန်တော်ပါဝင်ဆွေးနွေးခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံရဲ့အနာဂတ်ကို ပိုကောင်းအောင်သွားမှာ ဖြစ်တဲ့အတွက် တက်ရောက်ဆွေးနွေးတဲ့ အစုအဖွဲ့အကုန်လုံးကတော့ သိပ်ပြီးတော့ သဘောထားကွဲလွဲမှုတွေ သိပ်မရှိတော့ပါဘူး။ အားလုံးကတော့ ညှိညှိနှိုင်းနှိုင်းနဲ့ပဲ ဆွေးနွေးနေကြပါတယ်။ အားရကျေနပ်မှုလည်း ရှိပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုနဲ့ပတ်သက်ပြီး အနာဂတ်မှာ တပ်မတော်တစ်ရပ်ပဲ ရှိရမယ်ဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီး နိုင်ငံရေးကဏ္ဍအနေနဲ့ ဆွေးနွေးတာတော့ မဟုတ်ဘူး။ ဒါက လုံခြုံရေးကဏ္ဍအနေနဲ့ဆွေးနွေးကြတယ်။ တပ်မတော်တစ်ရပ်ပဲ ရှိရမယ်ဆိုတဲ့အဆိုနဲ့ ပြောရရင် ကျွန်တော်တို့ နိုင်ငံတကာကို ပြန်ပြီးလေ့လာကြည့်ပါ။ မည်သည့်နိုင်ငံမှာမှ တပ်မတော်နှစ်ရပ်ရှိသည်ဆိုတာ မရှိပါဘူး။ တပ်မတော်ကတော့ တစ်ရပ်ပဲရှိတာပါ။

**စောမူးကိုဇော(DKBA)**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့**

ဆွေးနွေးမှုတွေကတော့ အလွန်ကောင်းပါတယ်။ ရလဒ်ကတော့အတိအကျမသိရသေးပါဘူး။ ကျွန်တော့်အနေနဲ့ ဆွေးနွေးမှုတွေကို အကောင်းဘက်ကပဲမြင်ပါတယ်။ ကဏ္ဍတစ်ခုချင်းစီအလိုက် ဆွေးနွေးကြတာဆိုတော့ အားလုံးအဆင်ပြေမယ်လို့ထင်ပါတယ်။ ဒီညီလာခံက တစ်နိုင်ငံလုံးကောင်းကျိုးရှိဖို့လုပ်တာဆိုတော့ အားလုံးအကောင်းဘက်ကိုသွားဖို့ပဲ မျှော်လင့်ပါတယ်။ ဖြစ်လာမယ်လို့လည်း ယုံကြည်ပါတယ်။

**ဦးခွန်မောင်သောင်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော့်အနေနဲ့ နိုင်ငံရေးကဏ္ဍနဲ့ပတ်သက်ပြီး ဖက်ဒရယ်မူနဲ့ပတ်သက်ပြီးတည်ဆောက်တဲ့ အခန်းကဏ္ဍတွေမှာ လိုအပ်တဲ့အခြေခံမူတွေကို အထူးသဖြင့် တိုင်းရင်းသားတွေအားလုံးရဲ့တန်းတူညီမျှမှုတို့၊ နောက်ပြီး အာဏာနဲ့ပတ်သက်ပြီး ပိုင်းခြားခွဲဝေသတ်မှတ်မှုတို့ကို အဓိကထားပြီး ဆွေးနွေးခဲ့ပါတယ်။ မနေ့ကဆွေးနွေးခဲ့တဲ့ ဆွေးနွေးချက်တွေအများကြီးထဲမှာမှ သဘောတူရာကို စုစည်းပြီးတော့ အနီးစပ်ဆုံးအဖြေရအောင် ဒီနေ့ပြန်ဆွေးနွေးကြတာဖြစ်ပါတယ်။ သို့သော်လည်း တချို့နေရာမှာတော့ သဘောထားမပြတ်တာတွေရှိပါတယ်။ သဘောထားပြတ်တဲ့အပိုင်းလည်းရှိတယ်။ သဘောထားမပြတ်တဲ့ အပိုင်းလေးတွေအကြောင်းတစ်ခုကို အချက်တစ်ချက်နှစ်ချက်တည်းရှိတဲ့ နေရာလေးတွေရှိတယ်။ အဲဒါတွေကို ဆက်လက်ပြီးတော့ သယ်ဆောင်သွားမယ့်သဘောဖြစ်ပါတယ်။

တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆွေးနွေးဖို့ကတော့အမှန်တကယ်လိုအပ်ပါတယ်။ ဒါမှလည်းပဲ တိုင်းရင်းသားအားလုံးရဲ့ဆန္ဒတွေ၊ အများရဲ့ဆန္ဒတွေပါကြမယ်။ တစ်ဖက်က ပြန်ကြည့်ရမှာက တည်ဆောက်ရမယ့် အချိန်ကာလပေ့ါ။ ဒီနိုင်ငံတော်ရဲ့အခြေအနေက ဘယ်လိုရှိနေတယ်ဆိုတာကို အားလုံးပဲ သိပြီးဖြစ်တဲ့အနေအထားဖြစ်တော့ ဒီထက်ပိုပြီးတော့ကောင်းအောင်၊ ဒီထက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဆန္ဒက အားလုံးပါဝင်နိုင်အောင်လမ်းဖွင့်ပေးပြီးသား ဖြစ်တဲ့အတွက်ကြောင့် အချိန်တိုအတွင်းမှာ အမြန်ဆုံးနိုင်ငံတော်တည်ဆောက်တဲ့ မူပုံစံလေးတွေ ပေါ်ထွက်နိုင်အောင် အများသဘောတူတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ဖို့ အရေးကြီးပါတယ်။ သင့်တင့်လျောက်ပတ်တဲ့ အချိန်ကိုရယူပြီးတော့ အမြန်ဆုံး ကျွန်တော်တို့နိုင်ငံကို တည်ဆောက်နိုင်မယ်ဆိုရင်တော့ ဖွံ့ဖြိုးတိုးတက်မှုက ပိုမြန်လာမှာဖြစ်မယ်လို့ မြင်ပါတယ်။

အပစ်အခတ်ရပ်စဲရေးနဲ့ပတ်သက်ပြီး အမြန်ဆုံးရပ်စဲစေချင်ပါတယ်။ ငြိမ်းချမ်းရေးကို အမြန်ဆုံးလိုချင်ပါတယ်။ ငြိမ်းချမ်းရေးရပြီးတာနဲ့ တိုင်းပြည်ရဲ့တည်ဆောက်ရေးကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်မှာ ဖြစ်တဲ့အတွက် ကျရာအခန်းကဏ္ဍကနေ အားလုံးဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီဆောင်ရွက်ပေးဖို့၊ စိတ်ပါလက်ပါ ဆွေးနွေးပေးကြဖို့ တောင်းဆိုချင်ပါတယ်။

**ဒေါက်တာမူထန်**

**လေ့လာသူ**

ဒီနေ့နိုင်ငံရေးဆွေးနွေးမှုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးချက်တွေကကောင်းပါတယ်။ တိုင်းရင်းသားတွေဘက်ကလည်းပဲ သူတို့လိုချင်တာကိုပြောကြတယ်။ ရရှိထားတဲ့ အချက်အလက်နဲ့ အခြေအနေတွေကို စုစည်းမယ်။ ညှိကြတာပေ့ါ။ တကယ့်ပြတ်သားတဲ့အဖြေကတော့ မရသေးပါဘူး။ ထပ်ပြီးဆွေးနွေးရဦးမှာဖြစ်ပါတယ်။

ဆွေးနွေးမှုတွေကိုတော့ အားရပါတယ်။ ကျေကျေလည်လည်ဆွေးနွေးမှပဲ မြန်မာစကားပုံလို အစကောင်းမှ အနှောင်းသေချာဆိုသလိုမျိုး အခုကတည်းက ကျေကျေလည်လည် ဆွေးနွေးရင်တော့ နောက်ကျရင်အဖြေထွက်လာမှာဖြစ်ပါတယ်။

**ဦးစောစေးဝါး**

**ကရင်ပြည်သူ့ပါတီ (အထွေထွေအတွင်းရေးမှူး)**

ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံရေးကဏ္ဍမှာ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနဲ့ပတ်သက်တဲ့ တိုင်းနဲ့ပြည်နယ်ကိစ္စကို ဆွေးနွေးခဲ့ပါတယ်။ အဲဒါကို ဒီအတိုင်းပဲ ဆက်ထားမလား၊ တချို့အဖွဲ့အစည်းတွေ တင်ပြတဲ့အချက်တွေကို ဆွေးနွေးပါတယ်။ ဒီဆွေးနွေးမှုကတော့ကောင်းပါတယ်။ ခံယူချက်မျိုးစုံနဲ့ ပြောကြတဲ့နေရာမှာ တစ်ဦးရဲ့သဘောထားကို တစ်ဦးက သိလာတယ်။ အကျိုးလည်းရှိပါတယ်။ ပိုပြီးလည်း တိုင်းရင်းသားအချင်းချင်း ရင်းနှီးမှုရှိလာပါတယ်။

ဒီနေ့တော့ မနေ့ကအသီးသီးတင်ပြဆွေးနွေးမှုတွေကို ဆက်ပြီးတင်ပြနိုင်ဖို့အတွက် ကြိုးစားကြတယ်။ ကြိုးစားလို့ရတာရှိသလို၊ မရတာလည်းရှိတယ်။ ဘာပဲဖြစ်ဖြစ် အခြေအနေကကောင်းမွန်နေပါပြီ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနဲ့စာရင်တော့ ပိုပြီးတော့ ဖက်ဒရယ်နဲ့နီးစပ်တဲ့အခြေအနေကိုတော့တက်လှမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်ကျိန်ငိုက်မန်**

**လွှတ်တော်ကိုယ်စားလှယ်**

ကျွန်မအနေနဲ့ စီးပွားရေးကဏ္ဍကနေ ဆွေးနွေးခဲ့တယ်။ UPDJC က ချပေးထားတဲ့ သတ်မှတ်မူဘောင်ကနေပြီး ဆွေးနွေးရတယ်။ ကျွန်မတို့အမြင်ကိုပြောရရင် တိုင်းရင်းသားတွေရဲ့ရင်ထဲက သူတို့ဒေသနဲ့ကိုက်ညီတဲ့ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ နောက်ပြီး တိုင်းရင်းသားတွေ လုပ်ပိုင်ခွင့်ရဖို့ ဖက်ဒရယ်တွေရဲ့မူအရ ဆောင်ရွက်လို့ရတဲ့ ကဏ္ဍလေးတွေကို ဆွေးနွေးကြပါတယ်။ ပါဝင်ဆွေးနွေးမှုတွေကို ကြည့်ရတော့ တော်တော်အခြေအနေကောင်းပါတယ်။ တစ်ဖက်နဲ့တစ်ဖက် နားလည်မှုတွေလိုမယ်လို့ထင်တယ်။ ချမှတ်ထားတဲ့မူအရတော့ ဒီနေရာမှာ အများကြီးဆွေးနွေးကြဖို့လိုမယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို ကြည့်လိုက်ရင် စီးပွားရေးကဏ္ဍက အခြေခံကအစ လိုအပ်ချက်တွေ အများကြီးတွေ့တယ်။ အဲ့ဒီမှာ ဖက်ဒရယ်စနစ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခွဲခြားမှုမရှိရဘူး။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသတွေရော အားလုံးပူးပေါင်းဆောင်ရွက်ရမယ်။ နောက်အစိုးရကနေ ပံ့ပိုးပြီးလုပ်ဆောင်ပေးရမယ့်အရာတွေပါ ပါတဲ့အတွက်ကြောင့် အခွင့်အရေးတွေ အများကြီးရမယ်လို့ မျှော်လင့်ပါတယ်။

ဒီညီလာခံမှာ ဒေသတစ်ခုကို ကိုယ်စားပြုပြီး ဆွေးနွေးလို့မရဘူး။ မြန်မာတစ်နိုင်ငံလုံးက တိုင်းရင်းသားတွေအားလုံးကိုခြုံငုံပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဥပဒေတွေရေးဆွဲမယ်။ နောက်ပြီး ရေတိုရေရှည်စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ အဲ့ဒီလိုမျိုးတွေပါတဲ့အတွက် အလားအလာတွေ အများကြီးကောင်းပါတယ်။ စီးပွားရေးအဆင်ပြေမှုတွေရှိတယ်ဆိုတာ လုပ်ယူရမှာဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကြီး အစပြုနေတဲ့အတွက်ကြောင့်မို့ ခေတ်အနာဂတ်ကလည်း ဒီထက်ပိုပြီးကောင်းလာမှာပါ။

ကျွန်မတို့ အမျိုးသမီးတွေဟာ ဒီနေ့ဒီအချိန်မှာဆို နေရာကဏ္ဍတော်တော်များများမှာ ပါဝင်နေကြပါပြီ။ လွှတ်တော်ထဲတွေမှာ အခုဆို ငြိမ်းချမ်းရေးညီလာခံမှာရောဆိုတော့ လူမှုရေးအရကြည့်ရင် အားကျေကျေနပ်ဖို့ ကောင်းပါတယ်။ ဒီနေရာက အမျိုးသား၊ အမျိုးသမီးတွေ ခွဲခြားလို့မရဘူး။ တိုင်းရင်းသားတွေရဲ့အရေးအတွက် တိုင်းရင်းသားတွေ အားလုံးက ပူးပေါင်းပြီးတော့ လုပ်ဆောင်သွားဖို့ လိုအပ်တယ်လို့ ကျွန်မမြင်တယ်။

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)တတိယနေ့ ကျင်းပ

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တတိယနေ့ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍ ဆွေးနွေးပွဲများကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်ကျင်းပသည်။**



လုံခြုံရေးကဏ္ဍ ဆွေးနွေးပွဲကျင်းပစဉ်

### နိုင်ငံရေးကဏ္ဍ

နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် စိုင်းအိုက်ပေါင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးကျော်တင့်ဆွေနှင့် ပဒိုစောကွယ်ထူးဝင်းတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ စိုင်းအိုက်ပေါင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### စီးပွားရေးကဏ္ဍ

အလားတူ စီးပွားရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဦးတင်ထွဋ်ဦးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စောကိုကြီးကျော်နှင့် ဦးသာထွန်းလုတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးတင်ထွဋ်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူးအဖွဲ့က မူဝါဒအဆိုပြုလွှာများကို တစ်ချက်ချင်း ရှင်းလင်းကြပြီး အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက မူဝါဒအဆိုပြုလွှာများအပေါ် အချက်တစ်ချက်ချင်းအလိုက် အလှည့်ကျ ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

### လူမှုရေးကဏ္ဍ

ထို့အတူ လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဦးသိန်းဆွေက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာနော်ကပေါ်ထူးနှင့် ဦးအာဒဲ့လယ်တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိဦးသိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးစုစည်းချက်များအားတင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့အတူ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဒေါက်တာဝါဝါမောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်လှခိုင်နှင့် ပဒိုစောဘာဒီဖိုးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဒေါက်တာဝါဝါမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီးဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### လုံခြုံရေးကဏ္ဍ

အလားတူ လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဦးညွန့်မောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဖြားတန်ခွန်ဥက္ကာနှင့် ဗိုလ်မှူးချုပ် ဝင်းမိုးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးညွန့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက စုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### အစုအဖွဲ့ဆွေးနွေးပွဲ

မွန်းလွဲပိုင်းတွင် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့များ၏ ဆွေးနွေးပွဲများကို (MICC-II) သတ်မှတ်နေရာ အသီးသီး၌လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ဆွေးနွေးပွဲကို Horizon Lake View ဟိုတယ်၌ လည်းကောင်း စတင်ကျင်းပသည်။

အစုအဖွဲ့ ဆွေးနွေးပွဲများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေးကဏ္ဍအလိုက် ဆွေးနွေးခဲ့သော မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ ထွက်ရှိချက်များကို သက်ဆိုင်ရာအစုအဖွဲ့အလိုက် သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

### အစည်းအဝေးများကို ကျင်းပမည်

မေ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့အစည်းအဝေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးပူးတွဲကော်မတီ (UPDJC) အစည်းအဝေးများကို ကျင်းပမည်ဖြစ်ကြောင်းနှင့် မွန်းလွဲပိုင်းတွင် (UPDJC) ၏ ဆုံးဖြတ်ချက်များအား သက်ဆိုင်ရာအစုအဖွဲ့တွင် ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လုံခြုံရေးနှင့် နိုင်ငံရေးအပါအဝင် ကဏ္ဍငါးခုတွင် တစ်သမတ်တည်းဖြစ်စေရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သီးခြားဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)သို့ အတည်ပြုရန်တင်သွင်းမည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍငါးခုနှင့်စပ်လျဉ်း၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှ ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) က Horizon Lake View ဟိုတယ်၌ ယနေ့ မွန်းလွဲပိုင်းတွင် သီးခြားဆွေးနွေးခဲ့သည်။

အဆိုပါ သီးခြားဆွေးနွေးမှုသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)တွင် ဆက်လက်ဆွေးနွေးရာ၌ တစ်စုတစ်စည်းတည်းဖြစ်ရန်ရည်ရွယ်သည်ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်မြင့်ထွန်းက ပြောသည်။



**NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) သီးခြားဆွေးနွေးစဉ်**

"အခုက ကဏ္ဍငါးခုအတွက် ပြန်ဆွေးနွေးတာ။ မနက်ဖြန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှာ ပြန်ဆွေးနွေးမယ်။ ကဏ္ဍအလိုက်ဆွေးနွေးပြီးပြီမို့ အစုအဖွဲ့လိုက်ပြန်ဆွေးနွေးတာပါ။ UPDJC အစည်းအဝေးကြရင် ကျွန်တော်တို့ရဲ့ သဘောထားကို တစ်စုတစ်စည်းတည်း ပြန်ပြောနိုင်အောင်ပါ"ဟု ပြောသည်။

### ကဏ္ဍနှစ်ရပ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့ တင်သွင်းအတည်ပြုမည့် ကဏ္ဍငါးရပ်အနက် နိုင်ငံရေးကဏ္ဍနှင့် လုံခြုံရေးကဏ္ဍတို့သည် ဆွေးနွေးမှုပြင်းထန်သော ကဏ္ဍနှစ်ရပ်ဖြစ်သည်။

"နိုင်ငံရေးကဏ္ဍမှာလောလောဆယ်တော့ စကားလုံးအထားအသို ဆွေးနွေးနေပါတယ်။ ပြည်ထောင်စုရဲ့ ယူနစ်တွေကို ဘယ်လိုခေါ်ဝေါ်မယ်ဆိုတာ ဆွေးနွေးနေဆဲပါ။ ဖက်ဒရယ်ပြည်ထောင်စုကိစ္စကတော့ ဆွေးနွေးလို့မပြတ်သေးလို့ ပါ" ဟု ခွန်မြင့်ထွန်းက ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့ တင်သွင်းအတည်ပြုမည့် နိုင်ငံရေးကဏ္ဍတွင် အချုပ်အခြာအာဏာ၊ အချုပ်အခြာအာဏာကျင့်သုံးမှု တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)၊ ပါတီစုံဒီမိုကရေစီစနစ်ခေါင်းစဉ်ခွဲခြောက်ခုနှင့် အချက်ပေါင်း ၂၁ ချက်ပါရှိသည်။

"လုံခြုံရေးကဏ္ဍက အဖြေထွက်တာ မထွက်တာထက် အခုလိုလက်ခံဆွေးနွေးနေတာကောင်းပါတယ်။ အချိန်နည်းနည်း ယူရမယ်။ ဒါပေမယ့် အဖြေထွက်အောင် ဆွေးနွေးရပါမယ်"ဟုပြောသည်။

### စာတမ်းတင်သွင်းထား

လုံခြုံရေးကဏ္ဍတွင် "တစ်ခုတည်းသော တပ်မတော်ထားရှိရေး မူဝါဒ"ကို ဆွေးနွေးလျက်ရှိပြီး နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ စာတမ်းတစ်စောင်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက စာတမ်းတစ်စောင်၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ စာတမ်းတစ်စောင် တင်သွင်းထားသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှာ KNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU၊KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)၊ DKBA (ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်)၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO (ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တပ်ဦး)၊ RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)တို့ ဖြစ်ကြသည်။

### သီးခြားစီ ဆွေးနွေးခဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့ တင်သွင်းအတည်ပြုမည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍငါးခုမှ အချက် ၄၁ ချက်ကိုအစိုးရနှင့်လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့တို့က ညီလာခံတတိယနေ့တွင် အစုအဖွဲ့အလိုက် သီးခြားစီ ဆွေးနွေးခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ကျော်ဇေယျ**

# ချေးငွေစာချုပ်ချုပ်ဆိုထားသော်လည်း အကောင်အထည်ဖော်မှုမရှိသေးသည့်စီမံကိန်းများ အလျင်အမြန်ဆောင်ရွက်ရန်လို

**နေပြည်တော်  မေ ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်မှာ အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ရေတိုရေရှည် ငွေပေးချေရန်တာဝန်များကို ဆုံးရှုံးနိုင်ခြေနှင့်အတူ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ရန်နှင့် အစိုးရငွေချေး သက်သေခံ လက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ပေးရန် ဖြစ်ပါကြောင်း၊

### ပြည်ပကြွေးမြီ၊ ပြည်တွင်းကြွေးမြီ

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုတွင် အစိုးရကြွေးမြီများအတွက် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းနှင့် အစိုးရကြွေးမြီ တစ်ရပ်လုံးအတွက် စာရင်းမှတ်တမ်းများ ကောင်းမွန်စွာ ထိန်းသိမ်းထားရှိခြင်းတို့ ပါဝင်ပါကြောင်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် ပြည်ပကြွေးမြီ၊ ပြည်တွင်းကြွေးမြီ၊ အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်းဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားတင်ပြထားပါကြောင်း၊

ပြည်ပကြွေးမြီ လက်ကျန်အခြေအနေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးယူငွေသည် အများဆုံးဖြစ်ပြီး ဒုတိယမှာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ချေးငွေဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ပြည်ပကြွေးမြီ လက်ကျန်အခြေအနေအရ ယခင် စွမ်းအင်ဝန်ကြီးဌာနမှ အများဆုံးဖြစ်ပြီး ယခင်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယအများဆုံးဖြစ်ပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ရယူထားသည့် ချေးငွေများမှာ လုပ်ငန်း၊ စီမံကိန်းများအတွက် ရယူထားခြင်းဖြစ်ကာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ချေးငွေများအနက် ဝန်ကြီးဌာန၏ စီမံကိန်းအတွက် သုံးစွဲခြင်းမှာ အနည်းငယ်သာဖြစ်ပြီး အဓိကချေးငွေများမှာ နိုင်ငံတော်၏ကိုယ်စား ဝန်ကြီးဌာနက တာဝန်ယူပေးဆပ်ရသည့် ကိစ္စရပ်များအတွက် ဖြစ်ပါကြောင်း၊

၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်တွင်းကြွေးမြီ လက်ကျန်အခြေအနေမှာ အစိုးရငွေတိုက်စာချုပ် ငွေကျပ် ၂၆၁၄ ဒသမ ၈ ဘီလီယံ၊ အစိုးရငွေတိုက်လက်မှတ် ငွေကျပ် ၁၃၁၀၉ ဒသမ ၆ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၅၇၂၄ ဒသမ ၄ ဘီလီယံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစိုးရငွေတိုက်လက်မှတ်များရောင်းချ၍ ချေးငွေယူခြင်းအတွက် တင်ရှိသောကြွေးမြီမှာ ငွေကျပ် ၁၂၄၄၄ ဒသမ ၈ ဘီလီယံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းကို လျှော့ချနိုင်ရန် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် အစိုးရငွေတိုက် လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို စတင်ခဲ့ပါကြောင်း၊ ကြွေးမြီမှတ်တမ်းများအား နိုင်ငံတကာအဆင့်မီ ထားရှိနိုင်ရန်အတွက် စာရွက်စာတမ်းစနစ်မှ စာရွက်စာတမ်းမဲ့စနစ် (Scripless) သို့ ပြောင်းလဲနိုင်ရန်ကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား အသားတင်ဖြည့်ဆည်းမှုမှာ အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း ငွေကျပ် ၅၅၆ ဒသမ ၉ ဘီလီယံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချခြင်း ငွေကျပ် ၂၉၆၅ ဒသမ ၉ ဘီလီယံတို့ ဖြစ်ပါကြောင်း၊ အစိုးရငွေတိုက်စာချုပ်များကို Scripless စနစ်စတင်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အရောင်းခေတ္တရပ်ဆိုင်းခဲ့သဖြင့် ရောင်းချခြင်းထက် ရွေးနုတ်ခြင်းက ပိုများခဲ့ပါကြောင်း၊ ထို့ကြောင့် အသားတင်ဖြည့်ဆည်းမှုတွင် အနုတ်လက္ခဏာရရှိခြင်းဖြစ်ပြီး ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အသားတင်ဖြည့်ဆည်းမှုပမာဏမှာ ငွေကျပ် ၃၂၃၇ ဘီလီယံ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၅/၂၀၁၇)ကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းက ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်တွင်း၊ ပြည်ပ ချေးငွေနှစ်ရပ်ပေါင်း ငွေကျပ် ၅၇၆၈ ဒသမ ၂ ဘီလီယံ ချေးယူခဲ့ရာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ပြဋ္ဌာန်းချက်အရ ချေးယူခွင့်ပြုထားသည်ထက် ငွေကျပ် ၁၈၆၈ ဒသမ ၂ ဘီလီယံ ပိုမိုချေးယူခဲ့ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ငွေချေးယူမှုများတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအလိုက် တိကျစွာ လိုက်နာဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်တွင် ကြွေးမြီဝန်ထုပ်ဝန်ပိုး ကြီးမားမှုမဖြစ်ပေါ်ရန် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိရန် ထိန်းသိမ်းဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ ကြွေးမြီနှစ်ရပ်စလုံးကို ထည့်သွင်းတွက်ချက်သည့် ဆန်းစစ်ချက်ကို အခြေခံသော Analytical Method အရ တွက်ချက်ရရှိသည့် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ၅ ရာခိုင်နှုန်းသာ ဖြစ်သင့်ပါကြောင်း၊

### ချေးငွေစာချုပ်ချုပ်ဆိုမှု

ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းချေးယူမှု အထူးသဖြင့် အစိုးရငွေတိုက်လက်မှတ်များကို ဗဟိုဘဏ်သို့ ရောင်းချခြင်းဖြင့် ချေးယူမှုကို လျှော့ချဆောင်ရွက်သွားသင့်ပါကြောင်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအား ပိုမိုပြည့်စုံစေရန် သတင်းအချက်အလက် ကိန်းဂဏန်းများအား နှိုင်းယှဉ်ပြဇယားများ၊ ပုံပြဂရပ်များဖြင့် ရှင်းလင်းဖော်ပြသင့်သည့်အပြင် အစီရင်ခံစာ တစ်ခုလုံး၏ အနှစ်ချုပ်တင်ပြချက်အား ဖော်ပြသင့်ပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု ပြုလုပ်ထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်မှုမရှိသေးသည့် စီမံကိန်းများအား တွေ့ရှိရသဖြင့် ထိထိရောက်ရောက် အလျင်အမြန် ဆောင်ရွက်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ**အပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၅/၂၀၁၇)နှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြသည်။

### ထပ်မံလေ့လာစိစစ်

အစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် မြန်မာနိုင်ငံက အတည်ပြုဝင်ရောက်ထားသည့် United Nations Convention on the Law of the Sea (UNCLOS)ပါ ကြေညာချက်များနှင့် ညီညွတ်ဆီလျော်မှုရှိရန်၊ ဥပဒေအရေးအသားများ ပိုမိုထိရောက်လွှမ်းခြုံနိုင်ရန်နှင့် မြန်မာစာအရေးအသား အသုံးအနှုန်းမှန်ကန်မှုရှိရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးလေးကြိမ်ကျင်းပခဲ့ပြီး ထပ်မံလေ့လာစိစစ်ရာ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အတည်ပြုချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ အရ ဖြည့်စွက်အကြံပြုချက်များကို စုစည်း၍ လွှတ်တော်သို့ ထပ်မံအစီရင်ခံ တင်ပြခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့ဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် နျူကလီးယား သိပ္ပံနှင့်နည်းပညာသုတေသန၊ ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (၁၉၇၈ RCA) အစားထိုး (၂၀၁၇ RCA) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်နှင့် မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်တို့က ထောက်ခံဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦးက မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဒေသတွင်းနိုင်ငံများက ဖွဲ့စည်းထားသည့် အဖွဲ့များတွင် အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ အခြားသော နိုင်ငံများနည်းတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ ဝင်ရောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းသဘောတူစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အပြုသဘောဆောင် ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်မှုများကို ကမ္ဘာက လက်ခံအသိအမှတ်ပြုခြင်းခံရပြီဖြစ်ပါကြောင်း၊ ၂၀၁၇ RCA တွင် အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် အောင်မြင်မှုနှင့် အခြားအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခွင့်ပြုရန် တင်ပြရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### အကြံပြုဆွေးနွေး

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ (၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဧပြီလအထိ) နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာသန်းဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးဝေစိန်အောင်၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ကျောက်တော် မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်တို့က အကြံပြုဆွေးနွေးကြသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အချိန်ယူပြန်လည် ရှင်းလင်းခွင့်ပြုပါရန်တင်ပြရာ လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇွန် ၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ အေးအေးသန့်**




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့်စကားရပ်ကို "ခရိုင်ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့အသီးသီး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှုအခွင့်အရေးများ ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် တို့ကိုဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေ စိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာ စေရန်၊"

(ခ) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိစေရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။"

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန " ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်း သော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး၊" အဖွဲ့ဝင်

(ဂ) ပုဒ်မခွဲ (ဈ)၏နောက်တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) ပုဒ်မခွဲ (ဈ)ပါအဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူတစ်ဦး။" အတွင်းရေးမှူး

၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊"

၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့က သဘောတူညီသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါဆောင်ရွက် ခဲ့သည့် ရှေ့နေလေးဦး၊" အဖွဲ့ဝင်

(ခ) ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပုဒ်မခွဲ (ဆ) ပါအဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ တစ်ဦး။" အတွင်းရေးမှူး

၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အဆင့်ဆင့် သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေး ဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (စ) တွင်ပါရှိသော "ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့များ" ဆိုသည့်စကားရပ်ကို "ပြည်နယ် အတွင်းရှိအဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့များ " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်ပါက ယင်းတို့၏ ဒေသဦးစီးအဖွဲ့ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက် ရမည်။"

၁၀။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

၁၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေတွင်-

(က) ပုဒ်မ ၁၂ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -"

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က သဘော တူညီသော အနည်းဆုံး ၃ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။" အတွင်းရေးမှူး

၁၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊"

၁၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်" ဆိုသည့် စကားရပ်ကို " ကောင်စစ်ဝန်ရုံး သို့မဟုတ် သံရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်း ကြားခြင်းပြုရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော " ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများထဲမှ "ဆိုသည့် စကားရပ် ကို "ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအနက် " ဆိုသည့်စကားရပ် ဖြင့် အစားထိုးရမည်။

၁၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော " ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအနေဖြင့်" ဆိုသည့် စကားရပ် ကို "ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို "ဆိုသည့် စကားရပ်ဖြင့် အစား ထိုးရမည်။

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၉ တွင် ပါရှိသော "မဆောင်ရွက်ခြင်းများ ပေါ်ပေါက်လျှင် " ဆိုသည့်စကားရပ်ကို "ဆောင်ရွက်ခြင်း မပြုကြောင်း ပေါ်ပေါက်လျှင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၀။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ပြည်ထောင်စု တရားသူကြီးချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင် သည်။"

၁၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၇။ ဤဥပဒေသည် မိမိတို့အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးရေး လုပ်ငန်းလုပ်ဆောင်နေသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက် ချက်များအပေါ် အဟန့်အတား မဖြစ်စေရ။"

၁၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "စည်းမျဉ်းများနှင့်စည်းကမ်းများ" ဆိုသည့်စကားရပ်ကို "စည်းမျဉ်းနှင့် စည်းကမ်းများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*စာမျက်နှာ ၆ မှ*

**ဦးဂျေယောဝူ**
**လွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော့်အနေနဲ့ လုံခြုံရေးကဏ္ဍမှာ တက်ရောက် ပါဝင်ဆွေးနွေးခဲ့တယ်။ ဒီနေ့လုံခြုံရေးကဏ္ဍမှာဆိုရင် နောက်အနာဂတ်မှာ တစ်ခုတည်းသော တပ်မတော် ထားရှိရေးအတွက် အဓိကဆွေးနွေးသွားကြတယ်။ ဒါနဲ့ပတ်သက်ပြီး ယေဘုယျ အားဖြင့်တော့ အမြင်တွေတူညီတာ တွေ့ရတယ်။ အားလုံးလည်း သဘောတူညီကြ တယ်။ သို့သော် မူဝါဒတွေ မှာ နည်းနည်းစိုးရိမ်ကြတာရှိပါတယ်။ တပ်မတော်ဘက်က လည်း တပ်မတော်အနေနဲ့ စိုးရိမ်ကြတာရှိကြသလို လက်နက်ကိုင်အဖွဲ့တွေအနေ နဲ့ စိုးရိမ်ကြတာတွေလည်း ရှိကြပါတယ်။ နိုင်ငံရေးပါတီကလည်း ဒီလိုပါပဲ။ ကိုယ်စီ ကိုယ်စီတော့ သံသယလေးတွေ၊ စိုးရိမ်ပူပန်မှုလေးတွေတော့ ရှိကြပါတယ်။

အနာဂတ်တပ်မတော်တစ်ခုတည်း ထားရှိဖို့အတွက် အမည်နာမကတော့ ကွဲပြားနေတာတွေ့ရတယ်။ အများစုကတော့ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် ဆိုပြီး ထားချင်တာလည်းရှိတယ်။ ပြည်ထောင်စုတပ်မတော်ထားရမယ်လို့ ပြောတဲ့သူတွေလည်းရှိတယ်။ သို့သော် တပ်မတော်ကတော့ တပ်မတော်လို့ပဲ ထားဖို့ဆိုပြီး အမြင်လေးတွေ ကွဲပြားနေတာကို တွေ့ရပါတယ်။



ကျိန်ငိုက်မန်



ဦးဂျေယောဝူ

တစ်ခုတည်းသော တပ်မတော်ထားကြမယ်။ ဒါပေမယ့် နောင်အနာဂတ်မှာ ဖက်ဒရယ်ဒီမိုကရေစီဝိသေသနဲ့ ပြည့်စုံတဲ့တပ်မတော်ထားရှိဖို့အတွက် ဆက်လက် ဆွေးနွေးဖို့ ရှိနေပါသေးတယ်။ အဲ့ဒါတွေကတော့ မူဝါဒတွေပေ့ါ။ တစ်ခုတည်း သော တပ်မတော်မှာ ဌာနေဒေသတိုင်းရင်းသားတွေအနေနဲ့ သူ့ဒေသနဲ့သူ အချိုးကျပါဝင်ရေးကိုလည်း အလွတ်သဘောအရ ဆွေးနွေးကြတယ်။ အစိုးရ ဘက်က ဘာပြောလာသလဲဆိုတော့ ပြည်တွင်းစစ်မဟာဗျူဟာကိုပဲ အားပေးစေ ချင်တယ်လို့ပြောတော့ လက်နက်ကိုင်တွေက ဒါကို သဘောမတူချင်တဲ့ အခြေ အနေသက်ရောက်နေတာ တွေ့ရတယ်။

နောက်ဆုံးပြောချင်တာက တစ်ခါတည်းနဲ့ အားလုံးကို မျှော်လင့်လို့တော့ ဘယ်ရပ့ါမလဲ။ ပင်လုံညီလာခံတုန်းကလည်း အားလုံးမပါဝင်ခဲ့ပါဘူး။ ပါဝင်တဲ့ သူတွေမှာ ကန့်ကွက်တဲ့သူလည်း ရှိကြသေးတာပဲ။ အခုလည်း ဒီလိုပါပဲ။ အားလုံး ပြီးပြည့်စုံအောင်တော့ ပါဝင်လာမှာမဟုတ်ဘူး။ ဒါပေမယ့် အားလုံးပါဝင်နိုင်ရင် တော့ ပိုကောင်းတာပေ့ါ။ လုံခြုံရေးကဏ္ဍမှာတော့ အဓိကက တပ်မတော်နဲ့ လက်နက်ကိုင်တွေပါ။ အဲ့ဒီနှစ်ခုသာ အဆင်ပြေသွားမယ်ဆိုရင် အားလုံးပြေလည် သွားတယ်လို့ ပြောရမှာပေ့ါ။

---

**တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ**

**နေပြည်တော် မေ ၂၆** - စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ (မိုး/ဇလ)

# ဂျီဆဲဗင်းထိပ်သီးစည်းဝေးပွဲမစတင်မီ ထရန့်နှင့်အာဘေး အီတလီ၌ တွေ့ဆုံဆွေးနွေး

**ရောမ မေ ၂၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် စက်မှုထိပ်သီးခုနစ်နိုင်ငံ ထိပ်သီးစည်းဝေးပွဲမတိုင်မီ အီတလီနိုင်ငံ၌ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦး၏ ယင်းတွေ့ဆုံမှုကို ထိပ်သီးစည်းဝေးပွဲကျင်းပမည့်နေရာ အနီးရှိ ဟိုတယ်တစ်ခုတွင် သောကြာနေ့က စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရေးနှင့် ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများကို အာခံလျက် တိုက်ချင်းပစ်ဒုံးကျည်အမြောက်အမြားကို စမ်းသပ်ပစ်လွှတ်မှုပြုလုပ်နေသည့် မြောက်ကိုရီးယားအရေးကိစ္စတို့ကို ရည်ညွှန်းသည့် မက်ဆေ့ချ်ကို စက်မှုထိပ်သီးအဖွဲ့ဝင်နိုင်ငံများသို့ အပူတပြင်းပေးပို့ရန် ရည်သန်လျက်ရှိသည်။

ထရန့်နှင့်အတူ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် အာဘေးသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ထုတ်လုပ်မှုအစီအစဉ်များ အမြန်ဆုံးရပ်တန့်သွားစေရန်အတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂက အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် တိုက်တွန်းနေမှုကိုအကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံများအားလုံးကိုအလေးအနက်ပြောဆိုနိုင်မည်ဟု မျှော်လင့်ထားသည်။ အာဘေးသည် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး မူဝါဒများအတွက် ထရန့်၏ကူညီထောက်ပံ့မှု ကို တုံ့ပြန်သည့်အနေဖြင့် လွတ်လပ်မျှတသည့် ကုန်သွယ်ရေး၏အရေးပါမှုကို အလေးအနက် ပြောဆိုသွားမည်ဟု မျှော်လင့်ရကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**




# ကျည်ဆန်ရထားပေါ်တွင် မဂ္ဂဇင်းတစ်စောင်ကို မီးရှို့ဖျက်ဆီးခဲ့သည့် အဘိုးအိုအား ရဲတပ်ဖွဲ့ထိန်းသိမ်း

**တိုကျို မေ ၂၆**

မေ ၂၆ ရက်က ဂျပန်နိုင်ငံ အနောက်ပိုင်း အိုကာရာမမြို့ရှိ ကျည်ဆန်ရထား တစ်စင်းပေါ်တွင် မဂ္ဂဇင်းတစ်စောင်အား မီးရှို့ခဲ့သည့် ဂျပန်အဘိုးအိုတစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုတွင် ဖော်ပြသည်။




အသက် ၇၀ ကျော်ရှိပြီဖြစ်သော အဘိုးအိုသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ၎င်းလိုက်ပါ စီးနင်းလာသော မီဇူဟို ၆၁၅ ကျည်ဆန်ရထားပေါ်ရှိ မဂ္ဂဇင်းတစ်စောင်အား မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်နေသော မဂ္ဂဇင်းအား အခြားခရီးသည်များက ဝိုင်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မဂ္ဂဇင်းမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။

ခရီးသည်များအား စိုးရိမ်ထိတ်လန့်မှုမရှိစေရန် အိုကာရာမဘူတာရုံအရောက်တွင် အခြားရထားတစ်စင်းပေါ်သို့ ပြောင်းရွှေ့ပေးခဲ့သည်။ **(ဆင်ဟွာ)**

# ဘရာဇီးနိုင်ငံ မြောက်ပိုင်း အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားများ ထောင်ဖောက်ထွက်ပြေး

**ရီယိုဒီဂျနေရိုး မေ ၂၆**

ဘရာဇီးနိုင်ငံမြောက်ပိုင်း ရီယိုဂရန်ဒီ ဒီနော်တီရှိ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၈၉ ဦး ထက်မနည်း လွတ်မြောက်သွားခဲ့ကြောင်း တာဝန်ရှိသူများက မကြာသေးမီက ပြောခဲ့သည်။

အကျဉ်းသားများသည် မီတာ ၃၀ အရှည်ရှိသော လိုဏ်ခေါင်းမှတစ်ဆင့် အကျဉ်းထောင်ဝင်းအတွင်းမှ ထောင်နံရံများကို ဖြတ်ကျော်၍ ထွက်ပြေးလွတ်မြောက်သွားခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ထွက်ပြေးလွတ်မြောက်မှုသည် ရီယိုဂရန်ဒီ ဒီနော်တီပြည်နယ် သမိုင်းတွင် အကြီးမားဆုံး အကျဉ်းထောင်ဖောက်ပြေးမှု တစ်ခုဖြစ်ပြီး အကျဉ်းသား ကိုးဦးကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ယခုချိန်ထိ ထောင်ဖောက်ထွက်ပြေးမှုသည် ၂၀၁၇ ခုနှစ်တွင် ဒုတိယအကြိမ် ထွက်ပြေးမှုဖြစ်သည်။ လွန်ခဲ့သော ဇန်နဝါရီ ၁၄ရက် ကလည်း အကျဉ်းသား ၁၄ ဦး အဆိုပါနည်းဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဂရိဝန်ကြီးချုပ်ဟောင်း စာအိတ်ဗုံးဖြင့် လုပ်ကြံခံရ

**အေသင် မေ ၂၆**

ဂရိဝန်ကြီးချုပ်ဟောင်း လေ့ကက်စ် ပါပါဒီးမိုစ်လိုက်ပါလာသော ကားအတွင်း စာအိတ်ဗုံး တစ်လုံးပေါက်ကွဲခဲ့ရာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ဂရိအမျိုးသားသတင်းဖော်ပြချက်အရ သိရသည်။

ဂရိနိုင်ငံ အေသင်မြို့လယ်ကောင်တွင် ယမန်နေ့က ဂရိဝန်ကြီးချုပ်ဟောင်း လိုက်ပါလာသောကားအတွင်း ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။




စာအိတ်ဗုံးပေါက်ကွဲမှုကြောင့် ဂရိဝန်ကြီးချုပ်ဟောင်းနှင့်အတူ ဒဏ်ရာအနည်းငယ်ရရှိခဲ့သော ယာဉ်မောင်းတို့အား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ပိုလီတက်ခနစ် တက္ကသိုလ်အနီး ကားမောင်းသွားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သော်လည်း မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း မသိရသေးပေ။

လွန်ခဲ့သောနှစ်များက လျှို့ဝှက်မီးအဖွဲ့ဟု အမည်ရသောအုပ်စုက အလားတူ စာအိတ်ဗုံးများဖြင့် တိုက်ခိုက်မှုများစွာ ပြုလုပ်ခဲ့သည်။ ထို့ပြင် ဥရောပခေါင်းဆောင်အချို့ထံ စာအိတ်ဗုံးများ ပေးပို့၍ လုပ်ကြံခဲ့ကြောင်း သိရသည်။ နိုင်ငံရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရဲတပ်ဖွဲ့ဝင်များကို နှစ်ပေါင်းများစွာ ပစ်မှတ်ထားတိုက်ခိုက်လာသည့် အဆိုပါအုပ်စုအား ယခုတိုက်ခိုက်မှုနှင့်ပတ်သက်၍ သံသယဝင်လျက်ရှိသည်။ **(ဆင်ဟွာ)**

# အီဂျစ်နိုင်ငံ ကိုင်ရိုတောင်ပိုင်း၌ ခရစ်ယာန်ဘာသာဝင် ၂၃ ဦးကို သေနတ်သမားများက ပစ်သတ်

**ကိုင်ရို မေ ၂၆**

အီဂျစ်နိုင်ငံတွင် သောကြာနေ့က သေနတ်သမားများ၏ ပစ်သတ်မှုကြောင့်ကော့ပတစ်ခရစ်ယာန်ဘာသာဝင် ၂၃ ဦးသေဆုံးခဲ့ပြီး ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၎င်းတို့သည် ကိုင်ရိုတောင်ပိုင်းမင်ယာပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ မောင်းနှင်ထွက်ခွာလာစဉ် လမ်း၌သေနတ်သမားများ၏ ပစ်သတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအရာရှိ အယ်လ်ဘီဒိုင်ဝီက ပြောကြားခဲ့သည်။

ခရစ်ယာန်ဘာသာဝင်အဖွဲ့သည် ဘတ်စ်ကားနှစ်စီးနှင့် ထရပ်ကားတစ်စီးတို့ဖြင့် လိုက်ပါကာ မင်ယာပြည်နယ်ကို ကျော်ဖြတ်လာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ မင်ယာပြည်နယ်သည် ခရစ်ယာန်ဘာသာဝင်အများစုတို့ စုဝေးနေထိုင်ရာနေရာဖြစ်သည်ဟု ၎င်းကပြောကြားသည်။

အီဂျစ်နိုင်ငံရှိ ၉၂သန်းသော လူဦးရေ၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ကော့ပတစ်ခရစ်ယာန်ဘာသာဝင်များသည် ပြီးခဲ့သည့် လအနည်းငယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများစွာတို့၏ ပစ်မှတ်ထားခြင်းကို ခံခဲ့ရသည်။

ကော့ပတစ်ခရစ်ယာန် ဘာသာဝင် ၇၀ ခန့်မှာ ကိုင်ရို၊ အလက်ဇန္ဒြီးယားနှင့် တန်တာမြို့များရှိ ဘုရားရှိခိုးကျောင်းများတွင် ဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသည်။

ယခင်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုမှာ အိုင်အက်စ်အဖွဲ့ဝင်များ၏ လက်ချက်ဖြစ်ပြီး ယခုတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မသိရှိရသေးပေ။ **(ရိုက်တာ)**

# သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးထားသော နွား ၇၄ ကောင်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

**သိန်းနီ မေ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန်းနီ ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီး ထားခဲ့သော နွား ၇၄ ကောင်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ခု ကို ယနေ့ နံနက် ၁၀ နာရီက သိန်းနီမြို့၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက ဧပြီ ၁၀ ရက်တွင် တောလမ်း တစ်နေရာမှ နွား ၇၄ ကောင်ကို ဖမ်းဆီး ရမိခဲ့ပြီး အဆိုပါနွားများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ထား ကြောင်း သိန်းနီရေပူအမြဲတမ်းစစ်ဆေး ရေးစခန်း တာဝန်ခံ အကောက်ခွန်ဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်က ရှင်းလင်း ပြောကြားသည်။

အဆိုပါ နွား ၇၄ ကောင်နှင့် ပတ်သက်ပြီး ဧပြီ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာနက ဥပဒေအရ အရေးယူပေးရန် တိုင်ကြားခဲ့သဖြင့် သိန်းနီမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထား ရှိကြောင်း၊ အမှုမှ ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်ဆဲ ကာလဖြစ်ကြောင်း နှင့် ရဲလုပ်ငန်းများနှင့်အညီ ဆက်လက် ဆောက်ရွက်နေကြောင်း သိန်းနီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဦးက ပြောသည်။

သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းသည် မြောက်ပိုင်းပြည်ထောင်စု လမ်းအပိုင်း သိန်းနီနှင့် လားရှိုးမြို့အကြား တွင် တည်ရှိပြီး ဖမ်းဆီးရမိခဲ့သော နွား ၇၄ ကောင်ကို ကျွေးမွေးစောင့်ရှောက် ထိန်းသိမ်းထားရန် အခက်အခဲရှိကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် အမှုစုံစမ်းစစ်ဆေးဆဲ ကာလတွင် နွား ၇၄ ကောင်ကို ထိန်းသိမ်း ထားရန်အတွက် မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၏ အစည်းအဝေးဆုံးဖြတ် ချက်အရ သိန်းနီမြို့ရှိ နွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ဦးချိန်ဖူးမြင့်(ခ) ဦးအိုက်မြင့်ထံ စာချုပ်စာတမ်းဖြင့် ယာယီ အပ်နှံထားခြင်းဖြစ်ကြောင်း၊ အမှုနှင့် ပတ်သက်သော ရဲလုပ်ငန်းများ လုပ်ဆောင်ပြီးပါက မိမိတို့ သိန်းနီမြို့နယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အမြန်ဆုံး လေလံတင်ရောင်းချသွားမည် ဖြစ် ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**စိုးရိမ်ပူပန်ရ**

သိန်းနီမြို့ ရပ်ကွက်(၄) ဇီဇဝါလမ်း တွင် နေထိုင်သူ ဦးချိန်ဖူးမြင့်(ခ)ဦးအိုက် မြင့်က မိမိသည် ဘိုးစဉ်ဘောင်ဆက် နွားမွေးမြူလာသူဖြစ်ကြောင်း၊ လက်ရှိ တွင်နွားအကောင်ရေ ၁၀၀၀ ခန့် မွေးမြူ ထားကြောင်း၊ နွားမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ရန်လုပ်ငန်းလိုင်စင်ရရှိပြီး မွေးမြူ ရေးလိုင်စင် P-7 ကို ရထားသူဖြစ် ကြောင်း၊ သိန်းနီရေပူအမြဲတမ်းစစ်ဆေး ရေး စခန်းက လွှဲပြောင်းအပ်နှံထားသော နွား ၇၄ ကောင်ကို မိမိ၏ နွားမွေးမြူရေး ခြံကြီးများတွင် စနစ်တကျမွေးမြူထား ကြောင်း၊ သိန်းနီမြို့ပေါ်တွင် နွား ၇၄ ကောင်အတွက် စားကျက်မြေမရှိခြင်း အနီးဝန်းကျင်နေထိုင်သူများ၏ စိုက်ပျိုး ခင်းများတွင် ဝင်ရောက်စားမည်ကို စိုးရိမ် ပူပန်ရခြင်းများကြောင့် မိမိပိုင်ဆိုင်သော ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာ အုပ်စု နောင်ရင့်ကျေးရွာ နွားမွေးမြူရေး ခြံတွင် ကျွေးမွေးစောင့်ရှောက်ထား ကြောင်း ဦးချိန်ဖူးမြင့်(ခ)ဦးအိုက်မြင့်က ပြောသည်။

**စစ်ဆေးကြည့်ရှု**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ သိန်းနီမြို့ပေါ်ရှိ မြို့နယ်အုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စိုင်းစံလူနှင့် မီဒီယာများ တက်ရောက်ခဲ့ပြီး နွား ၇၄ ကောင်ကို အကောက်ခွန်ဦးစီးဌာနက လွှဲပြောင်း ပေးခဲ့သော စာရင်းများနှင့် တိုက်ဆိုင် စစ်ဆေးကြည့်ရှုခဲ့ကြသည်ဟု သိရသည်။

သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ သိမ်းဆည်းထားသော နွား ၇၄ ကောင်နှင့် ပတ်သက်၍ တာဝန်ရှိသူများ က ရှင်းလင်းပြောကြားခြင်း၊ နွား ၇၄ ကောင်ကို ကြည့်ရှုစစ်ဆေးကြခြင်းမှာ မေ ၂၄ ရက်က လူမှုကွန်ရက်စာမျက်နှာ တွင် ရေးသားဖော်ပြထားချက်များကို ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စာချုပ်စာတမ်းဖြင့် အပ်နှံထား**

သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက မတ် ၂၆ ရက်က ပြည်ထောင်စု လမ်းပေါ်တွင် ပိုင်ရှင်မဲ့ မော်တော်ယာဉ် တစ်စီးပေါ်မှ ကျွဲ ရှစ်ကောင်နှင့် နွား နှစ်ကောင်ကို တားဆီးနိုင်ခဲ့ရာ အဆိုပါ ကျွဲနှင့် နွားများကို သိန်းနီမြို့ ပြည်ထောင်စုလမ်းဘေးရှိ ဒေါ်ကြာနု၏ နွားခြံတွင် ကျွေးမွေးစောင့်ရှောက်ရန် စာချုပ်စာတမ်းဖြင့် အပ်နှံထားရှိသည်ဟု သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ခံ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်း အောင်က ပြောသည်။ **မမ(လားရှိုး)**



သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ခံ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် ရှင်းလင်းစဉ်


ပညာရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ


# ဘူးသီးတောင်မြို့နယ်၌ အကြမ်းဖက်သင်တန်းတက်ရောက်ရန် စည်းရုံးပို့ဆောင်ပေးသူနှင့် မောင်တောမြို့နယ်တွင် ညမထွက်ရအမိန့် ဖောက်ဖျက်သူအား အရေးယူ

**နေပြည်တော် မေ ၂၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ အကြမ်းဖက်သင်တန်း တက်ရောက်ရန် စည်းရုံး ပို့ဆောင်ပေးသူ တစ်ဦးနှင့် မောင်တောမြို့နယ်၌ ညမထွက်ရအမိန့် ကျူးလွန်ဖောက်ဖျက် သူတစ်ဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ဖိုးခေါင်ချောင်းအုပ်စု ကန်တက်ရွာနေ မော်လဝီဆရာ မာမတ်ဟာဆောင်းသည် အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့ပြီး ကျေးရွာရှိ လူငယ် များအား စည်းရုံးပို့ဆောင်နေကြောင်း သတင်းအရ ယမန်နေ့ ညနေ ၅ နာရီတွင် နယ်မြေလုံခြုံရေး ပူးပေါင်းအဖွဲ့မှ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မောင်တောမြို့နယ် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၂၄ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် လှည့်ကင်းဆောင်ရွက်နေစဉ် ဂုံးနားကျေးရွာနေ အာနိစ္စအူလာ (ခ)တင်မောင်ဝင်းသည် ပြင်ဖြူကျေးရွာမှ မောင်တောမြို့ဘက်သို့ ဆိုင်ကယ် မောင်းနှင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ထုတ်ပြန်ထားသည့် ပုဒ်မ ၁၄၄ အား ကျူးလွန်ဖောက်ဖျက်မှုဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ဝမ်းဗိုက်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ မျိုချသယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မောင်တော-ကြိမ်ချောင်း ကားလမ်း၌ နယ်မြေ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက သတင်းအရ ရှာဖွေစစ်ဆေးရာမှ ဝမ်းဗိုက်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ မျိုချသယ်ဆောင်လာသူ တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တော-ကြိမ်ချောင်း ကားလမ်း၌ နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၇ နာရီခွဲ ခန့်က ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးစဉ် မောင်းနှင် လာသူမှာ ကြိမ်ချောင်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်နောက်မှ လိုက်ပါလာပြီး ကျန်ရစ်သူအား စစ်ဆေးမေးမြန်းရာ ၎င်းမှာ ရေမျက်တောင်ကျေးရွာနေ ရာဟာမာအုလ္လာဖြစ်ပြီး မောင်းနှင်ထွက်ပြေးသွားသူမှာ တစ်ရွာတည်းနေ ဆီရာဇူလ် အီစ္စလာမ်ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ရေမျက်တောင်ကျေးရွာမှ ထွက်ခွာလာပြီး ဇင်ပိုင်ညာကျေးရွာအနီး ခနိတောနေရာသို့အရောက်တွင် ဆီရာဇူလ်အီစ္စလာမ်မှ ပလတ် စတစ်ဖြင့် ထုပ်ထားသော ပိန္နဲစေ့အရွယ်ရှိ အထုပ် ၃၀ ခန့်အား ဝမ်းဗိုက်ထဲမျိုချ၍ သယ်ဆောင်ပေးပါက ငွေ ၅၀၀၀၀ ပေးမည်ဖြစ်ကြောင်း ပြောကြား၍ အထုပ် ၃၀ အား ဝမ်းဗိုက်အတွင်းသို့ မျိုချသယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

အထုပ်များအား မျိုချသယ်ဆောင်လာသူ ရာဟာမာအုလ္လာထံမှ WY/ R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၈ ပြားပါ အထုပ် ၃၀ စုစုပေါင်း ဆေးပြား ၁၄၄၀ ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၂၉ သိန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် ခြိမ်းခြောက်စာရေးသားသူအား ဆက်သွယ်ရေးဥပဒေပုဒ်မဖြင့် အရေးယူထား

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မေ ၂၅ ရက်က ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် ခြိမ်းခြောက်စာရေးသား သူကို ဆက်သွယ်ရေးဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ လုံဂါဗွပ်ကျေးရွာနေ ဦးမျိုးဆိုင်းနော်(ခ)ဆိုင်းနော်က ၎င်း၏ ဖေ့စ်ဘုတ် စာမျက်နှာအကောင့် Rawng Gawk ၌ မေ ၈ ရက် ၁၁ နာရီခွဲခန့်တွင် ကချင်ဘာသာစကားဖြင့် ရေးသား ထားသည့် "မင်းရဲ့ဆွေမျိုးအသိုင်းအဝိုင်းနဲ့ မင်းရဲ့ မိသားစုဝင်တွေ၊ မင်းရဲ့အမျိုးတွေ အခုချိန် မူးယစ်ဆေးဝါး နဲ့ လုံးဝလွတ်ကင်းတဲ့သူတွေလား၊ မင်းရဲ့ မိသားစုဝင် တွေ သူခိုးကြမ်းပိုး လိမ်လည်လှည့်ဖြားတဲ့ ဒုစရိုက်အလုပ် တွေနဲ့ လုံးဝကျော်လွှားနိုင်တဲ့သူတွေလား၊ မင်းရဲ့ဆွေမျိုး ညီအစ်ကိုတွေနဲ့ အိမ်သားတွေ လူထုအခြေပြု မူးယစ် ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှာ အကြိမ်ကြိမ်သတိပေး လက်မှတ်ထိုး ကတိခံဝန်ထားတာတွေကို မေ့သွားပြီ လား၊ မင်းကိုယ်တိုင် ဘာကြောင့် လိမ်လည်နေတာကို စဉ်းစားပြီးပြီလား" ဟု ရေးသားထားကြောင်း သိရသည်။

မြစ်ကြီးနားမြို့နေသူ ဦးခေါ်ဇုန်း (၃၄ နှစ်)နှင့် မိသားစုများ ဆွေမျိုးအသိုင်းအဝိုင်းများ၏ အသက် အန္တရာယ်အား ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်း ထိခိုက်နစ်နာစေခြင်းများ ဖြစ်ပေါ်စေခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းလာခဲ့သဖြင့် ဦးမျိုးဆိုင်းနော် (ခ)ဆိုင်းနော်အား မြစ်ကြီးနား မြို့မရဲစခန်းက ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ထားပြီး ပြစ်မှု ကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက် လျက်ရှိကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရ သည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံမှုတွင် လိုပြသက်သေတစ်ဦးအား စစ်ဆေး

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ အား သေနတ်ဖြင့်ပစ်ခတ် လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်းနှင့် အတူဖမ်းဆီးခံထားရသော အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ ဇော်ဝင်းထွန်း တို့အား ယနေ့ နံနက် ၁၀ နာရီခွဲခန့်က အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်း ခရိုင် တရားရုံးသို့ ရုံးထုတ်လာရာ **(ယာပုံ)** လိုပြသက်သေတစ်ဦး စစ်ဆေးခဲ့ ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်ပြီး ရာဇဝတ်မှုကြီးမှုအမှတ်(၄၆/၂၀၁၇)အရ လက်နက်မှုနှင့် တရားစွဲထားသည့် ကြည်လင်းနှင့် အောင်ဝင်းဇော်တို့အား လက်နက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)လူသတ်မှုတွင် အရပ်သားသက်သေ လိုပြ ဦးမြင့်ဇော်အား စစ်ဆေးခဲ့ကြောင်းနှင့် အမှုအား ဇွန် ၂ ရက် နောက် အပတ် သောကြာနေ့ ချိန်းဆိုထားကြောင်း ပြန်ကြားရေးအရာရှိတစ်ဦး ထံမှ သိရသည်။

မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေး အရာရှိ ဦးရဲလွင် ရှင်းလင်းပြောကြားရာမှာ "အရင်က ဒုခရိုင်တရားသူကြီး ဦးခင်မောင်မြင့် နေရာကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။ ရာဇဝတ်မှုကြီးမှုအမှတ် (၄၅/၂၀၁၇)လူသတ်မှုနဲ့ပတ်သက်ပြီး ပထမအနေ နဲ့ သေဆုံးသူတက္ကစီယာဉ်မောင်း ဦးနေဝင်း၏ဇနီး မစုသက်ခိုင်ရဲ့ ရှေ့နေ ကိုယ်စားလှယ်စာတင်သွင်းပါတယ်။ ခရိုင်ဥပဒေရုံးထောက်ခံချက်လည်း ပါတယ်။ အကျိုးဆောင်က နှစ်ဦးပါ၊ တရားလွှတ်တော်ရှေ့နေ ရောဘတ် စန်းအောင်နဲ့ ဒေါ်ခင်မိုးမိုးတို့က လိုက်ပါဆောင်ရွက်ဖို့၊ ဒုတိယအချက်က တော့ အဲဒီရာဇဝတ်မှုကြီး(၄၅/၂၀၁၇)ဥပဒေပုဒ်မ(၃၀၂/၃၄/၁၂၂) ရာဇဝတ်အထွေထွေအမှုအမှတ်(၂၀/၂၀၁၇)အရ အောင်ဝင်းခိုင်ကို ကျင့် ၅၀၂ အမှုအတွက် တရားခံပြေးနှင့်ပတ်သက်ပြီး တရားလိုဘက်ရှေ့နေက ရာဇဝတ်ပြင်ဆင်မှုကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးကို ပြင်ဆင်ချက် တင်ထားတဲ့ အမှုတွဲ ပြန်ကျလာတာပါ။ ပြန်ကျလာတဲ့အမိန့်ကို မူလခုံရုံးက ပြန်လည်ရှင်းလင်းပြောကြားတာဖြစ်ပါတယ်။ ညွှန်ကြားစာ ထဲမှာတော့ ပြည့်ပြည့်စုံစုံဆောင်ရွက်ဖို့လိုပါတယ်၊ဖမ်းဝရမ်းကလည်း အသက်ရှင်လျက်ပါ၊ ဖမ်းဆီးစစ်ဆေးမှုတွေကို တိကျပြည့်စုံအောင် ဆောင် ရွက်ဖို့ သက်ဆိုင်ရာ နေရာအသီးသီးက ရဲတပ်ဖွဲ့ဝင်တွေဆီ အကြောင်းကြား စာထုတ်ပေးပါ့မယ်။ နောက်တစ်ပတ်ရုံးချိန်းမှာတော့ လက်နက်မှုနဲ့ပတ်သက် တဲ့ သက်သေလာရင် စစ်ဆေးသွားမှာပါ" ဟု ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**



# ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်(မော်လမြိုင်)၌ ကျင်းပ

**မော်လမြိုင် မေ ၂၆**



၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို ရွှေနတ်တောင်ဂေါက်ကလပ် မော်လမြိုင်မြို့တွင် မေ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများသည် သတ်မှတ်ထားသော တီခုံ၌ နေရာယူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ MYANMAR ZWE MANN Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ ၁၈ ကျင်းကို စတင်ယှဉ်ပြိုင်သည်။

ပြိုင်ပွဲတွင် Professional ၂၄ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား) ၇၈ ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ၁၀ ဦး၊ စုစုပေါင်း ၁၁၂ ဦး ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲကို မေ ၂၅ ရက်မှ ၂၈ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစားသမားများ သွားလာရေးအဆင်ပြေစေရန် ရွှေမန်းသူမှ အထူးမော်တော်ယာဉ်များ စီစဉ်ပေးထားကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို ကြိုဆိုထောက်ခံပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

❄ *ကျောဖုံးမှ*

ဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားဘောလုံးအဖွဲ့ချုပ်တို့ သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာ ယူ-၂၂ အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျတ်ဖရိုင်းဒရစ်က ကိုင်တွယ်မည်ဖြစ်ပြီး ဦးကြည်လွင်က လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ မကြာမီဖွဲ့စည်းမည့် မြန်မာ ယူ-၂၂ အသင်းတွင် နာမည်ကြီးကစားသမားများဖြစ်သော အောင်သူ၊ နန္ဒကျော်၊ မျိုးကိုထွန်း၊ မောင်မောင်လွင်၊ စည်သူအောင်၊ ဟိန်းသီဟဇော် စသည့်ကစားသမားများ ပါဝင်လာမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အိမ်ရှင်အသင်းဖြစ်သော မလေးရှားအသင်းနှင့် ခြေစမ်းခွင့်ရရှိမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည့် လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲနှစ်ခုစလုံးကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ထို့ပြင် မလေးရှား၊ အင်တာမီလန် လူငယ်အသင်းတို့နှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်ပြီး ပြည်ပလေ့ကျင့်ရေးခရီးစဉ်လည်း စီစဉ်နေကြောင်း သိရသည်။

# ဦးကိုနီလုပ်ကြံမှုတွင် သေနတ်ထိမှန်၍ သေဆုံးသူ ဦးနေဝင်းဘက်မှ လိုက်ပါဆောင်ရွက်မည့်ရှေ့နေ ပါဝါတင်ပြီ

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်ခဲ့သော ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ ငါးဦးအနက် တရားခံပြေးအောင်ဝင်းခိုင်အား ဖမ်းဝရမ်းထပ်မံထုတ်ပေးရန် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးသို့ ပြင်ဆင်တင်ပြချက် အမိန့်ပြန်ကြားလွှာရရှိမည်ဖြစ်သောကြောင့် ယနေ့နံနက်တွင် မြောက်ပိုင်းခရိုင်ခုံတရားရုံး၌ ကြားနာစစ်ဆေးသည်။

တရားခံ၏ရှေ့နေ ဦးအောင်ခိုင်က "ဒီကနေ့ရုံးချိန်းဟာ တိုင်းတရားလွှတ်တော်ကို တစ်ဖက်က ပြင်ဆင်ချက်တင်ထားတဲ့ အမှုတွဲ ပြန်ရောက်လာတာပါ၊ ညွှန်ကြားတဲ့ အမိန့်အတိုင်း လုပ်ငန်းစမယ်လို့ ခုံတရားရုံးကပြောပါတယ်၊ တရားခံပြေးဖမ်းမိရေးအတွက် နေပြည်တော်မှာရှိတဲ့ မှုခင်းတပ်ဖွဲ့စု၊ မှုခင်းတပ်ဖွဲ့ခွဲတွေကို တရားခံအောင်ဝင်းခိုင် ဖမ်းဆီးရမိရေးအတွက်လည်း ဒီထက်မကပိုပြီး စစ်ဆေးရှာဖွေမှုတွေလုပ်ဖို့ အမှုစစ်ကို ညွှန်ကြားလိုက်တာပါပဲ၊ တာဝန်ကျေအောင်လုပ်ဖို့၊ ပြည့်စုံအောင်တင်ပြပေးဖို့လည်း ပါပါတယ်၊ ယခင် ဖမ်းဝရမ်းဟာ အသက်ရှင်ပါတယ်၊ ဖမ်းဝရမ်းအပြည့် ထုတ်ပေးရမယ့်ကိစ္စ ပယ်ချလိုက်တာပါ၊ ရေကြောင်း၊ လေကြောင်း၊ မည်သည့်နေရာ မဆို တစ်နိုင်ငံလုံးဖမ်းခွင့်ရှိပါတယ်၊ ကျင့်ထုံးအရ စစ်ဆေးမှုတော့ရပ်မနေပါဘူး။"

တရားလွှတ်တော်ရှေ့နေ ရောဘတ်စန်းအောင်က "တရားလိုရဲအုပ်မိုးနိုင်ရဲ့ ကြည်လင်းပါ ငါးယောက် ပြစ်မှုကြီး အမှတ် (၄၅/၂၀၁၇)နဲ့ပတ်သက်ပြီး သေဆုံးသူ ဦးနေဝင်းရဲ့ဇနီး မစုသက်ခိုင်နဲ့ ကျန်ရစ်သူမိသားစုက နစ်နာတဲ့အရေးကို ကျွန်တော်နဲ့အတူ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မိုးမိုးလည်းအတူ လိုက်ပါဆောင်ရွက်ဖို့ ပါဝါတင်တာပါ၊ လက်နက်တစ်ခုတည်းမှာ အုံခဲနေလို့မဖြစ်ဘူး၊ ၉၉ မမ သေနတ်ဟာ ချက်ကိုစလိုနိုင်ငံက ထုတ်လုပ်တာပဲ၊ ဘယ်နိုင်ငံကို ရောင်းလဲ၊ ဘယ်သူ့ကိုရောင်းလဲ လိုတာပေါ့၊ ဒီဖြစ်စဉ်က International Air port မှာ ဖြစ်တဲ့ကိစ္စကြောင့် ဘေးကျပ်နံကျပ် ဖြစ်ရတာပါ၊ မြန်မာနိုင်ငံကိုလာမယ့် စီးပွားရေးလုပ်ငန်းရှင်တွေလည်း နောက်တွန့်သွားတယ်၊ ဒီအမှုမှာ နဂါးလေးကို သက်သေအဖြစ် ထည့်ကိုထည့်ရမယ်၊ ဒီအကြောင်းတွေကို နောက်ထပ်ရုံးချိန်းမှာ ဆွေးနွေးတင်ပြဖို့ ခရိုင်ဥပဒေအရာရှိနဲ့ ပြောထားတယ်၊ ဥပဒေအရာရှိကလည်း လက်ခံပါတယ်"ဟု ပြောသည်။

တရားလို တရားလွှတ်တော်ရှေ့နေ ဦးနေလက "ရဲမှူးတင်မောင်ဆွေ ဆောင်ရွက်ချက်ပြည့်စုံတင်ပြရပါမယ်၊ ဖမ်းဝရမ်းကို တရားရုံးက ပူးတွဲပေးပို့ပြီး ညွှန်ကြားချက်ပေးမယ်တဲ့၊ နေပြည်တော် ပရဆေးဥယျာဉ်နားမှာ တရားခံအောင်ဝင်းခိုင်အတွက် ဘာတွေဆောင်ရွက်ခဲ့လဲ၊ ယခင်က ဘယ်လိုဆောင်ရွက်လဲ၊ အသစ်ဆောင်ရွက်ချက် ညွှန်ကြားစာပေးပို့မယ်လို့ပြောပါတယ်၊ တရားခံ အောင်ဝင်းခိုင်အမှုအတွက် အရေးပါဆုံးပါပဲ၊ တရားခံဖမ်းမိရေးအတွက် တရားရုံးနဲ့ ရဲတပ်ဖွဲ့ပူးတွဲဆောင်ရွက်ပေးဖို့လည်း လိုမယ်၊ တရားရုံးအမိန့်အရတော့ ဖမ်းဝရမ်းကပြည့်စုံပါတယ်လို့ ယူဆရတယ်၊ တရားခံမမိသော်လည်း ပြီးပြည့်စုံအောင် တင်ပေးရမှာပါလို့ အမိန့်ပေါ်မှာ ပြောကြဆိုကြတယ်၊ ဒီနေ့တော့ လက်နက်မှုနဲ့ အရပ်သားရှာဖွေသက်သေကိုစစ်တယ်"ဟု ရှင်းပြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

● ဘယ်နောက်ခံကစားသမား ကလစ်ချီသည် ဇွန်လကုန်တွင် ၎င်း၏စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း မန်ချက်စတာစီးတီးအသင်းက အတည်ပြုခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် နာဗက်စ်နှင့် ဂိုးသမား ကာဗယ်လီယိုတို့သည်လည်း အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ထွက်ပေါ်လာသော သတင်းများအရ သိရသည်။

● အယ်ဗာရို အာဘီလိုအာ၊ ဂျိုနသန်ကယ်လာရီနှင့် ဂေါ့ခ်ဟန်တိုရီတို့သည် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက မနေ့က အတည်ပြုပြောကြားခဲ့သည်။ ရီးရဲမက်ဒရစ် နောက်ခံကစားသမားဟောင်း အာဘီလိုအာ၏ တစ်နှစ်စာချုပ်သက်တမ်းသည် မကြာမီတွင် ကုန်ဆုံးတော့မည်ဖြစ်ပြီး အဆိုပါကစားသမားသည် ပရီမီယာလိဂ်တွင် သုံးပွဲသာ ကစားထားကြောင်း သိရသည်။

● ဟားလ်စီးတီးအသင်းသည် ပရီမီယာလိဂ်မှ တန်းဆင်းသွားရသောကြောင့် မန်နေဂျာ မာကိုဆီးလ်ဗားသည် ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ၎င်းကလပ်က မေ ၂၅ ရက်က အတည်ပြုခဲ့ကြောင်း သိရသည်။ အဆိုပါ မန်နေဂျာသည် ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်ဖို့ဒ်တို့၏ ချိတ်ဆက်မှုကိုခံခဲ့ရပြီး ပရီမီယာလိဂ်နှင့် ဥရောပထိပ်တန်းကလပ်တစ်ခုတွင် နည်းပြချင်ကြောင်း ဟားလ်စီးတီး ဒု-ဥက္ကဋ္ဌ အီဟတ်အလမ်းက စကိုင်းစ်အားကစားသတင်းဌာနသို့ ပြောကြားသည်။

● တော့တီသည် တနင်္ဂနွေနေ့ညတွင် ယှဉ်ပြိုင်ကစားမည့် ဂျီနိုအာနှင့်ပွဲတွင် ရိုးမားအိမ်ကွင်း အိုလံပီကို၌ နှုတ်ဆက်ပွဲပြုလုပ်သွားမည်ဖြစ် ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်း၏စာချုပ်သည် ယခုနှစ်ရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ အသက် ၄၀ အရွယ်ရှိပြီဖြစ်သော အဆိုပါ ရိုးမား ဂန္ထဝင်တိုက်စစ်မှူးသည် အသင်းနှင့် ၂၄ နှစ်ကျော်ကြာ လက်တွဲခဲ့ပြီး နောက်ကလပ်အတွက် ၎င်း၏နောက်ဆုံးပွဲကို ကစားလိမ့်မည်ဖြစ်ကြောင်း သတင်း များအရ သိရှိရသည်။

● အန်တိုနီယို ဗလင်စီယာသည် မန်ယူအသင်းနှင့်အတူ စာချုပ်သက်တမ်းတိုးချုပ်ဆိုလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ၎င်းသည် မန်ယူအသင်းနှင့်အတူ ၂၀၁၉ ခုနှစ် ဇွန်လအထိ ရှိနေမည်ဖြစ်သည်။ အီကွေဒေါ လက်ရွေးစင်ကစားသမားသည် ၂၀၁၉ ခုနှစ်တွင် ဝီဂန်မှ မန်ယူသို့ ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲစုံ ၂၉၁ ပွဲ ကစားထားကြောင်း သိရှိရသည်။ အဆိုပါကစားသမားသည် မန်ယူနှင့်အတူ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ FA ဖလား တစ်ကြိမ်၊ EFL ဖလားနှစ်ကြိမ်နှင့် ယူရိုပါလိဂ်တစ်ကြိမ်ရရှိထားသူဖြစ်သည်။

**ဇော်ဇော်**

# မုံရွာ - မန္တလေးကားလမ်းပေါ်၌ ခရီးသည်တင်ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိ၍ လူတစ်ဦးသေဆုံး

**ချောင်းဦး မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရေပိုးစားကန်ကွေ့ မုံရွာ-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၆၀/၂)အနီး၌ မေ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်ကာ သစ်ပင်ဝင်တိုက်မိရာမှ လူတစ်ဦးသေဆုံးပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

မန္တလေးမှ ချောင်းဦးမြို့ဘက်သို့ ယာဉ်မောင်း ကိုဇော်လင်းထွန်း (၄၀ နှစ်) ရန်ကုန်မြို့နေသူ မောင်းနှင်လာသော နယူးမန္တလာထွန်း ခရီးသည်တင် မှန်လုံယာဉ် 3L/---- သည် အရှိန်လွန်ကာ လမ်း၏ဝဲဘက်ခြမ်းရှိ သစ်ပင်အားဝင်ရောက်တိုက်မိ၍ ယာဉ်ပေါ်တွင် လိုက်ပါလာသော ကိုမျိုးကျော် ယာဉ်နောက်လိုက်သည် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကိုကျော်နန္ဒ မုံရွာမြို့နယ်၊ ဦးလှသန်း ပေါက်မြို့နယ်၊ ဒေါ်ကြည်အေး ပုလဲမြို့နယ်၊ ဒေါ်နုနုရီ ရန်ကုန်မြို့၊ ဦးနိုင် ပုလဲမြို့နယ်၊ ကိုကိုမျိုးထက် ကော့သောင်းမြို့နယ်၊ ကိုကျော်ဇင်မျိုး မုံရွာမြို့နယ်၊ ကိုဇော်လင်းထွန်း ရန်ကုန်မြို့တို့မှ ထိခိုက်ဒဏ်ရာများရရှိပြီး(မစိုးရိမ်ရ)အခြေအနေဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ရာနေရာသို့ ချောင်းဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် အဖွဲ့ဝင်များ သွားရောက်ပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူ ရှစ်ဦးအား ဆေးစာဖြင့် ဆေးရုံပို့ခြင်းများ ဆောင်ရွက်ပေးကာ ယာဉ်မောင်း ကိုဇော်လင်းထွန်းအား ချောင်းဦးရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၂ စီး၊ သွင်းကုန် ၅၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၂၁၆၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၅ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Crown, Toyota Alphard နှင့် Toyota Land Cruiser Prado ယာဉ်တို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၅ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Crown, Toyota Al phard နှင့် Toyota Land Cruiser Prado ယာဉ်**

# ရေဝတီမြစ်အတွင်း ဆီတင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွား

**ဆိပ်ဖြူ မေ ၂၆**



မကွေးတိုင်းဒေသကြီး ချောက်မြို့ ရွာဟောင်းရပ်ကွက် ဆိပ်ကမ်း၌ မေ ၂၅ ရက် ည ၈ နာရီခန့်က ဆီတင်သင်္ဘော တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ သည်။

အဆိုပါ မီးလောင်နေသည့် သင်္ဘောသည် ရေဝတီမြစ်အတိုင်း မျောသွားရာ ဆိပ်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့မြို့နယ် ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းအောင်၊ မြန်မာ့ဇွဲ(၈)ရေယာဉ်မှ စက်လှေ အကူအညီရယူ၍ ရေယာဉ်ကိုယ်စားလှယ် ဦးစိုးမြိုင်နှင့် ကျွမ်းကျင်လုပ်သားများက လိုက်လံမီးငြိမ်းသတ်ပေးခဲ့ရာ ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် စလေမြို့အထက်အနီး ရေဝတီမြစ်တွင်း၌ မီးငြိမ်းသတ်နိုင်ခဲ့ပြီး ရေလမ်းကြောင်းသွာလာသည့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါ မီးလောင်ထားသည့် ရေယာဉ်အား ရေဝတီမြစ်အနောက်ဘက်ကမ်း သို့ မြန်မာ့ဇွဲ(၈)ရေယာဉ်မှ စက်လှေဖြင့် တွန်း၍ ကမ်းကပ်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ကျော်တက်သည့် ဒိုင်နာယာဉ်အရှိန်လွန်ပြီး ရေမြောင်းတွင်းသို့ထိုးကျ၊ ကိုးဦးဒဏ်ရာရ

**ရန်ကုန် မေ ၂၆**

လှိုင်သာယာမြို့နယ်၌ မေ ၂၆ ရက် နံနက် ၁၀နာရီခွဲက ဘီအိုစီအဝိုင်းမှ မီးခွက်ဈေးလမ်းဆုံသို့ မောင်းနှင်လာသော ထန်းတပင်သို့ပြေးဆွဲနေသည့် အမှတ်(၅၂) ဒိုင်နာယာဉ်မှာ ကွန်တိန်နာယာဉ်ကိုကျော်တက်စဉ် တစ်ဖက်ယာဉ် ကြောသို့ရောက်ရှိ၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ရေမြောင်းအတွင်းထိုးကျကာ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်အမှတ် YGN-1A/---သည် ရေမြောင်းအတွင်း ထိုးကျစဉ် ယာဉ်ခေါင်းခန်းတွင်လိုက်ပါလာသော ခရီးသည်အား ပြည်သူကကူညီနေစဉ် ယာဉ်မောင်းဖြစ်သူ ထွက်ပြေးသွားခဲ့ပြီး ခရီးသည် ၁၈ ဦးအနက် အမျိုးသားလေးဦး၊ အမျိုးသမီး ငါးဦးမှာ ထိခိုက်ဒဏ်ရာ ရရှိသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ ထားကြောင်း သိရသည်။

"ဒီမှာ ယာဉ်မောင်းတွေက လူငယ်တွေများတယ်။ စည်းကမ်းလိုက်နာမှုမရှိဘူး။ အပြိုင်လုမောင်းကြတယ်။ လိုင်စင်မရှိဘဲမောင်းတဲ့အထဲမှာ ကြားကားဆွဲတဲ့ယာဉ်တွေ အများဆုံးပဲ။ အခု ရှေ့ကကွန်တိန်နာယာဉ်ကို ကျော်တက်တယ်။ တစ်ဖက်လမ်းကိုရောက်ပြီး ဆိုင်းဘုတ်ကိုတိုက်တယ်။ မြောင်းထဲထိုးကျတယ်။ စည်းကမ်းမဲ့မောင်းနှင်မှုဟာ လှိုင်သာယာမှာအများဆုံးပဲ"ဟု ယင်းကားနှင့်လိုက်ပါလာသော ခရီးသည်တစ်ဦးက ပြောသည်။

ယာဉ်တိမ်းမှောက်၍ ရေမြောင်းအတွင်းထိုးကျစဉ် ယာဉ်နောက်လိုက်နှင့် ခရီးသည်များ ထိခိုက်ဒဏ်ရာ ရရှိမှုကြောင့် မြို့နယ်ဆေးရုံသို့ ပို့ဆောင်ထားကာ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ထွက်ပြေးသွားသော ယာဉ်မောင်းအား ယာဉ်ထိန်းတပ်ဖွဲ့က အမှုဖွင့်ထားကြောင်း သိရသည်။

(၁၆၄)

# လွိုင်လင်၌ သိုဝှက်သယ်လာသော ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**လွိုင်လင် မေ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွားကားလမ်း ပန်ခေါက်ဝိုးကျေးရွာ၌ မော်တော်ယာဉ်နံပါတ်ပြားနောက် သိုဝှက်သယ်လာသော ငွေကျပ် ၄၆၂၅၀၀ ခန့်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို မေ ၂၅ ရက် နံနက် ၇ နာရီက ဖမ်းဆီးရမိသည်။

မေ ၂၅ ရက် နံနက် ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ ရဲအုပ် ဇော်မြင့်ဦး ဦးစီးအဖွဲ့၊ နယ်မြေခံတပ်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာ ဘုန်းကြီးကျောင်းအနီးတွင် တောင်ကြီးမြို့ဘက်မှ နမ့်စန်မြို့ဘက်သို့ ယာဉ်မောင်း ငွေအောင်(ခ)လောက်အမ်း မောင်းနှင်ပြီး ခွန်စန်းအောင်(ခ)ကျော်အောင်နှင့် ကျော်ထူး(ခ)လီကျူးရင် တို့လိုက်ပါလာသည့် CHEVROLET ယာဉ်အား ရပ်တန့် ရှာဖွေစစ်ဆေးရာ သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၂၅ ပြား၊ အလေးချိန် ၂၂ ဒသမ ၅ ဂရမ်ခန့်၊ ကာလတန်ဖိုး ငွေကျပ် ၂၂၅၀၀၀ ခန့်၊ ဘိန်းဖြူ အဖြူရောင်အခဲ/အမှုန့် ၁၈ ဒသမ ၅ ဂရမ်ပါ တစ်ထုပ်၊ ကာလတန်ဖိုး ငွေကျပ် ၄၆၂၅၀၀ ခန့် စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၆၈၇၅၀၀ ခန့်အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား လွိုင်လင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

# မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများဖမ်းမိ

**ဇာသပြင် မေ ၂၆**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဂျိုင်း(ဇာသပြင်) တံတားစစ်ဆေးရေးဂိတ်တာဝန်ခံအရာရှိ ဒုတိယရဲမှူး အောင်စိုး ဦးစီးအဖွဲ့၊ ဇာသပြင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မျိုးမင်းဆွေ ဦးစီးအဖွဲ့တို့ဖြင့် မေ ၂၅ ရက် ည ၁၁ နာရီခွဲက ဘားအံဘက်မှ ယာဉ်မောင်း သီဟအောင်(ခ)မောင်ကြွက် မောင်းနှင်လာသော KYN-GG/--- ယာဉ်ကို ရပ်တန့်စေ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၈ ပြား၊ ဂက်စ်နှင့်ပစ်ရသော ခြောက်လုံးပြူး တစ်လက်၊ ငွေကျပ် ငါးသောင်းတို့အား ရှာဖွေတွေ့ရှိ၍ ဇာသပြင်နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး (ဘားအံ)**

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူ ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**စလင်း မေ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌၂၀၁၆ ခုနှစ် ဩဂုတ် ၁၂ ရက်က သက်ငယ်မုဒိမ်းမှုကျူးလွန်ခဲ့မှုဖြင့် စလင်းရဲစခန်းက ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် တရားစွဲတင်ပို့ခဲ့သူ ကျော်နိုင်ဦး(၄၆ နှစ်)အား ပြစ်မှုထင်ရှားသဖြင့် မင်းဘူးခရိုင်တရားရုံး က မေ ၂၃ ရက်တွင် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့သည်။

ဖြစ်စဉ်မှာ စလင်းမြို့နယ် ပရဟိတအမည်ခံကျောင်းတွင် အသက် ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးအား ကျော်နိုင်ဦးက ဖျားယောင်းသွေးဆောင်၍ အဓမ္မပြုကျင့်ခဲ့ရာ ပြုကျင့် ခံရသူ၏မိခင်က တိုင်ကြားသဖြင့် ကျော်နိုင်ဦးအား စလင်းရဲစခန်းက ပြစ်မှုကြီး အမှတ် ၅၂၇/၂၀၁၆ ဖြင့် ဖမ်းဆီးတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ မင်းဘူးခရိုင်တရားရုံး က ကျော်နိုင်ဦးအား ပြစ်မှုထင်ရှား၍ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံရန် မေ ၂၃ ရက်က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

# ကျောက်တံခါးမြို့နယ်၌ ရှေးဟောင်းဒင်္ဂါးပြား လိမ်လည်ရောင်းချသူများအား ဖမ်းဆီးရမိ

**ကျောက်တံခါး မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဟာရီးကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာ၌ မေ၂၅ ရက် ည ၇ နာရီက ရှေးဟောင်းဒင်္ဂါးပြားဟုဆိုကာ လိုက်လံရောင်းချနေသူ လေးဦး ရောက်ရှိနေကြောင်း သတင်းအရ ကျောက်တံခါးမြို့မရဲစခန်းမှ တာဝန်ရှိသူများက ခေါ်ယူ စစ်ဆေးကြောင်း သိရသည်။

ထို့နောက် မသင်္ကာဖွယ် လူလေးဦးအား စစ်ဆေးခဲ့ရာ ဗင်ဇင်းရို (၄၀ နှစ်) ကောခူကျေးရွာ လွိုင်ကော်မြို့ အာကိုစတီနို (၂၀ နှစ်) ပီကင်း ကောခူကျေးရွာ လွိုင်ကော်မြို့နေသူနှင့် တစ်ရပ်တည်းနေ ဇိုဝါးနီ (၃၂ နှစ်)၊ တိုဘီရ (၃၇ နှစ်) တို့၏ ရှေးဟောင်းဒင်္ဂါးပြား ၈၄၀ ကို ကျွမ်းကျင်သော ပန်းထိမ်ဆရာများအား ပြသ စစ်ဆေးခဲ့ရာ ONE DOLLAR 1911 စာတမ်းပါ ဒင်္ဂါးပြားဝိုင်း ၇၅၀၊ ကုလားမ တုတ်ထောက်ပုံပါ တစ်လက်မခွဲအရွယ် ဒင်္ဂါးပြားဝိုင်း ၄၀၊ UNITED STATE OF AMERICA စာတန်းနှင့် လင်းယုန်ပုံတံဆိပ်ပါ တစ်လက်မခွဲအရွယ် ဒင်္ဂါးပြားဝိုင်း ၄၀၊ ဂျော့ဘုရင်တံဆိပ်ပါ အဝိုင်းပြား ၁၀ ပြားတို့အား စစ်ဆေးခဲ့ရာ ကြေးပြားပေါ်တွင် အမှတ်အသားတံဆိပ်အတုပြုလုပ်ကာ ငွေရည်စိမ်းထားခြင်းဖြစ်ကြောင်း သိရ၍ ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)တွင် ၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | အသုံးတူပစ္စည်း | ၁၂မျိုး |
| (ခ) | ကျောင်းသုံးပစ္စည်း | ၈မျိုး |
| (ဂ) | အဓိကအားကစားပစ္စည်း | ၁၂မျိုး |
| (ဃ) | အိပ်ရာသုံးပစ္စည်း | ၆မျိုး |
| (င) | အားကစားနည်း (၁၀)မျိုးအတွက် အထောက်အကူပြုပစ္စည်းများ | |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၅-၂၀၁၇ ရက်၊ ညနေ ၄ နာရီ
**တင်ဒါဖွင့်ဖောက်မည့်ရက်** - ၇-၆-၂၀၁၇ နံနက် ၉နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ဖုန်း-၀၉-၂၆၂၅၂၉၉၉၄၊ ၀၉-၂၅၅၉၆၁၃၇၉ တို့သို့ ၂၄-၅-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**
**အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)**

**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏**
**(၅၀)ကြိမ်မြောက်**
**အဘိဓမ္မာစာတော်ပြန်ပွဲ အား**

အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည် ဖြစ်ပါသဖြင့် ဖြေဆိုခွင့်ပုံစံများ ဆူးလေစေတီတော် အသင်းရုံးခန်း၌ လာရောက် ထုတ်ယူနိုင်ပါပြီ၊
(၁.၆.၂၀၁၇)ဖြေဆိုခွင့်ပုံစံထုတ်၊လျှောက်လွှာတင်၊
(၁.၇.၂၀၁၇)လျှောက်လွှာပိတ်၊
(၂၀.၈.၂၀၁၇)ဝင်ခွင့်ကဒ်ပြားထုတ်၊
(၂၆.၈.၂၀၁၇ မှ ၃.၉.၂၀၁၇ ထိ)အာဂုံစာတော်ပြန်ပွဲ၊
(၁၇.၉.၂၀၁၇ မှ ၂၆.၉.၂၀၁၇ ထိ) ရေးဖြေစာမေးပွဲ၊

**ခေမာသီဝံပရိယတ္တိစာသင်တိုက် နှစ်(၅၀)ပြည့် ရွှေရတုသဘင် ပင့်လျှောက်လွှာ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ခေမာသီဝံပရိယတ္တိစာသင်တိုက်၏ နှစ် ၅၀ပြည့် ရွှေရတုပွဲတော်ကို ၁၃၇၉ ခုနှစ် နယုန်လပြည့်နေ့၊ ၉-၆-၂၀၁၇(သောကြာနေ့) နံနက် ၉း၀၀နာရီတွင် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းဆက်ကပ်ခြင်း၊ ရေစက်ချတရားတော်နာယူခြင်းတို့ဖြင့် ကျင်းပပြုလုပ်ကြမည်ဖြစ်၍ ကျောင်းတိုက်တွင် စာပေပရိယတ္တိကိုသင်ကြားဆည်းပူးခဲ့ကြသော ရပ်ဝေး/ရပ်နီးမှ (ခေမာသီဝံနွယ်ဝင်) ရဟန်းတော်များအနေဖြင့် ပင့်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ပင့်လျှောက်အပ်ပါသည်။

**ဆက်သွယ်ရန်** **ခေမာသီဝံပရိယတ္တိစာသင်တိုက်**
**ဦးဥတ္တမ (စာချ) ဂန္ထဝါစကပဏ္ဍိတ** **တပည့် ဒါယကာ၊ ဒါယိကာမများ**
**ဖုန်း-၀၉-၇၉၃၄၀၅၃၂၃**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့ ကမာစဲအထက တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးလျှံ၏ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၇/သနပ(နိုင်)၀၈၉၀၂၁ဖြစ်ပါကြောင်း။ **ဦးတင်ထွေး ၇/သနပ(နိုင်)၀၈၉၀၂၁**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2B/4963 Mitsubishi Canter FE447C, Van (4x2)R.H.D ယာဉ်လက်ဝယ်ရှိသူ Virginia Tobacao Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**အမည်ပြောင်း**
မင်းဘူး(စကု)မြို့၊ အမှတ် (၄) ရပ်ကွက်၊ (ရှမ်းစု)နေ ဦးတင်မောင်ကြွေ ၈/စတရ(နိုင်)၀၂၂၃၁၀၏သမီး မဆုမွန်ကျော်အား မခင်သော်တာခိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **ခင်သော်တာခိုင်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 5K/2159 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 5I/8053 Toyota Kluger S/W ယာဉ်လက်ဝယ်ရှိသူ ဦးရွှေမော် ၁၂/ကမတ (နိုင်) ၀၅၉၆၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အမည်ပြောင်း**
ဦးဇော်ဇော်အောင် ၁၂/စခန(နိုင်)၀၁၉၂၄၂၏သား ရန်ကုန်မြို့၊ အမက(၉) စတုတ္ထတန်း အောင်မြင်ပြီး မောင်ဟိန်းမြတ်အောင်အား မောင်အောင်ဆက်ပိုင်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဆက်ပိုင်**

**ပြင်ဆင်ဖတ်ရှုပါ**
၂၅-၅-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆)တွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာတွင် ဦးပိုင်အမှတ် ၃၅/၆/၂ ကွင်းအမှတ် (၁၀၃၉-၆)၊ အုန္နကုန်းကျေးရွာရှိ ရှေ့အနံ ၃၂'၊ အနောက်အနံ ၃၃' ၆"၊ အလျား ၆၉'ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အမည်မှန်**
သနပ်ပင်မြို့နယ်၊ နတ်ရေကန်ကျေးရွာနေ ဦးစိန်လွင်၏သမီး မဝိုင်းငယ်လွင်၏ အမည်မှန်မှာ မငယ်ငယ်လွင် ဖြစ်ပါကြောင်း။ **မငယ်ငယ်လွင်**

**ဖခင်အမည်မှန်**
ညောင်လေးပင်မြို့နယ်၊ ဇီးကုန်း အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မရတနာလင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကြို ဖြစ်ပါကြောင်း။ **ဦးမြင့်ကြို ၇/ညလပ(နိုင်)၀၃၄၉၄၁**

**ဖခင်အမည်မှန်**
အထက(၃) တက္ကသိုလ်ဝင်တန်းမှ မသီရိဝင်းနှင့် အလက(၂) အဋ္ဌမတန်းမှ မအိအိဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းသူ ၇/လပတ(နိုင်)၀၉၃၀၀၉ ဖြစ်ပါကြောင်း။ **ဦးဝင်းသူ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 9G/5471 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 5F/6685 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

# မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ဆိုင်ကယ်အစီး ၃၀ ပေးအပ်လှူဒါန်း

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ မေ ၂၃ ရက်က တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Aung Kanbo ကုမ္ပဏီမှ ဆိုင်ကယ်အစီး၃၀ လှူဒါန်းပွဲကျင်းပရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားသည် ။

"မန္တလေးမြို့ဟာ စီးပွားရေးအရ အချက်အချာကျလာပြီဖြစ်တဲ့အတွက် ရွှေ့ပြောင်းအလုပ်သမားတွေနေထိုင်တဲ့ ဆင်ခြေဖုံးရပ်ကွက်တွေတိုးလာတယ်။ အဲ့ဒီရပ်ကွက်တွေဟာ စီမံခန့်ခွဲဖို့ ခက်ခဲတဲ့နေရာတွေ ဖြစ်လာပါတယ်။ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေးကို ဖိဖိစီးစီးဆောင်ရွက်နိုင်ဖို့အတွက် အဲ့ဒီဒေသတွေအကြောင်းကို ကောင်းကောင်းသိရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ ဆက်စပ်တဲ့ ရာဇဝတ်မှုတွေလည်း ပေါ်လာပါတယ်။ ပြည်သူတွေညမှာ အေးချမ်းစွာ ပူပင်သောကမရှိ အိပ်ပျော်ပြီးတော့ နံနက်လင်းလာရင်လည်း ပူပင်ကြောင့်ကြကင်းစွာနဲ့ နိုးထလာနိုင်တာအေးချမ်းလုံခြုံတာဖြစ်ပါတယ်။ ဒါကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဟာ တရားဥပဒေအရလုပ်ရမယ်။ လုပ်ထုံးလုပ်နည်းအတိုင်းလုပ်ရမယ်။ ထိန်းသိမ်းရမယ့်လူတွေက ဥပဒေမဲ့လုပ်ရပ်တွေကို မလုပ်ရပါဘူး။ အမှားအမှန်ကိုလည်း ခွဲခြားသိရမယ်။ ပြည်သူလူထုကို ကာကွယ်ပေးဖို့လိုပါတယ်" ဟု ဝန်ကြီးချုပ်ကဆက်လက်ပြောကြားခဲ့သည်။




ယခုလှူဒါန်းသော ဆိုင်ကယ်များသည် မှုခင်းကျဆင်းရေး၊ လုံခြုံရေးလုပ်ငန်းများ၊ လှည့်ကင်းလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်ကြောင်း၊ လူထုနှင့် အစိုးရပူးပေါင်း၍ တိုင်းပြည်၏လုံခြုံရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် Aung Kenbo ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်အောင်က မန္တလေးခရိုင်ရဲတပ်ဖွဲ့အတွက် Kenbo 250 အမျိုးအစားဆိုင်ကယ် ၂၅ စီး၊ အမှတ်(၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲအတွက်ငါးစီး စုစုပေါင်း အစီး ၃၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်စိုးဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရမည်းသင်းမြို့၌ လျှပ်စစ် မိန်းထရန်စဖော်မာကြီး နှစ်ဆတိုးချဲ့တပ်ဆင်

**ရမည်းသင်း မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံးဝင်းအတွင်းရှိ 5000 KVA ထရန်စဖော်မာကြီးအစား 10000 KVA ထရန်စဖော်မာကြီး နှစ်ဆတိုးချဲ့ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို မေ ၂၃ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရမည်းသင်းမြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအား တစ်ရက်ကြိုတင်၍ လုပ်ငန်းဆောင်ရွက်ချိန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်ထားမည် ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

လုပ်ငန်းခွင်သို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက 10000 KVA မိန်းထရန်စဖော်မာကြီး လဲလှယ်တပ်ဆင်နေမှု အခြေအနေကို လာရောက်လေ့လာကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ရေရှည်အသုံးပြုရန်အတွက် ကြံ့ခိုင်မှုရှိစေရန် 33/KV(Circuit Braker) အသစ်တပ်ဆင်နေကြောင်း၊ လျှပ်စစ်မီး ပြန်လည်ရရှိချိတ်ဆက်မီးလွှတ်ပြီး တစ်ညအိပ်စောင့်ကြည့်စစ်ဆေးပြီး ပြန်လည်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိန်းထရန်စဖော်မာ 5000 KVA မှ 10000 KVA အထိ နှစ်ဆတိုးချဲ့ တပ်ဆင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

ယင်းထရန်စဖော်မာတိုးချဲ့တပ်ဆင်ပြီးပါက ရမည်းသင်းမြို့ပေါ်ရပ်ကွက်များနှင့် ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာ လျှပ်စစ်မီးလင်းရေး၊ လျှပ်စစ်မီးသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

# ရေးမြို့နယ်အတွင်းရှိ ခြေတု၊ လက်တုဝေဒနာရှင်များအား ခြေဖဝါးခါးပတ်ပြန်လဲပေး

**ရေး မေ ၂၄**

ကမ္ဘာ့ကြက်ခြေနီ(ICRC)နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းကာ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိသည့် ခြေတုလက်တုလူနာဝေဒနာရှင် ၄၁ ဦးအား ရန်မျိုးအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၃ ရက်က ခြေဖဝါးခါးပတ် ပြန်လဲပေးပြီး လာရောက်ပြသခြင်းတစ်ကြိမ်တစ်ခါမှမရှိသည့် လူနာများကို မှတ်တမ်းထားရှိခဲ့ကြောင်း သိရသည်။

"ကရင်ပြည်နယ်ဘားအံမြို့တောင်ကလေး ခြေတု၊ လက်တုစက်ရုံကို လာရောက်ပြဖို့အတွက်ကိုလည်း သွားလာစရိတ်တွေပါ ပံ့ပိုးပေးနိုင်ဖို့နဲ့ တစ်ကြိမ်မှလာရောက်ပြသခြင်းမရှိတဲ့ လူတွေကိုလည်း မှတ်တမ်းတင်ယူခြင်း ဖြစ်ပါတယ်" ဟု ခြေတုပညာရှင် ဒေါ်နန်းစုစုလှိုင်ကပြောသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးအရှေ့ပိုင်းဒေသအတွင်းရှိ ခြေတု၊ လက်တု လူနာပေါင်း ၆၀၀၀ ကျော်ခန့်ကို အခမဲ့ကူညီပေးထားခဲ့ရာ ၇၀ ရာခိုင်နှုန်းမှာ မိုင်းနင်းမိခြင်းကြောင့်ဖြစ်၍ ၃၀ ရာခိုင်နှုန်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ ကမ္ဘာ့ကြက်ခြေနီအဖွဲ့မှ ခြေတုလက်တုလူနာများကို အဓိကငွေကြေးကူညီပံ့ပိုးပေးခဲ့ပြီး လူနာများအတွက်အခက်အခဲမရှိအောင် အခမဲ့အသစ် တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးနေသဖြင့် သတ်မှတ်ထားသော မြို့နယ်ဒေသအတွင်းရှိ ခြေတု၊ လက်တုလူနာများကိုလည်း သက်ဆိုင်ရာ နယ်မြေခံ ကြက်ခြေနီအသင်းခွဲနှင့် ပူးပေါင်းချိတ်ဆက်သွားရန် လိုအပ်နေဆဲရှိကြောင်း သိရသည်။



**နေမျိုးထွန်း(ရေး)**

# အမှိုက်ကို စနစ်တကျစွန့်ပစ်ရန် အသိပညာပေး

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန(ရုံးချုပ်)အစီအစဉ်ဖြင့် အမှိုက်စနစ်တကျစွန့်ပစ်ခြင်း အသိပညာပေးပြခန်းယာဉ်သည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားဈေးအနီး အသွားအလာစည်ကားများပြားရာ နေရာသို့ မေ ၂၄ ရက်က ဆိုက်ရောက်ခဲ့သည်။

အဆိုပါနေရာတွင် မော်တော်ယာဉ်ရပ်တန့်၍ မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်ရမည့် အချက်များကို ယာဉ်ပေါ်ပါပြခန်းများတွင် ပြသခြင်း၊ ပရိုဂျက်တာဖြင့် ပြသရှင်းလင်းဟောပြောခြင်း၊ ကြော်ငြာစာတမ်းစာစောင်များ လက်ဆင့်ကမ်းဝေငှပေးခြင်းဖြင့် လက်တွေ့အမှိုက်ကောက်ပုံ စနစ်တကျစွန့်ပစ်ခြင်းကို သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လူထုအခြေပြုရှေးဦးပြုစုခြင်း သင်တန်းဆင်း

**မိုးညှင်း မေ ၂၆**

ဒိန်းမတ်နိုင်ငံကြက်ခြေနီကော်မတီ DRC ၏ ထောက်ပံ့ကူညီမှုဖြင့် မြို့နယ်ကြက်ခြေနီအသင်းမှ ဦးဆောင်ဖွင့်လှစ်သည့် လူထုအခြေပြုရှေးဦးပြုစုခြင်း (First Aid) သင်တန်းဆင်းပွဲကို မိုးညှင်းမြို့နယ်မြိုင်သာယာကျေးရွာရှိ ရွာလယ်ဇရပ်၌ မေလ စတုတ္ထပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းလေးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ ရှေးဦးပြုစုခြင်းဆေးအိတ်များကို ခရိုင်ကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ဦးမာန်ပိုင်းကလည်းကောင်း၊ လူထုအခြေပြုရှေးဦးပြုစုခြင်းစာအုပ်များကို ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူးဒုတိယတန်း ဦးမြင့်ဦးငယ်ကလည်းကောင်း ပေးအပ်ခဲ့သည်။

ယင်း Project အစီအစဉ်ဖြင့် လူထုအခြေပြုသင်တန်းများကို မိုးညှင်းမြို့နယ်အတွင်းရှိ နန့်စော်လော်ကျေးရွာနှင့် နတ်ကြီးကုန်းရပ်ကွက်ရှိ စစ်ရှောင်စခန်း IDP CAMP များတွင် ဖွင့်လှစ်ခဲ့ပြီး မိုးညှင်းဒီဂရီကောလိပ်တွင် မကြာမီဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဘန့်ကွဲကျေးရွာ တောင်သူများအား မိုးစပါးချေးငွေထုတ်ပေး

**ပုသိမ်ကြီး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်ရန် မေ ၂၃ ရက်မှစ၍ ဘန့်ကွဲကျေးရွာ တောင်သူများအား ချေးငွေများ စတင်ထုတ်ပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ တိုင်းလယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းမြင့်တို့က မိုးစပါးစိုက်ပျိုးနိုင်ရန် ချေးငွေများထုတ်ချေးရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘန့်ကွဲကျေးရွာနေတောင်သူ ၁၂၂ ဦးအား မိုးစပါးစိုက်ဧက ၄၅၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၆၇၆၅၀၀၀၀ ကျပ် ထုတ်ချေးပေးကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# လေဘေးသင့်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ဟသ်ာတ မေ ၂၆**

ဟသ်ာတမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့်ပြိုလဲပျက်စီးခဲ့သည့်နေအိမ်များနှင့် အမိုးလန်ပျက်စီးနေအိမ်များအား ခရိုင်ကယ်ဆယ်ရေးနှင့်ပြန် လည်နေရာချထားရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မေ ၂၂ ရက်က ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက်က လေပြင်းတိုက်ခတ်၍လက်ပံလှအုပ်စုနှင့် ပဲကြီးကျွန်းအုပ်စု၊ ကျုံတုံးအုပ်စု၊ ကုလားခတ်အုပ်စုအတွင်းပြိုလဲပျက်စီးသွားသော အိမ်ခြေလေးလုံး၊ အမိုးလန်ပျက်စီးနေအိမ် ၃၇ လုံး၊ ဟသ်ာတမြို့နယ်လယ်တီအုပ်စုတွင် ပြိုလဲပျက်စီးနေအိမ်လေးလုံး၊ အမိုးလန် အိမ်ခြေ ၂၉ လုံးတို့အတွက် ထောက်ပံ့ပစ္စည်းများကို လေဘေးသင့်ပြည်သူများထံပေးအပ်ခဲ့ပြီး လေဘေးသင့်အိမ်ထောင်စုဝင်များအားအိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုးငွေများလည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မသန်စွမ်းသူများအား ကျောင်းသုံးပစ္စည်းနှင့် အလှူငွေများပေးအပ်

**မကွေး မေ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်စေတနာရပ်ကွက် အဝေရာသုခကျောင်းတိုက်၌ မေလတတိယပတ်က မသန်စွမ်းသူ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းနှင့် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပရာ တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးမြင့်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (မကွေး) ဥက္ကဋ္ဌ ဦးနေစိုးလင်းက မကွေးမြို့ရှိ မသန်စွမ်းသူ ၉၅ ဦးအား ကျောင်းသုံးပစ္စည်းများနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

# မီးဘေးသင့်မင်္ဂလာဈေးဟောင်းဖျက်သိမ်းရေး ကျပ်သိန်း ၂၅၂၀ ကျော်ဖြင့် တင်ဒါအောင်မြင်

**မန္တလေး မေ ၂၆**

မန္တလေးမြို့ရှိ မီးဘေးသင့်မင်္ဂလာဈေးဟောင်း အဆောက်အအုံကို ဖျက်သိမ်းရန်အတွက် တတိယအကြိမ်မြောက် တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါရွေးချယ်ပွဲကို မေ ၂၃ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး ခြောက်ထပ်ဆောင်ခန်းမ၌ ကျင်းပခဲ့ရာ အမြင့်ဆုံးဈေး ငွေကျပ်သိန်း ၂၅၂၀ ဖြင့် တင်ဒါအောင်မြင်သူတစ်ဦးကို ရွေးချယ်ခဲ့ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"မနေ့ကလုပ်တဲ့လေလံပွဲမှာ မန္တလေးအုပ်စုက ဦးကျော်မြင့်က အမြင့်ဆုံးဈေးပေးပြီး လေလံအောင်သွားပါတယ်။ မနေ့ကမှ တင်ဒါအောင်တာဆိုတော့ စာချုပ်မချုပ်ဆိုရသေးဘူး။ စာချုပ်ဖို့လည်း အမြန်ဆုံးလုပ်သွားမှာပါ။ စာချုပ်ချုပ်ဆိုပြီးမှသာ ဖျက်သိမ်းရေးလုပ်ငန်းကို ဘယ်တော့စမယ်ဆိုတာ သိရမှာပါ။ အခုဟာက ဈေးဟောင်းကို ရှင်းလင်းဖြိုဖျက်ဖို့အတွက် တင်ဒါခေါ်တာ။ ရှင်းလင်းပြီးမှသာ အသစ်ဆောက်လုပ်ဖို့အတွက်ကို လေလံထပ်ခေါ်သွားမှာပါ"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးဇော်ဝင်းက ပြောသည်။




မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် မင်္ဂလာဈေးအသစ် ပြန်လည်ဆောက်လုပ်ရန်အတွက် ဈေးဟောင်းဖျက်သိမ်းရေးအဖွဲ့ကို တင်ဒါခေါ်ယူခဲ့ရာ စာရင်းသွင်းသူ ၂၅ ဦးအနက် ဦးကျော်မြင့်က အများဆုံးပေးငွေ ကျပ်သိန်း ၂၅၂၀ ဖြင့် လေလံဆွဲဝယ်ယူခဲ့ခြင်းဖြစ်ပြီး တင်ဒါအောင်မြင်သူသည် မူလအဆောက်အအုံဟောင်းတွင် သုံးစွဲထားသည့် သံချောင်းလုံးများ အပါအဝင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံး၊ လိပ်တံခါးများ၊ ဆယ်တင်ပစ္စည်းဟောင်းများကို ရယူခွင့်ရှိကြောင်း သိရသည်။

မန္တလေးမြို့ မင်္ဂလာဈေးကြီးမှာ ၂၀၁၆ ခုနှစ် မတ် ၂၂ ရက်က မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် ငွေကျပ် သိန်းပေါင်းတစ်သောင်းကျော် ဆုံးရှုံးခဲ့ရကာ ယနေ့အချိန်ထိ မည်သို့သော အကြောင်းကြောင့် မီးလောင်ကျွမ်းခဲ့သည်ကို မသိရှိရသေးပေ။ မီးဘေးသင့် မင်္ဂလာဈေးဟောင်းကို ဖျက်သိမ်းနိုင်ရန်အတွက် မန်းစည်ပင်အနေဖြင့် ဖျက်သိမ်းရေးတင်ဒါကို ပြီးခဲ့သည့်နှစ် ဇူလိုင် ၁ ရက်မှစတင်၍ နှစ်ကြိမ်တိုင် ခေါ်ယူခဲ့သော်လည်း ကုမ္ပဏီများမှပေးသောနှုန်းနှင့် မန်းစည်ပင်မှ သတ်မှတ်နှုန်းထား ကိုက်ညီမှုမရှိသဖြင့် ကြန့်ကြာနေခဲ့ပြီး ယခု တတိယအကြိမ်ခေါ်ယူမှုတွင်မှ တင်ဒါအောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မီးဘေးသင့်မင်္ဂလာဈေးအား အသစ်ပြန်လည်တည်ဆောက်မည့် အဆောက်အအုံမှာ ကျပ် ၇ ဒသမ ၁၇ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး မန်းစည်ပင်၏ ဘတ်ဂျက်လျာထားမှုမရှိသည့်အတွက် အသစ်ဆောက်လုပ်မည့် အဆောက်အအုံကို အဖွဲ့ထပ်မံဖွဲ့စည်း၍ တည်ဆောက်ရေးလေလံကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြို့တွင်း၌ စက်သုံးဆီအရောင်းဆိုင် တည်ဆောက်ခြင်းကို ပြည်သူများကန့်ကွက်၍ လာရောက်စစ်ဆေး

**သုဝဏ္ဏဝတီ မေ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်အတွင်း တည်ဆောက်နေသော စက်သုံးဆီအရောင်းဆိုင်ကို ပြည်သူများ၏ ကန့်ကွက်တင်ပြမှုများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများ မေ ၂၄ က လာရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့အတွင်း၌ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ခြင်း၊ လမ်းနယ်နိမိတ် ကျဉ်းမြောင်းနေ၍ ယာဉ်အန္တရာယ်များ ကြုံတွေ့လာနိုင်ခြင်းတို့ကြောင့် စက်သုံးဆီဆိုင်တည်ဆောက်ခြင်းကို ပြည်သူများက သက်ဆိုင်ရာသို့ တင်ပြကန့်ကွက် တောင်းဆိုမှုကြောင့် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကြင်ထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

တာဝန်ရှိသူများက စစ်ဆေးပြီးနောက် ဓာတ်ဆီဆိုင်တည်ဆောက်နေမှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရန်၊ မြေငှားဂရမ်(Lease) ခွင့်ပြုနယ်နိမိတ်အတွင်းသာ ဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူဆောင်ရွက်ရန်၊ ခေတ်နှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့်အချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးက အကြံပြုကာ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရန် သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ (၃၄)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**မယ်စဲ့ မေ ၂၆**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၄) ကြိမ်မြောက် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ အစည်းအဝေးကို မေ ၂၄ ရက်က မြို့အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားဆက်ဆံရေးကော်မတီ(ဖားဆောင်း)ဥက္ကဋ္ဌ ခမရ(၄၃၀)မှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးချမ်းပြည့်ဝင်းနှင့် ထိုင်း-မြန်မာ မြို့နယ်အဆင့် နယ်ခြားဆက်ဆံရေးကော်မတီ(မယ်ဟောင်ဆောင်)ဥက္ကဋ္ဌ အမှတ်(၁၇)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝေါရထိပ်ဘွန်ရတို့က အမှာစကားပြောကြားသည်။

ထို့နောက် နယ်ခြားဆက်ဆံရေးကော်မတီ(ဖားဆောင်း)ဥက္ကဋ္ဌက နှစ်နိုင်ငံကြား တရားမဝင် အကောက်အခွန်မဲ့ပစ္စည်းများ တင်ပို့/တင်သွင်းမှု မရှိစေရေး၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း ဆိုင်ရာများ၊ ပြည်တွင်းမှ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ နယ်စပ်ဝင်ပေါက်မှ တရားမဝင် ဝင်ရောက်မှု မရှိစေရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးသတင်း အပြန်အလှန်ဖလှယ်နိုင်ရေး စသည့်အချက်များကို ဆွေးနွေးသည်။

မယ်ဟောင်ဆောင်ကော်မတီ ဥက္ကဋ္ဌကလည်း ထိုင်းစစ်တပ်နှင့် မြန်မာစစ်တပ် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ညီအစ်မကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပူးပေါင်းကာ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ အားကစားဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အာဆီယံသစ်တောအဖြစ် သတ်မှတ်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတားမြစ်ရေး၊ ဟွေတန္တနယ်ခြားဂိတ် ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ထိုင်းနိုင်ငံ နားဆွယ်ဒုက္ခသည်စခန်းမှ မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရေး၊ ထိုင်းနိုင်ငံမှ ကုန်သွယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံ တောင်ကြီးမြို့အထိ သွားရောက်ရောင်းချနိုင်ရေး စသည့်အချက်များကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ မြို့နယ်အဆင့်နယ်ခြားဆက်ဆံရေးကော်မတီ(ဖားဆောင်း)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ခုနစ်ဦး၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံမှ နယ်ခြားဆက်ဆံရေးကော်မတီ(မယ်ဟောင်ဆောင်)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၃၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# သက်တမ်းလွန်စားသောက်ကုန်နှင့် ဆေးဝါးများ ရောင်းချခြင်းမရှိရန် စစ်ဆေး

**ရေး မေ ၂၆**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အစားသောက်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေသောဆိုင်များတွင် သက်တမ်းလွန်စားသောက်ကုန်နှင့် ဆေးဝါးများ ရောင်းချခြင်းမရှိစေရန်အတွက် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်နှင့် တာဝန်ရှိသူများ မေ ၂၄ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။




ကွင်းဆင်းစစ်ဆေးရာတွင် သက်ဆိုင်ရာဌာနများဖြစ်ကြသည့် ကျန်းမာရေး၊ စည်ပင်၊ ရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီးပွားကူးသန်းစသည့် ဌာနများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ရေးမြို့ပေါ်ရပ်ကွက်များရှိ ဆေးဆိုင်ကိုးဆိုင်နှင့် မြသီတာဈေးအတွင်းရှိ ကုန်စုံဆိုင်များကို ဆေးဆိုင်မှတ်ပုံတင်ထားခြင်းရှိမရှိ၊ သက်တမ်းလွန် ဆေးဝါးများ၊ တားမြစ်ဆေးများနှင့် အန္တရာယ်ဖြစ်စေသည့် စားသောက်ကုန်များ ရောင်းချခြင်းရှိမရှိကို လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အန္တရာယ်ဖြစ်စေနိုင်သည့် သက်တမ်းလွန်ဆေးဝါးများနှင့် တားမြစ်ထားသည့် စားသောက်ကုန်၊ အလှကုန်များကို ရောင်းချခြင်းမရှိစေရန်နှင့် ပြည်သူများအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲနိုင်စေရန် ယခုလို စစ်ဆေးမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ကွင်းဆင်းစစ်ဆေးရာတွင် ပါဝင်သော ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာမြတ်မြတ်ခိုင်က ပြောသည်။ ဆေးဝါး၊ အစားအသောက်နှင့် အလှကုန်ပစ္စည်းများ ရောင်းချနေသူများအနေဖြင့် ပြည်သူများ အန္တရာယ်ဖြစ်စေနိုင်သည့် ဆေးများ၊ စားသောက်ကုန်များ၊ အလှကုန်များကို ရောင်းချခြင်းမပြုစေရန် ပညာပေးမှုများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွင်(ရေး)**

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် တောင်သူလေ့လာရေးခရီးစဉ်များပြုလုပ်

**နေပြည်တော် မေ ၂၆**

နေပြည်တော် ဥတ္တရခရိုင် တောင်သူအဖွဲ့နှင့် ဒက္ခိဏခရိုင် တောင်သူများအဖွဲ့တို့ နည်းပညာလေ့လာရေး နှီးနှောဖလှယ် လေ့လာရေးခရီးစဉ်များကို မေ ၂၂ ရက်နှင့် ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ခရိုင်များအတွင်းရှိ နွေစပါးမျိုးစေ့ထုတ်စိုက်ကွင်းများ၊ စံပြကွက်များ၊ စမ်းသပ်ကွက်များအပါအဝင် ပညာပေးလုပ်ငန်းများကို ဒေသတွင်းတောင်သူများ မြင်တွေ့လေ့လာနိုင်ရန် လေ့လာရေးခရီးများ ပြုလုပ်ခြင်းဖြစ်ပြီး ခရီးစဉ်များတွင် မြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်အသင်းဝင် တောင်သူများ၊ စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းသားများ၊ အဆင့်မြင့်စံပြကျေးရွာများမှ တောင်သူများ၊ KC အဖွဲ့များ၊ ဆယ်မားအူးလ်အွန်ဒုံစီမံကိန်း ကော်မတီဝင်များနှင့် အကျိုးဆောင်တောင်သူများ ပါဝင်ကြသည်။

တစ်မြို့နယ်မှ တစ်မြို့နယ်သို့လေ့လာခြင်းဖြင့် အသိပညာများနှီးနှောဖလှယ်နိုင်ရန်၊ ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်များ၊ SRI ကဲ့သို့ ပျိုးသက်နု ကောက်ကွက်ကျဲစနစ်များကို လက်တွေ့သိမြင်စေရန်၊ ခရီးစဉ်အတွင်း တွေ့ရှိလေ့လာမှုများကို တောင်သူအချင်းချင်း အပြန်အလှန်ဆွေးနွေးကာ အားနည်းချက်၊ အားသာချက်များ သိရှိလာစေရန် ရည်ရွယ်၍ မြို့နယ်အလိုက် စိုက်ခင်းများ၊ စိုက်ကွက်များ၊ မျိုးသန့်ထုတ်စက်ရုံ၊ စိုက်သိပ္ပံ GAP ဟင်းသီးဟင်းရွက်စိုက်ခင်း၊ အအေးခန်းစက်ရုံ၊ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံ၊ ပေါင်းစည်းလယ်ယာမှ မျိုးသန့်မျိုးပွားစိုက်ခင်းများ စသည့်နေရာများသို့ သွားရောက်လေ့လာခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ယခုလို လေ့လာခွင့်ရတဲ့အတွက် တောင်သူများမှာ အမှန်တကယ် အကျိုးရှိပါတယ်။ မျိုးစေ့ထုတ်စိုက်ခင်းများ၊ မျိုးစေ့ထုတ်စက်ရုံ၊ အအေးခန်းစက်ရုံတွေကို လေ့လာခွင့်ရခဲ့တယ်။ တောင်သူအချင်းချင်း မျိုးများဖလှယ်နိုင်ရန် RS ဖြန့်ဖြူးနိုင်ရေး၊ တောင်သူအစုအဖွဲ့လိုက် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနဲ့ မျိုးကောင်းမျိုးသန့်များကို ယခုထက်ပိုမို၍ စမ်းသပ်ကွက်၊ စံပြကွက်များ လုပ်ဆောင်သင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်" ဟု တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာမှ တောင်သူ ဦးကျော်လွင်က ပြောသည်။

ဥတ္တရသီရိမြို့နယ်မှ တောင်သူဦးဖိုးဆယ်ကလည်း "မြေဆီမြေလွှာကောင်းမွန်စေရေးအတွက် သဘာဝမြေဩဇာ အသုံးပြုနိုင်ဖို့ သဘာဝမြေဇာထုတ်လုပ်ပုံအဆင့်ဆင့်ကို လေ့လာခဲ့ပါတယ်။ တောင်သူများအနေဖြင့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကို ဓာတ်ကြွင်းနည်းတဲ့ဓာတုပစ္စည်းများကို သုံးစွဲဖို့လိုပါတယ်။ နောက်ပြီး မျိုးကောင်းမျိုးသန့်များကို ကိုယ်တိုင်ဖြန့်ဖြူးထုတ်လုပ်နိုင်ရေး တောင်သူများက ပူးပေါင်းဆောင်ရွက်ဖို့လိုတာတွေကို ဆွေးနွေးခဲ့ပါတယ်"ဟု ပြောသည်။

တောင်သူများလေ့လာမှု အပြီးတွင် ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အဖြစ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ(Integrated High Teachnology Demonstration Village)ဖြစ်သော ရေအေးစံပြကျေးရွာမှ တောင်သူများနှင့် ဆွေးနွေးခဲ့ကာ ရေအေး KC ၌လည်း တောင်သူများအချင်းချင်း နည်းပညာများ အပြန်အလှန်ဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း - ကျော်သူဝင်း ၊ ဓာတ်ပုံ - သက်ထက်**



# ဂျပန်ကူညီမှုဖြင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရန်ကုန်မြို့၌ ဝင်ကြေး(အခမဲ့) ကျင်းပမည်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဂျပန်နိုင်ငံ အကူအညီဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ လာမည့် မေ ၂၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရိုးရာလက်ဝှေ့ ဝါသနာရှင်များအတွက် ရုံဝင်ကြေး(အခမဲ့)ဖြင့် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အဖွဲ့ချုပ်အနေနဲ့ မြန်မာ့ရိုးရာလက်ဝှေ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်တဲ့ဘက်က ဆောင်ရွက်ပေးနေပါတယ်။ ခုဆိုရင် ပြည်တွင်းကလပ်အရေအတွက် ပိုမိုများပြားလာသလို ကစားသမားတွေ ရေရှည်ရပ်တည်နိုင်မှုအတွက်လည်း ပွဲစဉ်မပြတ်ရေးကို ရှေးရှုပြီး ပြည်တွင်း၊ ပြည်ပပွဲစီစဉ်သူတွေကို ဦးဆောင်ပေးတာတွေ ရှိပါတယ်။ ဒါ့အပြင် ရိုးရာလက်ဝှေ့ကလပ်တွေကိုလည်း လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို အဖွဲ့ချုပ်အနေနဲ့ ကူညီထောက်ပံ့ပေးတာ ခုဆိုရင် ကလပ် တော်တော်များများကို ပေးနိုင်ခဲ့ပါတယ်။ အခုကျင်းပမယ့် ပွဲကလည်း ရိုးရာလက်ဝှေ့သမားတွေ ပွဲစဉ်အလုမ်းမဝေးအောင် ဂျပန်နိုင်ငံ ကုမ္ပဏီတစ်ခုရဲ့ ကူညီထောက်ပံ့ပေးမှုနဲ့ အဖွဲ့ချုပ်က ဦးဆောင်ကျင်းပတာပါ။ အခုကတော့ ရိုးရာလက်ဝှေ့ဆိုတာ ပွဲစဉ်ရှိနေမှ သူတို့လေးတွေရဲ့ ဘဝရပ်တည်မှုက ခိုင်မြဲမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဒီပွဲမှာ ရုံးဝင်ကြေးကို အခမဲ့ ကျင်းပပေးတာပါ"ဟုမြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။

ယခုကျင်းပမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသည် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဂျပန်နိုင်ငံ Manda အားဖြည့် အစားအစာကုမ္ပဏီမှ ပံ့ပိုးကူညီပေးခြင်းဖြစ်ကာ သုံးချီပွဲလေးပွဲ၊ လေးချီပွဲသုံးပွဲနှင့် ငါးချီအထူးစိန်ခေါ်ပွဲတစ်ပွဲ စုစုပေါင်း ပွဲစဉ်ရှစ်ပွဲ ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။ မျိုးဆက်သစ် သုံးချီစိန်ခေါ်ပွဲများတွင် ငြိမ်းချမ်း(ဖီးနစ်ကလပ်)နှင့် စိုးမိုးနိုင်(AMT)၊ ရဲထက်စိုး(T & T)နှင့် ဖိုက်တာ(အဖြူရောင် သွေးသစ်)၊ ရွှေကျား(စစ်ကိုင်း)နှင့် ရွှေဝင်းအောင်(AMT)၊ နိုင်ဝင်းထွန်း(ရာမညအားမာန်)နှင့် လင်းယဉ်သွေး(စစ်ကိုင်း)၊ လေးချီ စိန်ခေါ်ပွဲများတွင် ချစ်ဆူးငယ် (T & T) နှင့် မိုးလေး(ဗမာ့သွေး)၊ စိန်လုံးချော(ဗမာ့သွေး)နှင့် သွေးသစ်အောင်(အဖြူရောင်သွေးသစ်)၊ လမ်းမယူ(ရာမညအားမာန်)နှင့် ဘိုဘိုအောင်(AMT)၊ နောက်ဆုံး အထူးငါးချီစိန်ခေါ်ပွဲတွင် ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရှင် ထွန်းလင်းခန့်(စစ်ကိုင်း)နှင့် သန့်ဇင်ထွန်း(ကျားဘုရင်သထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဖွဲ့ချုပ်အနေဖြင့် ယခုစိန်ခေါ်ပွဲများအတွက် အားကစားသမားများအား ဆေးစစ်၊ ဝိတ်ချိန်ခြင်းကို မေ ၂၇ ရက်တွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ စစ်ဆေးသွားမည်ဖြစ်၍ အားကစားသမားများအနေဖြင့် မပျက်မကွက်လာရောက်စစ်ဆေးမှုခံယူရန်အဖွဲ့ချုပ်က အားကစားသမားများထံ အကြောင်းစာများ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**





ငါးချီပွဲတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ထွန်းလင်းခန့် (စစ်ကိုင်း)နှင့် သန့်ဇင်ထွန်း(ကျားဘုရင်သထုံ)

# လပွတ္တာမြို့နယ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် အကြို စက္ခုအလင်းဒါနပြုပွဲကြီး

**ဆောင်းပါး-သပြေထွန်း**

နေလုံးရယ်နီ တိမ်ပလီငွေသွေးနှင့် နတ်ရေးသည်သို့၊ ဒီအကျတွင်ဖြင့် အလုလတာ ပြင်က ကျူရိုးရှင်လှေကလေးနှင့် မျှော်ငေးလိုလို့...။(ဆရာဇော်ဂျီ)

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယနေ့ထိတိုင် ဆားလုပ်ငန်း၊ ငါးလုပ်ငန်းများဖြင့် ထင်ရှားလျက်ရှိသည့် လပွတ္တာမြို့သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြစ်ချောင်းအင်းအိုင်များ ပေါများပြီး သာယာစည်ကားလျက်ရှိသော ရေလုပ်ငန်းမြို့တော်တစ်ခုဖြစ်သည်။ ရွှေးမြစ်၊သက္ကယ်သောင်မြစ်၊ ပြာမလော့မြစ်၊ ဧရာဝတီမြစ်တို့ စီးဆင်းလျက်ရှိပြီး မြောက်ပိုင်းတွင် အမြင့်ပေ ၅၀ အောက် တောင်ကုန်းကမူ အနည်းငယ်ရှိသည်မှအပ ကျန်ဒေသအားလုံးမှာ မြေပြန့်ဖြစ်သည်။ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၃ မိနစ်မှ ၂၅ ဒီဂရီ ၄၀ မိနစ် ၃၀စက္ကန့်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၃၃ မိနစ်နှင့် ၉၅ဒီဂရီ ၉မိနစ်အကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၁၁၆၀ စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့မှအနောက်သို့ ၂၃ ဒသမ ၂ မိုင်ရှိကာ တောင်မှ မြောက်သို့ ၃၆ ဒသမ ၀၆ မိုင်ရှိသော ရေနံ့ဝင် ပင်လယ်မြို့တော်တစ်ခုဖြစ်သည်။

လာမည့် ၂၀၁၈ ခုနှစ်ကာလတွင် လပွတ္တာမြို့တည်နှစ်သည် နှစ်တစ်ရာ ပြည့်မြောက်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ရာပြည့်အထိမ်းအမှတ်အတွက် အကြိုအခမ်းအနားများအဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပရဟိတအလှူအတန်းများ၊ ကုသိုလ်ဒါနပြုပွဲများကိုလည်း အခါအားလျော်စွာ ကျင်းပဆောင်ရွက်လျက်ရှိနေကြသည်။ ယခု မေလဆန်းအတွင်း မေ ၈ ရက်မှ ၁၃ ရက်အထိတွင်လည်း လပွတ္တာမြို့ရာပြည့်အထိမ်းအမှတ် အကြိုအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏ စီစဉ်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပူးပေါင်းပါဝင်ကူညီမှု၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုကြီးကြပ်မှုနှင့် Grand Royal Group မှ မတည်လှူဒါန်းမှုတို့ဖြင့် လပွတ္တာမြို့နယ်တွင်းရှိ မြို့ပေါ် ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာအုပ်စု ၆၅ အုပ်စုမှ မျက်စိဝေဒနာရှင်များအား စက္ခုအလင်းဒါနအဖြစ် ကျွမ်းကျင်ဆရာဝန်ကြီးများ ဦးစီးသောအဖွဲ့က မျက်စိရောဂါများ အခမဲ့ စမ်းသပ်ခြင်းနှင့် ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်မတို့ မြန်မာနိုင်ငံတစ်နံတစ်လျားမှာ ခုလိုမျက်စိဝေဒနာရှင်တွေ ရောဂါပျောက်ကင်းပြီး အလင်းရဖို့အတွက် အခုလို လှူဒါန်း ကုသခွဲစိတ်ပေးခဲ့တာ ဒီအကြိမ်ဆိုရင် ၂၄ ကြိမ် ရှိပါပြီရှင့်။ ကုသပေးခဲ့တဲ့လူပေါင်း ၇၀၀၀၀ ကျော်ခဲ့ပါပြီ။ ဒီမှာကတော့ လပွတ္တာမြို့ရာပြည့်အထိမ်းအမှတ် အကြိုအဖြစ် လာရောက်လှူဒါန်းတာပါ။ မေ ၈ ရက်ကနေ ၁၃ ရက်အထိ ခြောက်ရက်ကြာ ကုသပေးခဲ့တာပါ"ဟု Grand Royal Group မှ PR မန်နေဂျာ မလှမြတ်သူက ပြောသည်။

"ကျွန်မတို့ ဒီ ၆ ရက်ကာလအတွင်းမှာ တောရောမြို့ပါ လူပေါင်း ၅၄၆၃ ယောက်ကို စမ်းသပ်ကုသပေးပြီး ၃၁၁ ယောက်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ လပွတ္တာမြို့ပေါ် ရပ်ကွက် ၁၀ ခု၊ ပြင်စလူမြို့နယ်ခွဲက ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၆၅ စုနဲ့ ကျေးရွာ ၅၀၅ ရွာကနေ လာရောက်ကြရတာဖြစ်တဲ့အတွက် ငွေကုန်ကြေးကျ များနိုင်ပါတယ်။ အဲဒီအတွက်လည်း လူနာတွေရဲ့သွားလာစရိတ်အပြင် စားသောက်ရေး၊ တည်းခိုနေထိုင်ရေးနဲ့ ဆေးဝါးကုသမှု ကုန်ကျစရိတ်အပါအဝင် လူနာစောင့်တစ်ဦးစီအတွက်ပါ အခမဲ့ စီစဉ်ပေးခဲ့ပါတယ်။ ကုသမှုအနေနဲ့ကတော့ ရဲတံခွန်အားကစားခန်းမမှာ ကနဦးစစ်ဆေးမှု ပြုလုပ်ပြီး လပွတ္တာ သုံးမိုင်မြို့မှာရှိတဲ့ ခုတင် ၂၀၀ ဆံ့ ဆေးရုံမှာ ခွဲစိတ်ကုသပေးထားတာ ဖြစ်ပါတယ်"ဟုလည်း ကုသပေးခဲ့ပုံကို ၄င်းက ဆက်လက်ရှင်းပြသည်။

လူနာအင်အားများတဲ့အပေါ်မှာ မြစ်ဝကျွန်းပေါ် အစွန်အဖျားလည်းဖြစ်နေတော့ ခွဲစိတ်ကုသရတဲ့နေရာမှာ စက်ကိရိယာလိုအပ်ချက်နဲ့ ဆရာဝန်လိုအပ်ချက်တော့ ရှိကောင်းရှိနိုင်တယ်။ ခွဲစိတ်ဖို့လျာထားချက် သေချာသော်လည်း ရုတ်တရက် သွေးတိုးလာတာလိုမျိုး ဆေးပညာဆိုင်ရာအခက်အခဲတစ်ခု ဖြစ်ပေါ်လာလို့ ရက်ရွှေ့ အချိန်ရွှေ့ရတဲ့အခါ၊ ခွဲစိတ်လို့မရတဲ့အခါ အချို့လူနာနဲ့ လူနာရှင်တွေ ကျွန်မတို့အပေါ် နားလည်မှုလွဲပြီး ငြိုငြင်မှုကြုံရတော့ စိတ်မကောင်းဖြစ်ရပါတယ်။ အခုခွဲစိတ်မှုမှာ



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်မန်းဂျော်နီ မျက်စိဝေဒနာရှင်များအား လှည့်လည်ကြည့်ရှုအားပေးစဉ်

အကြောင်းအမျိုးမျိုးကြောင့် မခွဲဖြစ်တဲ့လူနာတွေအတွက်လည်း နောင် ခွဲစိတ်လို့ရတဲ့အခြေအနေရောက်ရင် ခွဲစိတ်ကုသနိုင်ဖို့လည်း လပွတ္တာခရိုင် ဆေးရုံအုပ်ကြီးနဲ့ ညှိနှိုင်းဆောင်ရွက်ပေးထားပြီးလည်းဖြစ်ပါတယ်"ဟု ကြုံတွေ့ရသော အခက်အခဲအချို့နှင့်ပတ်သက်၍လည်း မလှမြတ်သူက ဆက်ပြောပြသည်။

"ကျွန်မတို့အဖွဲ့က မျက်စိနဲ့ပတ်သက်တဲ့ အလှူဒါနအပြင် သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ရေဘေးကြုံတုန်းကလည်း ရေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးတွေမှာ ပါဝင်ကူညီ လှူဒါန်းပေးနေပါတယ်။ ရေရှားတဲ့ဒေသတွေမှာလည်း သက်ဆိုင်ရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနနှင့်တွဲပြီး စက်ရေတွင်းတွေ၊ ရေကန်တွေ တူးဖော်တည်ဆောက် လှူဒါန်းပေးလျက်ရှိပါတယ်။ အခု စက္ခုအလင်းဒါနကတော့ လပွတ္တာ ရာပြည့်အကြို အလှူအဖြစ် လာဖြည့်ကူတာ ဖြစ်ပါတယ်"ဟုလည်း ၄င်းက ဆိုသည်။

Grand Royal Group မှ CSR manager ဦးတင့်ဝေက "အခုလို လပွတ္တာမြို့မှာရှိတဲ့ ရဟန်းရှင်လူပြည်သူတွေ မျက်စိဝေဒနာ ပျောက်ကင်းရေးနဲ့ အမြင်အာရုံ ကြည်လင်ကောင်းမွန်စွာ ခံစားရရှိနိုင်စေဖို့ အခုလို လာရောက်လှူဒါန်းပေးတာဟာ လာမယ့် ၂၀၁၈ ခုနှစ်မှာ နှစ်(၁၀၀)ပြည့်မယ့် လပွတ္တာရာပြည့်ပွဲကို ကြိုဆိုတဲ့အနေနဲ့ရော၊ နာဂစ် ကိုးနှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ရော ကုသိုလ်ဒါန ပြုလုပ်လှူဒါန်းတာဖြစ်ပါတယ်။ နာဂစ်ကြောင့် ကွယ်လွန်ခဲ့ကြတဲ့သူတွေလည်း မကျွတ် မလွတ်ကြသေးရင် အမျှရပြီး ကျွတ်လွတ်စေဖို့ ရည်ရွယ်ချက်လည်း ပါတာပေါ့။ ကျွန်တော်တို့ကုမ္ပဏီက ရလာတဲ့အမြတ်အစွန်းကို အခုလို ပရဟိတလှူဒါန်းမှုမှာ မုဒိတာအပြည့်နဲ့ ထည့်ဝင်လှူဒါန်းတာဖြစ်ပါတယ်။ အခု လပွတ္တာ ရာပြည့်အထိမ်းအမှတ် အကြိုအလှူဒါနအဖြစ် မျက်စိစမ်းသပ်ကုသခွဲစိတ်ပေးတဲ့ ဆောင်ရွက်မှုမှာလည်း ကုသပေးရုံတင်မဟုတ်ဘဲ လူနာနဲ့ လူနာစောင့်ပါ သွားလာရေးအဆင်ပြေဖို့နဲ့ စားသောက်နေထိုင်မှု အဆင်ပြေဖို့အတွက်ပါ စီစဉ်ပေးထားပါတယ်။ အခုလို ကျွန်တော်တို့ရဲ့ရာပြည့်အကြို စက္ခုအလင်းဒါနပြုပွဲ အောင်မြင်အောင် အဘက်ဘက်က ပါဝင်စီမံ ဆောင်ရွက်ပေးခဲ့တဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီအပါအဝင် အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ရှစ်ဖွဲ့နဲ့ ဝိုင်းဝန်းကူညီသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

လပွတ္တာမြို့နယ်သည် ယခင်က မြောင်းမြခရိုင်အတွင်း ပါဝင်ပြီး မြို့နယ်ရုံးစိုက်ရာဒေသဖြစ်သည်။ လပွတ်ဟူသောစကားမှာ မွန်ဘာသာ လပတ်၏ ပုဒ်ပျက်ဖြစ်ပြီး မြစ်နှစ်သွယ်ကိုဆက်သွယ်ထားသော ရေကျော်ဟု အဓိပ္ပာယ်ရကာ တာဟူသောစကားမှာ မြန်မာဘာသာအားဖြင့် ထန်းဟု ဖွင့်ဆိုထားကြောင်းတွေ့ရသည်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းတိုက်ခတ်မှု ခံရပြီးနောက် နိုင်ငံတော်အကြီးအကဲများက လေဘေးသင့်ဒေသသို့ ကွင်းဆင်းခဲ့ပြီး လပွတ္တာကိုလည်း ခရိုင်အဖြစ် အဆင့်မြှင့်တင်၍ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ပြင်စလူမြို့နယ်ခွဲတို့ဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

လပွတ္တာမြို့နယ်သည် အရှေ့ဘက်တွင် ဘိုကလေးမြို့နယ်၊ အနောက်ဘက်တွင် ငပုတောမြို့နယ်၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် မြောက်ဘက်တွင် မြောင်းမြ မြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်များနှင့် နယ်နိမိတ် ထိစပ်လျက်ရှိသည်။

ဘိုကလေးမြို့နယ် မောင်းတီးကျေးရွာမှလာ၍ ကုသမှုခံယူသော မျက်စိဝေဒနာရှင် အဘွားနန့်လေခင်က "အမေ့အသက် ၆၈ နှစ်ရှိပါပြီ။ အခုလို လာရောက်ကုသပေးတာ အရမ်းဝမ်းသာ ကျေးဇူးတင်ပါတယ်။ မျက်စိက မှုန်လည်းမှုန် အောင့်လည်းအောင့် ဖြစ်နေတာကြာပြီ။ မကုနိုင်လို့ မကုဘဲ နေနေရတာ။ အခု ဒီမှာတင် လာကုပေးတော့ ပိုက်ဆံလည်းမကုန်တော့ ဝမ်းသာတယ်။ အလှူရှင်နဲ့ ဆရာဝန်တွေအပါအဝင် အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

လပွတ္တာမြို့နှင့် အလှမ်းဝေးသည့် သစ်ပုတ်ကျေးရွာမှ ကရင်အဘွားတစ်ဦးကလည်း "တိမ်ရှိတယ်လို့ သိရတာတော့ ကြာပြီကွယ့်၊ အကြောင်းအမျိုးမျိုးကြောင့် မခွဲဖြစ်ခဲ့ဘူး။ အခု အလှူရှင်ပေါ်လို့ ဆိုက်ဆိုက်မြိုက်မြိုက် ခွဲစိတ်ကုသခွင့်ရတာ ဝမ်းသာတာပေါ့။ အလှူရှင်တွေရော ပါဝင်သူအားလုံးကို မေတ္တာပို့သပါတယ်"ဟု ပြောသည်။

နေလှန်းဆားချက်လုပ်ငန်း၊ ပင်လယ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် နေသားကျပြီး တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်နေသည့် လပွတ္တာမြို့နယ်သည် မကြာသောအချိန်ကာလ လာမည့် ၂၀၁၈ ခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်သည့် သက်တမ်းကို ဖြတ်သန်းရောက်ရှိတော့မည်ဖြစ်သည်။ လပွတ္တာမြို့နယ်နှင့်တကွ ဒေသနေသူအားလုံး နှစ်ပေါင်းများစွာ အောင်မြင် ချမ်းသာပါစေသော်။ ။

**တောရောမြို့ပါ လူပေါင်း ၅၄၆၃ ယောက်ကို စမ်းသပ်ကုသပေးပြီး ၃၁၁ ယောက်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ လပွတ္တာမြို့ပေါ် ရပ်ကွက် ၁၀ ခု၊ ပြင်စလူမြို့နယ်ခွဲက ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၆၅ စုနဲ့ ကျေးရွာ ၅၀၅ ရွာကနေ လာရောက်ကြရတာဖြစ်တဲ့အတွက် ငွေကုန်ကြေးကျ များနိုင်ပါတယ်။ အဲဒီအတွက်လည်း လူနာတွေရဲ့သွားလာစရိတ်အပြင် စားသောက်ရေး၊ တည်းခိုနေထိုင်ရေးနဲ့ ဆေးဝါးကုသမှု ကုန်ကျစရိတ်အပါအဝင် လူနာစောင့်တစ်ဦးစီအတွက်ပါ အခမဲ့ စီစဉ်ပေးခဲ့ပါတယ်။ ကုသမှုအနေနဲ့ကတော့ ရဲတံခွန်အားကစားခန်းမမှာ ကနဦးစစ်ဆေးမှု ပြုလုပ်ပြီး လပွတ္တာ သုံးမိုင်မြို့မှာရှိတဲ့ ခုတင် ၂၀၀ ဆံ့ ဆေးရုံမှာ ခွဲစိတ်ကုသပေးထားတာ ဖြစ်ပါတယ်**



## ပညာရေးလောကအတွက် ကျောင်းဆရာလေး သရစောထီးအဖြစ် ပုံဖော်ထားသည့် ထွန်းထွန်း

ကိုလင်း

ဇာတ်လမ်း/ ဇာတ်ညွှန်း မောင်သူရ (ဇာဂနာ) ရေးသားပြီး ဒါရိုက်တာ ဦးအောင်လွင် ရိုက်ကူးမည့် “သရစောထီး”ဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်ကားတွင် ကျောင်းဆရာလေး သရစောထီးအဖြစ် အကယ်ဒမီထွန်းထွန်း ပါဝင်သရုပ်ဆောင် သွားမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် ထွန်းထွန်း၊ ယုသန္တာတင်နှင့် အနုပညာရှင်များစွာ ပါဝင်ရိုက်ကူးထားသည်။

“ဒီဇာတ်ကားကပညာရေးလောကမှာ ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေကို ထောက်ပြထားတဲ့ ဇာတ်ကားပါ။ အဓိကတော့ ပညာရေးအတွက် ပညာပေးမယ့်ဇာတ်လမ်းလေးဖြစ်ပါတယ်။ ပညာရေးစနစ်နဲ့နယ်မှာရှိတဲ့ကလေးတွေရဲ့ဘဝတွေကို ပုံဖော်ထားတာပါ။ ကျွန်တော့်အတွက်လည်း သရုပ်ဆောင်ရမယ့် နေရာလေးက ထူးခြားတယ်။ သဘာဝကျတဲ့ဇာတ်ရုပ်လေးပါ။ ဒီကားမှာကျွန်တော်က ကျောင်းဆရာလေးစောထီး နေရာမှာ သရုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်က ဒီဇာတ်ကားထဲမှာ ၁၀ တန်းမအောင်သေးတဲ့ ကျောင်းဆရာလေး တစ်ယောက်ပါ။ ဘာဖြစ်လို့ မအောင်သလဲဆိုရင် စာမေးပွဲဖြေတော့မယ့် ရက်အနည်းငယ်အလိုလောက်မှာ ကျွန်တော် အဖျားအကြီးအကျယ်ဝင်ပြီး သွားမဖြေလိုက်ရဘူး။ ဒါပေမယ့်စိတ်ဓာတ်မကျဘဲ ကျွန်တော့်ရွာမှာ ရှိတဲ့ကလေးတွေကို ကျွန်တော်တတ်သလောက် စာတွေသင်ကြားပို့ချပေးတဲ့ ကျောင်းဆရာလေးဖြစ်ခဲ့တယ်၊ ဒီဇာတ်ကားလေးကိုလက်ခံဖြစ်တာက ဒီထဲမှာပါတဲ့ စောထီးနဲ့ ကျွန်တော့်အသက်အရွယ် လိုက်ဖက်မှုရှိတယ်။ ပြီးတော့ ဘကြီးအောင်တို့လို ဝါရင့်အနုပညာရှင်ကြီးတွေနဲ့လည်းအတူ အလုပ်လုပ်ချင်တယ်။ ဘကြီးအောင်က ကျွန်တော့်ကို ကမ်းလှမ်းလာတဲ့အခါမှာ ဝမ်းသာအားရနဲ့လက်ခံဖြစ်ခဲ့တာပါ”ဟု ထွန်းထွန်းက ပြောသည်။

အဆိုပါဇာတ်ကားကို လာမည့် ဇွန်လတွင်စတင်ရိုက်ကူးသွားမည်ဖြစ်ပြီး ရိုက်ကွင်းနေရာများကို တောင်ငူမြို့ရှိ သံတောင်ဘက်တွင် သွားရောက်ရိုက်ကူးရန် ရည်ရွယ်ကြောင်း သိရသည်။

## ပကတိလူ့လောကအကြောင်းကို အပြုသဘောဆောင်ရိုက်ကူးခွင့်ရမှသာ မြန်မာ့ရုပ်ရှင်တစ်ခေတ်ဆန်းနိုင်မည်


လာမည့်လအတွင်း အမုန်းမှသည်အမည်ရှိ ဇာတ်လမ်းတွဲအား နေပြည်တော်တွင် သွားရောက်ရိုက်ကူးဖြစ်မည် ဖြစ်ကြောင်း သရုပ်ဆောင် မင်းဦးက ပြောပြသည်။ ဇာတ်လမ်းတွဲများ ခေတ်စားလာချိန်တွင် မင်းဦးအနေဖြင့် ဇာတ်လမ်းတွဲ နှစ်ခုကို ပါဝင်သရုပ်ဆောင်ထားပြီး ယခုရိုက်ကူးမည့် အမုန်းမှသည် ဇာတ်လမ်းတွဲသည် မင်းဦးအတွက် တတိယမြောက် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

“ဇာတ်လမ်းတွဲတွေ ခေတ်စားလာတယ်။ ရုပ်သံတွေမှာ ပြသတော့ ပရိသတ်က ကြိုက်ကြတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒရမ်မာဖြစ်ဖြစ်၊ ဟာသပဲဖြစ်ဖြစ်၊ ပညာပေးပဲဖြစ်ဖြစ် ဇာတ်ကားတိုင်းမှာ ဇာတ်လမ်းတိုင်းမှာ ပြသရတဲ့ ရည်ရွယ်ချက်တွေရှိတယ်။ ပရိသတ်ကို အပန်းဖြေမှုပေးတဲ့အပြင် တစ်ခုခု မှတ်သားလောက်စရာလည်း ကျန်ခဲ့စေချင်တယ်။ လက်ရှိ ကျွန်တော်တို့ နိုင်ငံမှာဖြစ်ပေါ်နေတဲ့ အနေအထားတွေ၊ ပြယုဂ်တွေကိုလည်း ပကတိအမြင်နဲ့ အပြုသဘောဆောင်ရိုက်ကူးရင်း ပညာပေးစေချင်တယ်” ဟု မင်းဦးက ပြောသည်။

အဆိုပါ အမုန်းမှသည် ရုပ်ရှင်ဇာတ်လမ်းတွဲမှာ အိမ်ထောင်ရေးဒရမ်မာဇာတ်အိမ်ဖြစ်ပြီး ပညာပေး၊ သတိပေး ဇာတ်ကားကောင်းတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း မင်းဦးက ဆိုသည်။

ရှီလာ





## ချစ်သူကို ယုံကြည်ပြီးဘဝကို ပုံမအပ်သင့်ဘူးလို့ အမျိုးသမီးတွေကို သတိပေးတဲ့ ဟန်သီ

ကိုလင်း

Miss Supranational Myanmar 2014 နဲ့ အခြား ဆုများစွာရရှိထားသည့် အလှမယ် ဟန်သီက ဖုန်းလေးကိုင်ဦးကွယ် တစ်ကိုယ်တော် တေးစီးရီးလည်း ထွက်ရှိထားသူဖြစ်သည်။ သူ့အနေဖြင့် ဒုတိယ တေးစီးရီးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီး အဆိုပါ တေးစီးရီးတွင် ပရိသတ်အကြိုက်တွေ့နိုင်မည့် တေးသီချင်းများကို ဖန်တီးဖြစ်နေသည်ဟုလည်းသိရသည်။ အချစ်အကြောင်းနှင့် ပတ်သက်၍ အမြဲတစေနူတ်ဆိတ်လေ့ရှိသူ ဟန်သီက အချစ်ဆိုသော အရာနှင့်ပတ်သက်၍ ဖြေကြားခဲ့ပါသည်။

**မေး ။ ဒုတိယမြောက်တစ်ကိုယ်တော်ခွေကို ဘယ်လိုဖန်တီးထားပါသလဲ။ ပထမစီးရီးနဲ့ ကွာခြားမှု ရှိပါသလား။**

ဖြေ ။ ဟုတ်ကဲ့။ ပထမ စီးရီးကတော့ လူငယ်ဆန်ဆန်ပုံစံလေးတွေ ဖန်တီးခဲ့တာပါ။ အခု ဒုတိယမြောက်အခွေမှာတော့ လူလတ်ပိုင်းအကြိုက်ပုံစံလေးတွေ လုပ်ထားပါတယ်။ ပြီးတော့ ဒုတိယမြောက်အခွေလေးမှာ ပရိသတ်တွေထဲက ရေးပေးထားတဲ့ သီချင်းလေးတစ်ပုဒ်ကို ဆိုထားပါတယ်။ အများကြီးရေးပေးကြတာတွေရှိပါတယ်။ ပရိသတ်တစ်ယောက်ဆို ဟန်သီကို အမျိုးစုံရေးပေးထားတယ်။ အဲ့ဒီထဲမှာမှ အကြိုက်ဆုံးသီချင်းလေး တစ်ပုဒ်ကို ညီမ ကြိုက်လွန်းလို့ ဆိုထားပါတယ်။ “အချစ်ဆိုတဲ့အရာ”လို့ အမည်ပေးထားတဲ့သီချင်းလေးတစ်ပုဒ်ပါ၊ သီချင်းပုံစံလေးက အချစ်အကြောင်းကို နားမလည်တဲ့ ကောင်မလေးတစ်ယောက်ပုံစံမျိုးရေးထားတာပါ။ အဆွေးပုံစံ လေးကိုမှ သံစဉ်လေးကလည်းလှပါတယ်။ နားစွဲလွယ်မယ့် သီချင်းလေးတစ်ပုဒ်ဖြစ်မှာပါ။

**မေး ။ အချစ်ဆိုတဲ့အရာကို ဘယ်လိုမြင်လဲ။ ဟန်သီရော အချစ်ကို တွေ့ပြီလား။**

ဖြေ ။ လူတိုင်းကိုယ်စီ နှလုံးသား ရှိကြတာပါပဲ။ အသက်အရွယ်လေးရလာတာနဲ့အမျှ အချစ်က ပုံစံလေးတွေအမျိုးမျိုး ရှိလာကြတာပေါ့နော်။ မိဘကိုချစ်တာလည်း အချစ်ပါပဲလေ။ အချစ်ဆိုတာ အလွန်ကို ထူးဆန်းပါတယ်။ တစ်ခါတလေဆို ကိုယ်ကချစ်ရတဲ့ သူရှိသလို ကိုယ့်ကို ချစ်နေတဲ့ သူလည်း ရှိတာပဲလေ။ အချစ်ဆိုတဲ့ အရာက ခန့်မှန်းရခက်တယ်လေ၊ အခုကတော့ မစဉ်းစားသေးပါဘူး၊ အနုပညာရှင်တစ်ယောက်ကို ချစ်ဖို့ဆိုတာ အပြင်လူတစ်ယောက်အတွက် အင်မတန်ခက်ခဲပါတယ်။ သူများတွေစိတ်နဲ့ ပြောတာမဟုတ်ပါဘူး။ ကိုယ်ချစ်တဲ့သူထက် ကိုယ့်ကိုချစ်တဲ့သူပဲ လိုချင်ပါတယ်။ နားလည်မှုပေးတဲ့သူကိုပဲ လိုချင်ပါတယ်။

**မေး ။ မိန်းကလေးတစ်ယောက်အတွက် အချစ်ဆိုတာ ဘယ်လိုပုံစံနဲ့ မျှော်လင့်ထားသင့်သလဲ။**

ဖြေ ။ အခုဆို လူမှုကွန်ရက်ကနေတစ်ဆင့် ချစ်ကြိုက်ပြီး အပြင်မှာတွေ့ကြတယ်။ ပြီးတော့ ကိုယ်ကချစ်လို့ ကိုယ့်ဘဝတစ်ခုလုံးကို ပေးအပ်ကြတယ်။ ပြီးတော့ တစ်လနှစ်လ အတွင်းမှာတင် ပြတ်စဲသွားကြတယ်။ နောက်ဆုံးအရှုံးရလဒ်က မိန်းကလေးတွေပါပဲ။ နောက် နှစ်တွေအကြာကြီးကြိုက်တဲ့ ချစ်သူတွေဆိုလည်း စိတ်သဘောထား မတိုက်ဆိုင်လို့ လမ်းခွဲလိုက်ကြတယ်။ ဒါတွေဟာတကယ်ကို စိတ်ပျက်စရာကောင်းလွန်းပါတယ်။ စပြီးတွဲကတည်းက နှစ်ဦးသဘောတူလို့ လက်တွဲခဲ့တာလေ။ ပြီးတော့မှ မကောင်းလို့ ချုပ်ချယ်လို့ ဆိုတဲ့အပြစ်တင်စကားတွေနဲ့ လက်တွဲမဖြုတ်သင့်ပါဘူး၊ လက်တွဲဖြုတ်လိုက်တဲ့အခါ တစ်ချိန်မဟုတ် ကိုယ်နောက်ထပ်ချစ်ရသူနဲ့ လက်တွဲတဲ့အခါ ဘဝတစ်လျှောက်လုံး စိတ်သောကတွေနဲ့ ဖြတ်သန်းရမှာမို့ လွယ်လွယ်နဲ့ဘဝကို မပေးအပ်ကြပါနဲ့လို့ ပြောချင်ပါတယ်။ မိန်းကလေးတိုင်း ကိုယ့်ကိုချစ်ခင်ကြင်နာမှုပေးပြီး သစ္စာရှိရှိနဲ့ နွေးထွေးတဲ့ နားလည်မှုရှိတဲ့ အမျိုးသားချစ်သူတွေ ပိုင်ဆိုင်နိုင်ကြရင် အကောင်းဆုံးပဲ။

## သတင်းတိုများ

### တေးစီးရီးရောင်းရငွေများဖြင့်ကျောင်းလှူတ်ပူဇာကျင်းပတဲ့အာဇာနည်

မေ ၂၅ ရက်က ကမ္ဘာသား တေးစီးရီးရောင်းရငွေများဖြင့် သီလရှင်ကျောင်းဆောင်သစ်တစ်ဆောင်ကို အဆိုတော် အာဇာနည်နှင့် မိသားစုက ရေစက်ချလှူဒါန်းပွဲ ပြုလုပ်ခဲ့သည်။ ‘ကျွန်တော့်ကို အားပေးကြတဲ့ ခုနစ်ရက် သားသမီးတွေအတွက် ကုသိုလ်ရစေချင်တယ်။ ကျွန်တော့်ကိုယ်တိုင်လည်း ကျွန်တော်ရဲ့ကုသိုလ်အဖြစ် ပါဝင်ချင်တယ်။ ဒါကြောင့် ဒီအလှူလေးကို ဆောင်ရွက်ရတာပါ’ဟု အဆိုတော် အာဇာနည်က အလှူကုသိုလ်အား ပြန်ပြောင်းပြောပြသည်။

ကမ္ဘာသားတေးစီးရီးရောင်းရငွေများကို ခုနစ်ရက်သားသမီးကုသိုလ်အဖြစ် ရွှေပြည်သာမြို့နယ် ပရဟိတ သီလရှင်ကျောင်း စာသင်တိုက်ကြီးအတွင်း မာလာနွယ် ပရဟိတကျောင်းဆောင်သစ်အဖြစ် ကျောင်းလှူတ်ပူဇာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

### ရုပ်ရှင်လောကသား သားသမီးများအတွက် ပြေတီဦးဖောင်ဒေးရှင်းမှ လှူဒါန်း

မေ ၂၄ ရက်က မြန်မာ့ရုပ်ရှင်လောကအတွင်းရှိ မိသားစုများထဲမှ ရင်သွေးငယ်များအတွက် ကျောင်းဖွင့်ရာသီ အကူအညီအထောက်အပံ့ ဖြစ်စေရေးရည်ရွယ်ကာ ပြေတီဦးဖောင်ဒေးရှင်းက ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ သွားရောက်လှူဒါန်းပေးခဲ့သည်။

“ကျွန်တော်တို့ ဖောင်ဒေးရှင်းက ဗလာစာအုပ် ဒါဇင် ၃၀၀ နဲ့ အလှူရှင် ဒေါက်တာ ဉာဏ်လင်းဦး၊ ဒေါက်တာ ငွေတီဦးတို့ကလည်း စာရေးကိရိယာအစုံ ၂၀၀ လှူဒါန်းတာဖြစ်ပါတယ်။

အနုပညာလောကသားတွေရဲ့ သားသမီးတွေ ကျောင်းဖွင့်ရာသီအတွက်ဖြစ်ပါတယ်” ဟု ပြေတီဦးက ပြောကြားသည်။

### ပြည်တွင်းဖျော်ဖြေပွဲများ မိုးရာသီရပ်နားထားသော်လည်း ပြည်ပဖျော်ဖြေပွဲ သွားရောက်ရန်ရှိ

IC တေးဂီတအဖွဲ့အနေဖြင့် ပြည်တွင်းဖျော်ဖြေပွဲများ ပွင့်လင်းရာသီမှသာ ပြန်လည်စတင်နိုင်တော့မည်ဖြစ်ပြီး Indoor ဖျော်ဖြေမှုကိုတော့ အခြေအနေအရ လုပ်ဆောင်သွားရန်ရှိကြောင်း လက်ရှိတွင် လာမည့် ဇွန်လ၌ စင်ကာပူနိုင်ငံသို့ သွားရောက်ဖျော်ဖြေရန် ရည်မှန်းထားကြောင်း တေးသံရှင် အငဲက ပြောသည်။ စင်ကာပူနိုင်ငံတွင် ဇွန်လကုန်ပိုင်း ၂၅ ရက်ကို ဖျော်ဖြေပေးရန် ရည်မှန်းထားပြီး အဖွဲ့အနေဖြင့် တေးသီချင်း အခွေသစ်များအတွက် အသံဖမ်းယူခြင်းများကို မိုးကာလတွင် လုပ်ဆောင်ရန် ရည်မှန်းထားကြောင်း သိရသည်။

“စင်ကာပူမှာ ဇွန် ၂၅ ရက်တွင် ဖျော်ဖြေပွဲလို့ ရည်မှန်းထားတယ်။ ပြည်တွင်းပွဲတွေကတော့ Indoor တော့ ရှိရင်ရှိမှာပါ။ မိုးကုန်မှပဲ ပွဲတွေရှိမှာပေါ့”ဟု ကိုအငဲက ပြောသည်။

ရှီလာ



# အဆိုတော်တွေ သီချင်းဖန်တီးမှုအား ဘာ့ကြောင့်ကျရတယ်ဆိုတာ တင်ဇာမော်ပြောကြား

ကိုလင်း

ဂီတလောကတွင် နှစ်ပေါင်း ၃၀ ကျော်ကြာဖြတ်သန်းလာခဲ့သည့် တင်ဇာမော်က သူ့အနေဖြင့် လက်ရှိ ဂီတလောကကို အခြေချဝင်ရောက်လာသောလူငယ်များအား သူခံစားမြင်တွေ့ရပုံကို ပြောကြားသည်။

"လူငယ်တွေတင်မဟုတ်ပါဘူး။ ဂီတကို ဖန်တီးတဲ့သူတွေအားလုံး ကျွန်မပါ အပါအဝင် သီချင်းတွေက ဘယ်လောက်ကောင်းကောင်း ကိုယ်တိုင်က မကောင်းနေရင် ဘာမှ ဖြစ်မလာသလို ကိုယ်ကကောင်းနေပေမယ့် သီချင်းက မကောင်းဘူးဆို ဘာမှ မျှော်လင့်မနေပါနဲ့လို့ ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ အားလုံးအဘက်ဘက်က ပြည့်စုံနေမှသာ ကံရဲ့ ထောက်ပံ့မှုလေးနဲ့ ပေါင်းစပ်တော့ ကိုယ်လိုချင်သလောက် နေရာလေးရတယ်ပေ့ါ၊ အားလုံးခြုံပြောရရင် အရေးအကြီးဆုံးကတော့ ပင်ကိုအရည်အချင်းပါပဲ အဲဒီအရာနှစ်ခုကတော့ မရှိမဖြစ်ပါဘဲ။ တချို့အစ်မပြောချင်တာလေးရှိပါတယ်။ လူငယ်တွေ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးကြတယ်။ တချို့က ကိုယ့်ကိုယ်ကိုယ် နှိမ့်ချကြတယ်၊ ယုံကြည်ချက်အားနည်းတယ်၊ အမျိုးမျိုးရှိပါတယ်၊ ဆိုတော့ လူတိုင်းကိုပြောဖို့ခက်ပါတယ်။ ပြောချင်တာကတော့ ယုံကြည်ချက်လွန်ကဲလွန်းရင်လည်းမကောင်းဘူး။ ယုံကြည်ချက်နည်းလွန်းရင်လည်း မကောင်းပါဘူး။ အလယ်အလတ်ကိုကျအောင် နေနိုင်ရမယ်။ သူများတွေဘယ်လိုတွေ ဖန်တီးနေလဲ။ ဘာတွေလုပ်နေလဲ ဆိုတာတွေ ပြည်တွင်း၊ ပြည်ပဂီတလောကကို လေ့လာရမယ်။ သီချင်းဆိုမယ့် လူတစ်ယောက်အနေနဲ့ ကိုယ့်အသံအနေအထားကိုပါသိထားရမယ်။ ဘယ်လိုသီချင်းမျိုးတွေ ဆိုသင့်လဲ ဆိုတာတွေကို အမြဲတမ်း ဖြည့်ဆည်းနေသင့်ပါတယ်"ဟု ပြောသည်။

နောက်ပိုင်း နိုင်ငံတကာရဲ့ဂီတလွှမ်းမိုး မှုများနှင့် အတူ ပြည်တွင်း၌ မိမိကိုယ်တိုင် ရုန်းကန်နေရကြောင်း၊ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် ထိုင်းနိုင်ငံကိုပင် မီနိုင်ရန် မလွယ်ကူသေးကြောင်း၊ မိမိတို့အတွက် လိုအပ်ချက်တွေ၊ အရည်အသွေးတွေ များစွာဖြည့်ဆည်းရန်လိုအပ်နေသေးကြောင်း တင်ဇာမော်က ပြောသည်။

"တစ်ကိုယ်တော်ခွေ ပထမဆုံးထွက်တာနဲ့ တစ်ခါထဲ ပရိသတ် လက်ခံကျတဲ့ သူတွေ နောက်ထပ် သီချင်းတွေဖန်တီးတဲ့အခါ ထင်သလောက်ခရီးမရောက်တာ၊ လူတစ်ယောက်ချင်းစီနဲ့ပဲ သက်ဆိုင်ပါတယ်။ တစ်ယောက်ချင်းစီက ကိုယ့်လိုအပ်ချက်ကို အမြဲဖြည့်ဆည်းနေရင် မြန်မာ့ဂီတရေစီးကြောင်းက ကောင်းဖို့ရှိပါတယ်"ဟု ၎င်းက ပြောသည်။

တင်ဇာမော်သည် မိသားစုရှိရာ အမေရိကားကို ယခုလ ၂၈ ရက်မှာ သွားရောက်မည့် တေးသံရှင်တင်ဇာမော်က ဂီတလုပ်ငန်းတွေကို ရက်အကန့်အသတ်မရှိ ခေတ္တအနားယူမည်ဖြစ်ကြောင်းသိရသည်။

"သွားတယ်ဆိုတာ မိသားစုအရေးပါ။ ဂီတ အလုပ်တွေကလည်း မေလမတိုင်ခင်က ဆက်တိုက်ဆိုသလို အားတယ်ကိုမရှိဘူး လုပ်နေရတာပဲလေ၊ Myanmar Idol Season 2 မှာလည်း ဒိုင်တစ်ယောက်အနေနဲ့ အချိန်တော်တော်ကြာလုပ်ခဲ့တယ်။ နောက်ပြီးတော့ တစ်ကိုယ်တော် ဖျော်ဖြေပွဲတွေကလည်း ရန်ကုန်၊ မန္တလေး လုပ်ထားတာ ဆိုတော့ အစ်မလည်း အတော်လေး ပင်ပန်းနေတယ်။ အားတဲ့အချိန်လေး မိသားစုနဲ့ တွေ့ချင်လို့သွားတာပါ။ ဘယ်လောက်ကြာမယ်တော့ မပြောတတ်သေးပါဘူး။ ဟိုမှာ အစ်မကလေးက ကျောင်းတက်ရတော့မှာမို့ သူတို့ကိုလည်း အချိန်ပေးချင်သေးတယ်"ဟု ပြောသည်။

# ဂုတ်တွင်းကားလမ်းကို ရှောင်ကွင်း၍ ဂုတ်ထိပ်ရထားတံတားနှင့် မီတာ ၈၀၀ အကွာ၌ လေးလမ်းသွားကွန်ကရစ်တံတားတည်ဆောက်မည်

**သီပေါ မေ ၂၆**

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ဂုတ်တွင်းလမ်းပိုင်း၌ ကုန်တင်မော်တော်ယာဉ်ကြီးများနှင့် ခရီးသွားပြည်သူများ မောင်းနှင်သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မူလနှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ Oriental Hightway Company Limited က ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် အဆိုပါ အဝေးပြေးကားလမ်းမကြီးပေါ်ရှိ အန္တရာယ်အကွေ့အကောက် ကားလမ်းမကြီးအား ဖြတ်သန်းသွားလာ မောင်းနှင်နေကြရသည့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဂုတ်တွင်းကားလမ်းပိုင်းကို အသုံးမပြုတော့ဘဲ အလျား ပေ ၂၈၀၀ အရှည်ရှိမည့် လေးလမ်းသွားကွန်ကရစ်တံတားကြီးတစ်စင်းကို တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီးတည်ဆောက်ရာတွင် နာမည်ကျော်ဂုတ်ထိပ်ရထားတံတားနှင့် ကီလိုမီတာ ၈၀၀ အကွာ၌ တည်ဆောက်မည်ဖြစ်ရာ နောင်ချိုမြို့နယ်ဘက်၌ ဟိုင်းဝေးလမ်းမကြီး၏ မိုင်တိုင်အမှတ် (၇၂/၅)မှစ၍ မြို့ရှောင်လမ်း ဖောက်ကာ မြို့ရှောင်လမ်းပေါ်၌ တံတားကြီး၏ ချဉ်းကပ်လမ်းဖောက်လုပ်ပြီး ဆက်သွယ်သွားမည်ဖြစ်ကြောင်း၊ ကျောက်မဲမြို့နယ် ဘက်တွင်လည်း မန္တလေး၊ လားရှိုး၊ မူဆယ်ကားလမ်း မိုင်တိုင်အမှတ် (၉၂/၅)မှစ၍ တံတားကြီးချဉ်းကပ်လမ်းဖောက်လုပ်ပြီး အဝေးပြေးလမ်းမကြီးနှင့် ပြန်လည်ဆက်သွယ်သွားမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာထံမှ သိရသည်။



ဂုတ်တွင်းကားလမ်းကို ကျော်ဖြတ်တည်ဆောက်မည့် ဂုတ်တွင်းကွန်ကရစ်တံတားပုံစံငယ်

ယခုအခါ တံတားကြီးတည်ဆောက်ရာတွင် မလွတ်ကင်းသည့် စိုက်ခင်းရှင်များအတွက် တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာ၍ လယ်တစ်ဧကလျှင် ငွေကျပ်သိန်း ၁၅၀၊ ယာတစ်ဧက ငွေကျပ်သိန်း ၁၀၀ ဖြင့်ပေးချေကာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂုတ်တွင်းတံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပါက ယခုလက်ရှိ သွားလာမောင်းနှင်နေကြသည့် ကမ္ဘာကျော် ဂုတ်တွင်းကားလမ်းကြီးမှ မော်တော်ယာဉ်များ ဖြတ်သန်းသွား လာခွင့်ပြုတော့မည်မဟုတ်ဘဲ ပြည်တွင်းပြည်ပမှ လေ့လာလိုသူများကိုသာ ကြည့်ရှုလေ့လာခွင့်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**စိုင်းသာလှိုင်(လိမ္မော်မြေ)**

**ခာတ်ပုံ-စိုင်း(သီပေါ)**

# မန္တလေးတိုင်းဒေသကြီးအတွင်း မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် မိုးရေကို သိုလှောင်ထားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဓိက မိုးနည်းရေရှားရပ်ဝန်း ဒေသများတွင် မြေအောက်ရေရှားပါးမှု ပြဿနာများ ကြိုတင်ကာကွယ်ရန်အတွက် မိုးရေကို သိုလှောင်ထားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောသည်။

"ရွာချတဲ့ မိုးရေကို ချက်ချင်း အလွယ်တကူ စီးဆင်းမသွားစေဘဲ မြေကြီးထဲစိမ့်ဝင်သွားအောင် ဘယ်လိုလုပ်မလဲ။ တစ်ဖက်ဆည်ကန်တွေ၊ နှုန်းတားဆည်တွေလုပ်မလား။ တိမ်ကောနေတဲ့ ဆည်တွေကို ပြန်ဆယ်မလား။ ဒါတွေကို အကြမ်းဖျင်းဆွေးနွေးဆောင်ရွက်သွားမယ်။ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်လာဖို့လည်း လိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးသည် မြေအောက်ရေကို ၉၀ ရာခိုင်နှုန်းသုံးစွဲလျက်ရှိခြင်းကြောင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်အနက် အဓိက မိုးနည်းရေရှား ရပ်ဝန်းဒေသများဖြစ်သော ကျောက်ဆည်၊ မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်များတွင် ယင်းအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့မှာက ကျုံးထဲက ရေကို ပိုက်လိုင်းကနေပြီး အလွယ်တကူသုံးစွဲလို့ရနေတဲ့အတွက် မြေအောက်ရေရဲ့ တန်ဖိုးကိုနားမလည်ကြဘူး။ မြေအောက်ရေကို ဘယ်လောက်ထိ ခက်ခက်ခဲခဲ တူးပြီး သုံးစွဲနေရတယ်ဆိုတာကို မိုးခေါင်တဲ့ဒေသတွေမှာသာ သိကြတယ်။ ဒါကြောင့် မိုးရေကို တန်ဖိုးထားသုံးစွဲတတ်အောင်နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်အောင် ဆောင်ရွက်တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးရှိ ဌာနများဖြစ်သည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြို့မနွေရာသီ အခမဲ့အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်အထောက်အကူပြုသင်တန်းဆင်း

**ရန်ကုန် မေ ၂၆**

အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ အတွက် မြို့မနွေရာသီ အခမဲ့အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်အထောက်အကူပြုသင်တန်းဆင်းပွဲကို မေ ၂၄ ရက်က ရန်ကုန်မြို့ ဇကာဝါလမ်းရှိ အဆိုပါ အသင်းရုံးခန်းမ၌ ကျင်းပသည်။

"မြို့မနွေရာသီ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ် အထောက်အကူပြုသင်တန်းက မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းရဲ့ အထောက်အပံ့နဲ့ ဒီနှစ်မှ စတင်ဖွင့်လှစ်တာပါ။ အဓိကက အခြေခံပညာ အထက်တန်းအဆင့် ၈ တန်း၊ ၉တန်းဖြေပြီးတဲ့ကလေးတွေကို အပြင် ကျူရှင်ယူစရာမလိုဘဲ ဆရာကြီးတို့ကနေ အင်္ဂလိပ်စာနဲ့ သင်္ချာကို သင်ကြားပေးတာပါ။ ကျူရှင်တက်မယ့်ငွေကို အခြားအသက်မွေးဝမ်းကျောင်း ဘာသာစကားတွေနဲ့ အခြားပညာရပ်တွေ သင်ကြားစေခြင်းဖြင့် နွေရာသီကျောင်းပိတ်ရက်မှာ တစ်ပြိုင်တည်းပညာနှစ်မျိုး တတ်သွားတာပေ့ါ။ စာမေးပွဲအောင်စာရင်းထွက်လာလို့ အောင်တယ်ဆိုရင် သင်ကြားမယ့် အခြားဘာသာရပ်တွေ အတွက်လည်း တစ်နှစ်ပတ်လုံးသင်ပေးပါတယ်။ ကျောင်း မှာ အောင်ချက်တိုးမြင့်သလို ကလေးတွေလည်း အလွန်အကျိုးကျေးဇူးရှိတဲ့ သင်တန်းပါ"ဟု အထက (၂)ဒဂုံမှ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းကိုလေးက ပြောသည်။

အဆိုပါ သင်တန်းတွင် အခြေခံပညာအထက (၂)ဒဂုံနှင့် အထက (၃)ဒဂုံကျောင်းတို့မှ အဋ္ဌမတန်း၊ နဝမတန်း ဖြေပြီး ကျောင်းသားကျောင်းသူ ၇၀ တက်ရောက်ကြပြီး အခြေခံပညာ အထက (၂)၊ အထက(၃)ကျောင်းများသည် ကျောင်းဖွင့်ရက်တွင် ပဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကွန်ပျူတာအခမဲ့ သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်

**ပန်းတောင်း မေ ၂၆**

ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၂၃ ရက်က ပန်းတောင်းမြို့ပဲကြီး ကျေးရွာအုပ်စုပဲကြီးကျေးရွာ ရွာလယ်ပေါ်ကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် ဆန်မှုန့်အခြေခံ၍ ကိတ်မုန့်အမျိုးမျိုး၊ ကွတ်ကီးအမျိုးမျိုး၊ ငါးမုန့် ခြောက်၊ ကြက်သွန်ပေါင်းကြော်၊ ကြက်ဥမြေပဲပွကြော်၊ အာလူးကြော်၊ သစ်သီးယိုမျိုးစုံ၊ ဖျော်ရည်အမျိုးမျိုး၊ ဂျယ်လီအမျိုးမျိုး၊ ဝိုင်အမျိုးမျိုးစသည့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်နည်းများကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၃ ရက် မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# မကွေးပြည်သူ့ဆေးရုံကြီးအတွက် အမှိုက်ပုံးများ စုပေါင်းလှူဒါန်းမည်



**မကွေး မေ ၂၆**

မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၏ သန့်ရှင်းရေးကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ မကွေးမြို့ရှိ ပါရမီသွေးပရဟိတ သွေးလှူရှင်အသင်းက အသင်းဝင်များ၏ မတည်မှု၊ စေတနာရှင်များ၏ ပါဝင်လှူဒါန်းမှုများဖြင့် အမှိုက်ပုံးများ လှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အမှိုက်ပုံးတစ်ပုံး ကျပ် ၆၀၀၀ ကျပါတယ်။ အခု အမှိုက်ပုံး ၅၀ ရနေပါပြီ။ ဆေးရုံကြီးမှာ အမှိုက်ပုံး ဘယ်လောက်လိုလို ကျွန်တော်တို့အသင်းက ထောက်ပံ့လှူဒါန်းသွားမှာပါ။ အလှူရှင်တွေလှူဒါန်းတာနဲ့ မလုံလောက်ရင်လည်း အသင်းက ထောက်ပံ့သွားမှာပါ။ ကျွန်တော်တို့အဖွဲ့က သွေးလှူတဲ့အဖွဲ့ဆိုတော့ ဆေးရုံတွေကို အမြဲရောက်ဖြစ်တဲ့အတွက် ဆေးရုံကြီး သန့်သန့်ရှင်းရှင်းဖြစ်ရင်ပိုကောင်းမယ်။ ရောဂါပျံ့နှံ့မှုလည်း မရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဖြစ်တာပါ" ဟု ပါရမီသွေးပရဟိတ သွေးလှူရှင်အသင်း ရုံးအဖွဲ့မှူး ဦးကျော်ကျော်က ပြောသည်။ အသင်းသားများအနေဖြင့် အမှိုက်ပုံးများလှူဒါန်းရန် စုဆောင်းနေမှုများ၊ ပူးပေါင်းပါဝင်နေပုံများ လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့ပြီးနောက်ပိုင်း အခြားစေတနာရှင်များကလည်း ပူးပေါင်းပါဝင်လာခြင်းကြောင့် ဆေးရုံတွင် လိုအပ်သမျှ အမှိုက်ပုံးအရေအတွက်ကို ဖြည့်ဆည်းလှူဒါန်းနိုင်ရန် ဦးဆောင်စီစဉ်နေခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ပူးပေါင်းပါဝင် လှူဒါန်းသော အလှူရှင်တစ်ဦးက "သန့်ရှင်းမှုနဲ့ ကျန်းမာရေးက ဆက်စပ်နေတယ်ဆိုတော့ ဒီလှူဒါန်းမှုအပေါ် စိတ်ဝင်စားလို့ ပါဝင်ဖြစ်တာပါ။ ဆေးရုံတက်ပြည်သူများအနေနဲ့လည်း ကိုယ့်မိသားစု ကျန်းမာရေးနဲ့ ကျွန်တော်တို့ရဲ့ ကုသိုလ်ရေးကို အသိအမှတ်ပြုပြီး စနစ်တကျအမှိုက်စွန့်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်" ဟု ပြောသည်။

အမှိုက်ပုံးများ လှူဒါန်းရန်အတွက် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများထံမှ လိုအပ်ချက်စာရင်းရပါက လှူဒါန်းမှုများ စတင်သွားမည်ဖြစ်ပြီး ပြည်သူ့ဆေးရုံကြီးတွင် ပြည့်စုံအောင်လှူဒါန်းပြီးပါက သင်ကြားရေးဆေးရုံကြီး၌လည်း လှူဒါန်းမှုများ ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း ပါရမီသွေး ပရဟိတသွေးလှူရှင်အသင်းမှ သိရသည်။

**ဇေယျတု(မကွေး)**

# ရိုးပြတ်မြေပဲ အထွက်ကောင်းပြီး ဈေးကောင်းရ၍ တောင်သူများအဆင်ပြေလျက်ရှိ

**ဗန်းမောက် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်း မဲဇာမြစ်ကမ်းအနီးတွင် ရိုးပြတ်မြေပဲများကို နှစ်စဉ်စိုက်ပျိုးကြသော တောင်သူများအနေဖြင့် ယခုနှစ်တွင် စနစ်တကျစိုက်ပျိုးလုပ်ကိုင်လာကြသောကြောင့် မြေပဲများ ဖြစ်ထွန်းအောင်မြင်၍ အထွက်တိုးလာသလို ဈေးနှုန်းမှာလည်း ယခုမေလအတွင်း မြေပဲတောင့်တစ်တင်းလျှင် ကျပ် ၉၀၀၀ နှုန်းအထိ ဈေးကောင်းရကာ အဝယ်လိုက်နေသဖြင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"မြေပဲစိုက်တာ ဒီနှစ်က အဆင်ပြေပါတယ်။ စိုက်သလောက် ဖြစ်ထွန်းတယ်။ ကျွန်တော်ဆိုရင် ရိုးပြတ်စိုက်တာ တစ်ဧကကျော်ရုံပဲရှိတာ၊ မြေပဲတင်း ၁၂၀ ကျော် ရပါတယ်။ ခုဆိုရင် မြေပဲဝယ်သူတွေလည်း အလာစိပ်နေကြတယ်" ဟု ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာမှ တောင်သူဦးစိုးလွင်က ပြောသည်။

မြေပဲဈေးကောင်းရခြင်းမှာ စိုက်ပျိုးချိန်တွင် အောင်မြင်ဖြစ်ထွန်းသည့်အပြင် မြေပဲရိတ်သိမ်းပြီး နေပြချိန်တွင် နေရောင်ကောင်းစွာရကာ ခြောက်သွေ့သောကြောင့်လည်း မြေပဲများကို လူကြိုက်များပြီး ဈေးကောင်းရခြင်းဖြစ်ကြောင်း သိရသည်။ "ဝယ်တဲ့အခါမှာ မြေပဲတောင့်တွေကို အခွံခွာပြီးစစ်ကြည့်ပြီးမှ ဝယ်ယူတာပါ။ မြေပဲကောင်းမှ ကျွန်မတို့အတွက် အမြတ်အစွန်းကျန်မှာဖြစ်ပါတယ်" ဟု အင်းတော်မြို့နယ် မြသီတာကျေးရွာမှ မြေပဲဝယ်ယူသူ ကုန်သည်အမျိုးသမီးတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် မြေပဲစိုက်တောင်သူများအနေဖြင့် လက်ထဲတွင် မြေပဲများရှိနေ၍ ရောင်းလိုအားကောင်းနေသလို ကုန်သည်များဘက်ကလည်း ဝယ်လိုအားကောင်းနေသည့်အတွက် တောင်သူရော ကုန်သည်ပါ တွက်ခြေကိုက်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းမောင်လေး**

# နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

**မြိတ် မေ ၂၆**

အမေရိကန်နိုင်ငံ Alliance For Smile အဖွဲ့နှင့် DD ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဝေဒနာရှင်များအား မြိတ်မြို့ ဒက္ခိဏဒီပါဆေးရုံ၌ မေ ၂၂ ရက်မှစတင်၍ အခမဲ့ ခွဲစိတ်ကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကာ ဇွန် ၁ ရက်အထိ အခမဲ့ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးသည့် အခမ်းအနား ဖွင့်ပွဲကို မေ ၂၂ ရက်က ဒက္ခိဏဒီပါဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ဒက္ခိဏဒီပါဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးမြင့် နှင့် Alliance For Smile အဖွဲ့မှ မစ်ရှင်ဒါရိုက်တာ Mrs.Tina တို့က နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဝေဒနာရှင်များအား ခွဲစိတ်ကုသပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယခု အခမဲ့ခွဲစိတ်ကုသပေးမည့် အစီအစဉ်တွင် ခွဲစိတ်ကုသရန် စာရင်းပေးထားသည့် နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဝေဒနာရှင် စုစုပေါင်း ၉၈ ဦးရှိကြောင်း၊ နှုတ်ခမ်းကွဲဝေဒနာရှင် ကလေးငယ်များအား အသက်နှစ်လခွဲအထက်နှင့် အာခေါင်ကွဲဝေဒနာရှင် ကလေးငယ်များအား အသက်တစ်နှစ်အထက်ကိုသာ ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝေဒနာရှင်များအား ခွဲစိတ်ကုသပေးရတွင် Alliance For Smile အဖွဲ့မှ ခွဲစိတ်အထူးကုဆရာဝန်နှစ်ဦး၊ မေ့ဆေးဆရာဝန်သုံးဦး၊ ကလေးအထူးကုဆရာဝန်တစ်ဦးနှင့် သူနာပြုများ စုစုပေါင်း ၁၇ ဦးအဖွဲ့ဖြင့် ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# တီဘီသံသယလူနာများအား ရွှေ့လျားအဖွဲ့ဖြင့် ကွင်းဆင်းရှာဖွေကုသပေးနေ

**ကန့်ဘလူ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများမှ တီဘီရောဂါသံသယရှိသူများကို တိုင်းဒေသကြီး ရွှေ့လျားတီဘီရောဂါရှာဖွေရေးအဖွဲ့က မေ ၁၅ ရက်မှစ၍ ကွင်းဆင်းရှာဖွေကုသပေးလျက်ရှိရာ မေ ၂၃ ရက်အထိ သံသယရှိလူနာ ရာနှင့်ချီ၍ စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာညိမ်းညိမ်းအေး၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် ရွှေ့လျားတီဘီရောဂါရှာဖွေရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာလင်းထက်ဦးနှင့် အဖွဲ့၊ မြို့နယ်ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တီဘီတိုက်ဖျက်ရေးဌာန ဝန်ထမ်းများ၊ လခတ်ခွဲခန်းမှူးများ၊ ဆရာဆရာမများ ပူးပေါင်း၍ ကျေးရွာများသို့ ကွင်းဆင်းကာ တီဘီရောဂါလက္ခဏာများအကြောင်းကို ရှင်းလင်းပြောကြားပြီး တီဘီရောဂါ သံသယရှိသူများကို ရှာဖွေဖော်ထုတ် ကုသပေးနေခြင်းဖြစ်သည်။



မေ ၁၅ ရက်မှ စတင်ကာ ကွင်းဆင်းစစ်ဆေးပေးရာတွင် ကာဘိုးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ သံသယရှိလူနာ ဓာတ်မှန်ရိုက်စစ်ဆေးသူ ၁၁၆ ဦးနှင့် သလိပ်စစ်ဆေးသူ ၃၈ ဦး၊ ထန်းတပင်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ၌ ဓာတ်မှန်ရိုက်စစ်ဆေးသူ ၁၅၈ ဦးနှင့် သလိပ်စစ်ဆေးသူ ၂၇ ဦး၊ မြေမွန်ကျေးရွာ၌ ဓာတ်မှန်ရိုက်စစ်ဆေးသူ ၁၃၂ ဦးနှင့် သလိပ်စစ်ဆေးသူ ၂၀၊ မြေထူးကျေးရွာ၌ ဓာတ်မှန်ရိုက်စစ်ဆေးသူ ၁၆၆ ဦးနှင့် သလိပ်စစ်ဆေးသူ ၄၀၊ ဇင်းကျေးရွာ၌ ဓာတ်မှန်ရိုက်စစ်ဆေးသူ ၁၃၂ ဦးနှင့် သလိပ်စစ်ဆေးသူ ၄၂ ဦး စုစုပေါင်း ဓာတ်မှန်ရိုက်စစ်ဆေးသူ ၇၀၄ ဦးနှင့် သလိပ်စစ်ဆေးသူ ၁၆၇ ဦးအား ရောဂါရှိမရှိ စစ်ဆေးပေးနိုင်ခဲ့သည်။

အဆိုပါ ဓာတ်မှန်ရိုက်၊ သလိပ်စစ် စစ်ဆေးချက်များတွင် တီဘီရောဂါဟု သံသယရှိသူ လူကြီး ၂၅ ဦးနှင့် ၁၅ နှစ်အောက်ကလေး ငါးဦးတို့အား ဆေးကျွေးကုသပေးခဲ့ပြီး ဆေးယဉ်ပါးတီဘီဖြစ်မဖြစ် သိရှိနိုင်ရန် ဆက်လက်စစ်ဆေးနေသူ ၁၆ ဦးရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အစိုးရတင်ဒါများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**မုံရွာ မေ ၂၆**

တင်ဒါလုပ်ငန်းစဉ်များတွင် တာဝန်ယူမှုတာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာသည့်စနစ်တစ်ခု ဖော်ဆောင်ရန်အတွက် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Inclusive Myanmar Development Initiative(IMDI)နှင့် ရင်းနှီးမြုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီရုံးဝင်းအတွင်း မြသလ္လာခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တင်ဒါလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို ကုမ္ပဏီများသိရှိစေရန် အလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သလို စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီများဘက်ကလည်း မရှင်းလင်းသည့်အချက်များကို ပြန်လည်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှူး ဦးမျိုးခိုင်ဦးထံမှ သိရသည်။

"ဒီနှစ်အတွက်တင်ဒါလုပ်ငန်းတွေ ခေါ်ယူဆောင်ရွက်တဲ့အခါ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ မှန်မှန်ကန်ကန်နဲ့ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သွားမှာဖြစ်သလို တင်ဒါတင်သွင်းဆောင်ရွက်လိုတဲ့ ကုမ္ပဏီတွေဘက်ကလည်း နည်းလမ်းတကျ ယှဉ်ပြိုင်ခြင်းနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တင်ဒါဖိတ်ခေါ်တဲ့ကာလမှာ လျှောက်ထားလာတဲ့ကုမ္ပဏီတွေကို စိစစ်ရွေးချယ်တဲ့အခါ အချိန်အကန့်အသတ်နဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကုမ္ပဏီတွေကို စနစ်တကျ စိစစ်ဖို့ အခက်အခဲဖြစ်ရပါတယ်။ ဒါကြောင့်မို့ ဒီနှစ်ဘတ်ဂျက်ကစပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တင်ဒါလုပ်ကိုင်ဆောင်ရွက်လိုတဲ့ နိုင်ငံတစ်ဝန်းကုမ္ပဏီတွေကို တင်ဒါအမည်စာရင်းဝင် ကုမ္ပဏီတွေအဖြစ် ကြိုတင်စာရင်းကောက်ယူထားပြီး အချိန်ယူ စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးမျိုးခိုင်ဦးကရှင်းပြသည်။

တိုင်းဒေသကြီးအတွင်းမှ အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါအမျိုးမျိုးကို နှစ်စဉ်ခေါ်ယူဆောင်ရွက်လျက်ရှိရာ တင်ဒါလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ အဂတိလိုက်စားမှုမရှိစေရေး၊ လက်ဝါးကြီးအုပ်ပြီး ဈေးကစားခြင်းမဖြစ်စေဘဲ မှန်ကန်မျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရေး၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် အမှန်တကယ် ထိရောက်အကျိုးရှိစေရေး အစရှိသည့်အချက်များကို ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း မုံရွာ**



**စုပေါင်းသန့်ရှင်း**

**သဃ်န်ကျွန်းမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးဝင်းတင်(ငြိမ်း) ဦးဆောင်၍ အဖွဲ့ဝင်အင်အား ၅၀ ခန့်သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် ကျိုက်ဒေးယုံ(ရန်ကုန် အာနန္ဒာဘုရား)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။**

မင်းခေတ်

# ဆင်းကတ်များကို ဖုန်းခေါ်ဆို၍ရောင်းချနေခြင်း လုံးဝမရှိကြောင်း အူရီဒူးမှ သတင်းထုတ်ပြန်

ပြည်ပအော်ပရေတာများဖြစ်သော အူရီဒူးနှင့် တယ်လီနောတို့ စတင်ဝန်ဆောင်မှုပေးချိန် ၂၀၁၃ ခုနှစ်မှစ၍ အူရီဒူးနှင့် တယ်လီနောနံပါတ်သစ်များကို ဝယ်ယူရောင်းချသူအချို့က ပုံမှန်ဈေး ၁၅၀၀ ကျပ်ဖြင့် ရောင်းချသည့်အစား ယခင် MPT ၏ ကျပ် ၁၅ သိန်းတန် ဂဏန်းကိုးလုံးပါ ၀၉၅... နှင့်စသည့် နံပါတ်တူများထံသို့ ဖုန်းခေါ်ဆိုတိုက်ရိုက်ဆက်သွယ်၍ ပုံမှန်ဈေးထက်ပိုတင်ကာ ရောင်းချမှုများ ရှိနေခဲ့သည်။ ထိုအချိန်က ရောင်းချရာတွင် ဆင်းကတ်တစ်ကတ်ကို ကျပ် ၁၂၀၀၀ ခန့်ဖြင့် ရောင်းချခဲ့ပြီး ရောင်းသူဦးရေနည်းသဖြင့် မဝယ်လိုသူတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်ခြင်း မရှိစေဘဲ နံပါတ်တူ နံပါတ်သစ်ကို ဝယ်ယူလိုသူတို့အတွက်လည်း အဆင်ပြေစေခဲ့သည်။

သို့သော် ယခုနောက်ပိုင်းတွင် ရောင်းချသူဦးရေ များလာပြီး အော်ပရေတာများ၏ ဆင်းကတ်အမျိုးမျိုးကို အခြားအော်ပရေတာများ၏ ဆင်းကတ်နံပါတ်တူများထံ လှည့်ပတ်ရောင်းချမှုများ ရှိလာခဲ့သည်။ အော်ပရေတာတစ်ခု၏ နံပါတ်တစ်ခုရှိထားသူက အခြားအော်ပရေတာ၏ နံပါတ်တူဖုန်းသို့(ဥပမာ အူရီဒူး၏ ၀၉၉၇ ၁၂၃၄၅၆၇ နံပါတ်ကို ဝယ်ထားသူက အခြားအော်ပရေတာများဖြစ်သော တယ်လီနော၏နံပါတ် ၀၉၇၉ ၁၂၃၄၅၆၇ နှင့် MPT ၏ ၀၉၄၂ ၁၂၃၄၅၆၇ တို့သို့) ထပ်တလဲလဲ ဖုန်းခေါ်ဆိုရောင်းချမှုများ ရှိလာသောကြောင့် မဝယ်လိုသူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်လာခဲ့သည်။

အချို့သော ဆင်းကတ်ရောင်းသူများမှာ ရောင်းချမည့်ဆင်းကတ် လက်ဝယ်တွင်ပင်မရှိဘဲ အော်ပရေတာတစ်ခု၏ ဖုန်းနံပါတ်သို့ဆက်ကာ ထိုနံပါတ်နှင့်တူသော အခြားအော်ပရေတာ၏နံပါတ်ကို ဝယ်ယူနိုင်ကြောင်း အကြောင်းကြားပြီး ဈေးအမြင့်ဖြင့် ဝယ်ယူမည်ဟု အတည်ပြုချက်ကို ရယူကြသည်။ အတည်ပြုချက်ရပြီးနောက်တွင်မှ ရောင်းချမည်ဆိုသည့် ဖုန်းနံပါတ်သို့ဆက်ကာ ထိုနံပါတ်ကို ပြန်ဝယ်လိုကြောင်း ၁၅၀၀ ထက်ပိုသော ကြားဈေးနှုန်းဖြင့် ဈေးညှိကြသည်လည်းရှိသည်။

"ကိုယ့် MPT နံပါတ်နဲ့ နောက်ဆုံးခြောက်လုံးတူတဲ့ တယ်လီနောကတ် ယူမလားဆိုပြီး ဖုန်းလာတယ်။ တကယ်အံ့သြသွားတယ်။ အဲဒီ နောက်ခြောက်လုံးတူတဲ့ တယ်လီနော ကတ်ဆိုတာလည်း ကိုယ့်ဆီမှာပဲကို။ အဲဒါနဲ့ ယူမယ်၊ ဘယ်လောက်ပေးရမလဲမေးတော့ သုံးသောင်းတဲ့။ ရတယ်၊ ယူမယ်လို့ ပြောလိုက်တယ်။ ခဏလောက်နေတော့ ကိုယ့်တယ်လီနောကတ်ဆီ ဖုန်းဝင်လာတယ်။ အခုပြောနေတဲ့ကတ် ပြန်ရောင်းမလားတဲ့။ တစ်သောင်းခွဲပေးပါ့မယ်တဲ့။ အရေးကြီးလို့ပါတဲ့။ ဒီတယ်လီနောနံပါတ်နဲ့ နံပါတ်တူ MPT ကတ်ကိုင်တဲ့ ဘုန်းကြီးကို လှူမလို့ပါတဲ့။ ခင်ဗျား စောစောက ပြောတုန်းက သုံးသောင်းဆိုလို့ မေးလိုက်တော့ ဖုန်းချသွားတယ်။ ထပ်ခေါ်ကြည့်တော့ Block ပါ လုပ်ထားတယ်"ဟု ပွဲစားက ဖုန်းဖြင့်ဆက်သွယ်၍ ဆင်းကတ်ရောင်းချမှုကို ကြုံရသူတစ်ဦးက ၎င်း၏ ဖေ့စ်ဘုတ်တွင် ရေးသားထားသည်။

ထိုသို့ ဖုန်းခေါ်ဆိုရောင်းချနေမှုများနှင့်ပတ်သက်၍ အော်ပရေတာတစ်ခုဖြစ်သော အူရီဒူးမြန်မာက ထိုရောင်းချမှုများသည် အူရီဒူးမှ ရောင်းချခြင်းမဟုတ်ကြောင်းနှင့် အူရီဒူးဆင်းကတ်များကို တရားဝင် ဝယ်ယူရရှိနိုင်မည့်နေရာများကို သတင်းထုတ်ပြန်လိုက်ကာ နံပါတ်တူများ ရှာဖွေဝယ်ယူလိုပါက အပလီကေးရှင်းမှတစ်ဆင့် ရှာဖွေဝယ်ယူနိုင်ကြောင်းလည်း ထုတ်ပြန်လိုက်သည်။

အူရီဒူးအနေဖြင့် သုံးစွဲသူများ၏ တန်ဖိုးရှိသည့်အချိန်အတွက် မည်ကဲ့သို့သော နှောင့်ယှက်မှုမျိုးမှ မဖြစ်စေရန် အဓိကထား ဆောင်ရွက်လျက်ရှိ၍ မိမိတို့၏ဆင်းကတ်များကို သုံးစွဲသူများထံသို့ ဖုန်းခေါ်ဆိုရောင်းချခြင်းမျိုး လုပ်ဆောင်ခြင်းမရှိကြောင်း၊ သုံးစွဲသူများ အဆင်ပြေစေမှုအတွက် မိမိတို့ကြိုက်နှစ်သက်ရာ အူရီဒူးဆင်းကတ်များကို လွယ်ကူစွာ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း ထုတ်ပြန်ထားသည်။

ထို့အတူ မိမိကြိုက်နှစ်သက်ရာ နံပါတ်များပါဝင်သည့် အူရီဒူးဆင်းကတ်များကို ဝယ်ယူနိုင်ရန်အတွက် My Ooredoo အပလီကေးရှင်းကို အသုံးပြုရှာဖွေခြင်းမှာ အကောင်းဆုံးနှင့် အလွယ်ကူဆုံးနည်းလမ်းဖြစ်ကြောင်းလည်း ထုတ်ပြန်လိုက်သည်။




My Ooredoo အပလီကေးရှင်းတွင်ပါဝင်သည့် Reserve Number တွင် သုံးစွဲသူအနေဖြင့် မိမိတို့လိုချင်သော နံပါတ်တွဲ အနည်းဆုံး လေးလုံးကို နှိပ်၍ ဝယ်ယူရရှိနိုင်မည့် နံပါတ်ကို ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်သည်။ မိမိလိုချင်သောနံပါတ်ကို တွေ့ရှိပါက Submit ခလုတ်ကိုနှိပ်၍ စာရင်းတင်သွင်းနိုင်မည်ဖြစ်ပြီး အပလီကေးရှင်းအတွင်း စိတ်ကြိုက်နံပါတ်၊ နံပါတ်အလှများစသည်တို့ကိုလည်း Normal၊ 3Stars၊ 2Stars၊ 1Star အစရှိသဖြင့် အသီးသီးဖော်ပြထားမည်ဖြစ်၍ သုံးစွဲသူအနေဖြင့် မိမိကြိုက်နှစ်သက်သည့် နံပါတ်၏ ဈေးနှုန်းကိုပါ တစ်ပါတည်း သိရှိနိုင်မည်ဖြစ်သည်။ ထို့နောက် Proceed ခလုတ်ကိုနှိပ်၍ ကြိုက်နှစ်သက်ရာ အူရီဒူးဖုန်းနံပါတ်ကို မှာယူနိုင်မည်ဖြစ်ပြီး အူရီဒူးမှ နံပါတ်မှာယူမှုအောင်မြင်ကြောင်း အတည်ပြုမက်ဆေ့ချ် ရရှိမည်ဖြစ်သည်။ သုံးစွဲသူအနေဖြင့် ယင်းမက်ဆေ့ချ်ကို လက်ခံရရှိပြီးနောက် ၂၄ နာရီအတွင်း အဆိုပါဆင်းကတ်ကို နီးစပ်ရာအူရီဒူးအရောင်းဆိုင်တွင် သွားရောက်ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

အခြားနည်းလမ်းတစ်ခုအနေဖြင့် အူရီဒူးဆင်းကတ်များကို အူရီဒူးအမှတ်တံဆိပ် အရောင်းဆိုင်၊ အရောင်းဆိုင်ခွဲများနှင့် လက်လီအရောင်းဆိုင်တွင်လည်း တရားဝင် ဝယ်ယူနိုင်ကြကြောင်းလည်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အခြားအော်ပရေတာတစ်ခုဖြစ်သော တယ်လီနောမြန်မာကလည်း ဆင်းကတ်များ ထိုသို့ရောင်းချနေခြင်းသည် အော်ပရေတာနှင့် မဆိုင်ကြောင်းနှင့် ထိုရောင်းချနေမှုများကို ဥပဒေအရ တားမြစ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ ။

**ထိုအချိန်က ရောင်းချရာတွင် ဆင်းကတ်တစ်ကတ်ကို ကျပ် ၁၂၀၀၀ ခန့်ဖြင့် ရောင်းချခဲ့ပြီး ရောင်းသူဦးရေနည်းသဖြင့် မဝယ်လိုသူတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်ခြင်း မရှိစေဘဲ နံပါတ်တူ နံပါတ်သစ်ကို ဝယ်ယူလိုသူတို့အတွက်လည်း အဆင်ပြေစေခဲ့သည်။ ယခုနောက်ပိုင်းတွင် ရောင်းချသူဦးရေ များလာပြီး အော်ပရေတာများ၏ ဆင်းကတ်အမျိုးမျိုးကို အခြားအော်ပရေတာများ၏ ဆင်းကတ်နံပါတ်တူများထံ လှည့်ပတ်ရောင်းချမှုများ ရှိလာခဲ့သည်။ အော်ပရေတာတစ်ခု၏ နံပါတ်တစ်ခုရှိထားသူက အခြားအော်ပရေတာ၏ နံပါတ်တူဖုန်းသို့ထပ်တလဲလဲ ဖုန်းခေါ်ဆိုရောင်းချမှုများ ရှိလာသောကြောင့် မဝယ်လိုသူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်လာခဲ့သည်။**

**သတင်းဆောင်းပါး - သူရဖြိုး**



## အများသိစေရန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မြောက်ပိုင်းရပ်၊ ငယ်ဒိုးလမ်းရှိ First December သောက်ရေသန့် လုပ်ငန်းတာဝန်ခံ ဦးလှရွှေ ၁၀/ကထန(နိုင်)၀၆၃၈၁၀၏လွှဲအပ်ညွှန်ကြားချက် အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မတို့၏မိတ်ဆွေမှ First December R.O Purified Drinking Water အမှတ်အသားပါ သောက်ရေသန့်အား အောက်တွင်ဖော်ပြထားသော ပုလင်း(ဘူး)ဒီဇိုင်းပုံစံ၊ အမှတ်တံဆိပ်တို့ကို အသုံးပြု၍ ရေသန့်များကို ပုလင်း(ဘူး)ကြီး၊ ပုလင်း(ဘူး)လတ်၊ ပုလင်း(ဘူး)သေးတို့တွင် ထည့်သွင်း၍ ထုတ်လုပ်ဖြန့်ချိသွားရန်အတွက် ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၄/၉၉၃၈)ဖြင့်လည်းကောင်း၊ ပုလင်း(ဘူး)ဒီဇိုင်းပုံစံကို မှတ်ပုံတင်အမှတ်(၄/၆၁၇၆)ဖြင့်လည်းကောင်း ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




ကျွန်မတို့မိတ်ဆွေ၏သောက်ရေသန့်လုပ်ငန်းမှ ထုတ်လုပ်ပြီးအများပြည်သူသို့ ဖြန့်ဖြူးရောင်းချရန်အတွက် တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုရန် မှတ်ပုံတင်ထားသောပုလင်း(ဘူး)ဒီဇိုင်းပုံစံနှင့် ကုန်အမှတ်တံဆိပ်အမှတ်အသားကိုမည်သူတစ်ဦးတစ်ယောက်မျှ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း တုပသုံးစွဲခြင်းမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ တားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ မိမိတို့မူပိုင်အဖြစ် မှတ်ပုံတင်ထားသည့် ပုလင်း(ဘူး)ဒီဇိုင်းပုံစံနှင့် ကုန်အမှတ်တံဆိပ်အမှတ်အသားအား တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့ မြင်ကြားသိရပါက မိမိတို့အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးလှရွှေ ၁၀/ကထန(နိုင်)၀၆၃၈၁၀**

**လွှဲအပ်ချက်အရ-**

**ဒေါ်အိမိုးသူ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၉၅)**
**LL.B,WIPO (Switzerland)**
**(Switzerland)**

**ဒေါ်ဆုပြည့်စုံ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၃၀)**
**MBA(Califonia),**
**LL.B,DSM,WIPO**
**အမှတ် ၆၊ သုံးလွှာ၊ ၁၄၉ လမ်း**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ဒေါ်ခင်သန်းအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၉၅)**
**B.Com,H.G.P,R.L,**
**W.I.P.O(Switzerland)**


SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 12 May 2017 to 12 May 2018
MPT
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး အခမဲ့
အင်တာနက် လစဉ် 1.5 GB (၆) လ ရယူပါ။
စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်ရှိသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax)စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်း မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

**(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀% |
| ၄။ | မလေးရှား | ၆% |
| ၅။ | ဖိလစ်ပိုင် | ၁၂% |
| ၆။ | စင်ကာပူ | ၇% |
| ၇။ | ထိုင်း | ၇% |
| ၈။ | ဗီယက်နမ် | ၁၀% |

**(ကမ္ဘာ့နိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇% |
| ၂။ | ပြင်သစ် | ၂၀% |
| ၃။ | ဂျာမနီ | ၁၉% |
| ၄။ | ဒိန်းမတ် | ၂၅% |
| ၅။ | အိန္ဒိယ | ၅-၁၅% |
| ၆။ | ဂျပန် | ၈% |
| ၇။ | နယူးဇီလန် | ၁၅% |
| ၈။ | နော်ဝေ | ၂၅% |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့် ဝန်ဆောင်မှုခွန်(Goods and Services Tax)ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅ ဒသမ ၅ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www. pwc.com နှင့် www.world wide-tax.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၃)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၃)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် **(''က'' အက္ခရာမှ အစဉ်လိုက်''န''အက္ခရာထိ)** = ၂၀ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် **အရန်ထီလက်မှတ်** **(''ကဒ'' အက္ခရာမှ အစဉ်လိုက်''ကအ''အက္ခရာထိ)** = ၁၆ လုံး

**စုစုပေါင်းအက္ခရာ** **= ၃၆ လုံး**

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၆)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၂၉၄၅၄၄၈)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၃၂၃၉၉၉၂၈) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၄၇၂၇.၂၄)ဖြစ်ပါသည်။ ၆၀% ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၈၈၃၆ ဒသမ ၃၄၄)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**(က) အထူးဆုကြီးစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| (၃) ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |

**(ခ) ဆုတစ်ဆုချင်းစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်ရာ | = | (၃၇) ဆု |
| (၂) ကျပ်သိန်းငါးဆယ် | = | (၃၉) ဆု |
| (၃) ကျပ်ဆယ်သိန်း | = | (၄၁) ဆု |

**(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) ကျပ်တစ်သိန်း | = | (၂၉၀၀၀) ဆု |
| (၄) ကျပ်ငါးသောင်း | = | (၇၀၀၀၀) ဆု |
| **စုစုပေါင်း** | = | **၁၀၀၂၂၀ ဆု** |

၅။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၆-၂၀၁၇ ရက်(ကြာသပတေးနေ့)နံနက်၈ နာရီအချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8K/6092၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9H/3965 Nissan Vanette SK82TN P/U (4×2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင့်ဝါလွင် ၁၀/ကတန(နိုင်)၀၆၅၉၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## ယာဉ်မောင်း-၅(လစာနှုန်းကျပ် ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀)
## ရာထူး(၁၅)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်သတင်းစာတိုက်နှင့် ကိုယ်ပွားသတင်းစာတိုက်များရှိ သတင်းစာပို့မော်တော်ယာဉ်များနှင့် ရုံးလုပ်ငန်းသုံးမော်တော်ယာဉ်များ မောင်းနှင်ရန် ယာဉ်မောင်း-၅(လစာနှုန်းကျပ် ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀)ရာထူး (၁၅)နေရာအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

- (က) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ခ) ၃၁-၅-၂၀၁၇ရက်တွင် အသက်(၃၀)ထက် မကြီးသူ အမျိုးသားများဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) မှတ်ပုံတင်ထားသည့် မည်သည့်ယာဉ်ကိုမဆို မောင်းနှင်ခွင့်ရှိသည့် ယာဉ်မောင်း(င)လိုင်စင်ရှိရမည်။
- (ဃ) ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိရမည်။
- (င) ပညာအရည်အချင်း အနည်းဆုံး အလယ်တန်းအောင်မြင်ရမည်။
- (စ) လုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရမည်။
- (ဇ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးနေ့သက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်း၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်တို့ကို ဖော်ပြရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

- (က) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
- (ခ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့ထံမှ ၃၁-၅-၂၀၁၇ရက်နောက်ပိုင်း ရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း(ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
- (ဂ) ဝန်ထမ်းမဟုတ်လျှင် ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်စာ
- (င) ယာဉ်မောင်း(င)လိုင်စင် မိတ္တူ

၄။ လျှောက်လွှာများကို ဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်သို့ လိပ်မူ၍ ၃၀-၆-၂၀၁၇ရက် နောက်ဆုံးထားပေးပို့ရမည်။

၅။ ယာဉ်မောင်း-၅ ရာထူးသို့ လျှောက်ထားသူများအား လက်တွေ့လုပ်ငန်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောလျှောက်လွှာများနှင့် သတ်မှတ်ချက်မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၄၁၂၀၂၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | သယ်ယူမည့်ပစ္စည်း/ခရီးစဉ် | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 16(T)/YESC /17-18 | 11-6.6/0.4KV,200KVA (150)Nos (Single Pole Mounted Type) with 6.6KV LA3No and Steel Structure | ၁၂-၆-၂၀၁၇ရက် |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၉-၅-၂၀၁၇ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန၊
**ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၂၀၈၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသားဘောလုံးအကယ်ဒမီတွင် Coffee Tea Shop ဖွင့်လှစ်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်အဖြစ်ဆောင်ရွက်မည်ဖြစ်၍ လုပ်ကိုင်လိုသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်မည်သူမဆို ဝင်ရောက်အဆိုပြုနိုင်သည်။

၁။ အဆိုပါ Tea Shop သည် ဝေဇယန္တာလမ်းမကြီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးနံဘေး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

၂။ အဆိုပါ Tea Shop ၏ အကျယ်အဝန်းမှာ ၆၀၀ စတုရန်းပေခန့်ရှိပြီး Daikin အမှတ်တံဆိပ် Air Con (၃)လုံး၊ စားပွဲ(၉)လုံး၊ ထိုင်ခုံ(၂၈)လုံး၊ ထီးကြီး(၂)လက်၊ မီးဆိုင်း(၁၁)လုံး၊ ဘေစင်(၂)လုံး၊ Toilet (၁)လုံး၊ ကောင်တာ(၁)လုံးတို့ ပါဝင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၅-၂၀၁၇ရက် မှ ၁၅-၆-၂၀၁၇ ရက်ထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးခန်းတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

၄။ ၁၆-၆-၂၀၁၇ ရက် ၁၅း၀၀ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးခန်းတွင် တင်ဒါတင်သွင်းမှုပုံစံအပြည့်အစုံကို လာရောက်တင်သွင်းရမည်။ယင်းရက်မတိုင်မီ ရုံးဖွင့်ချိန်အတွင်း ဆိုင်ခန်းအားမျက်မြင်လာရောက် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

၅။ ယခုတင်ဒါနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၁-၈၅၆၉၉၆၀၊ ၀၁-၈၅၆၉၉၆၁၊ ၀၁-၈၅၆၉၉၆၄၊ ၀၉- ၅၂၀၀၂၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် လိုအပ်လျက်ရှိသော (၈၀-၁၀၀)ကတ္တရာ(၈၀၀.၁၅)တန်ကို ဝယ်ယူလိုသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို ကြော်ငြာပါရှိသည့်ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးဖွဲ့ရုံးတွင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၉-၆-၂၀၁၇ရက် ညနေ ၃း၀၀နာရီနောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြစ်ကြီးနားမြို့**

## အားကစားနှင့်ကာယပညာဦးစီးဌာန
## အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | အဓိကပစ္စည်း | (၁၂) မျိုး |
| (ခ) | အသုံးတူပစ္စည်း | (၁၄) မျိုး |
| (ဂ) | အားကစားနည်း(၁၀)နည်းအတွက် အထောက်အကူပြုပစ္စည်းများ | |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသည့် အချက်အလက်များကို အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၊ အေးသာယာမြို့၊ ဖုန်း-၀၈၁-၂၀၈၅၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**
**အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၊**
**အေးသာယာမြို့**

## တောင်ကြီးတက္ကသိုလ်
## (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ၂၀၁၆ခုနှစ် မတ်လနှင့် စက်တင်ဘာလတို့တွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာသုတေသနဘွဲ့ အောင်မြင်ကြသူများသည် တောင်ကြီးတက္ကသိုလ်၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်း လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | - ကျပ် ၁၅၀၀၀/- (ကျပ်တစ်သောင့်ငါးရာတိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းမည့်ရက် | - ၁-၆-၂၀၁၇ ရက်မှ ၃၀-၆-၂၀၁၇ ရက်အထိ |

**မှတ်ချက်**

- (၁) သတ်မှတ်လျှောက်လွှာပုံစံ ဖြည့်စွက်ပြီး လျှောက်ထားရမည်။
- (၂) လွန်ခဲ့သည့် သုံးလအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော (၂×၁.၅)လက်မဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
- (၃) သတ်မှတ်ဘွဲ့ကြေးများကို တောင်ကြီးတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
- (၄) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာရပ်စသည်များကိုလည်း တိကျစွာဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
- (၅) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ရမည်။
- (၆) တက်ရက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး တစ်နှစ်ကြာမှသာ ဘွဲ့လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။
- (၇) ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။
- (၈) အသေးစိတ်အချက်အလက်များကို တောင်ကြီးတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၉-၄၄၂၆၆၈၇၆၆ တွင် စုံစမ်းနိုင်ပါသည်။

**ခင်စောလှိုင်**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာ တောင်ကြီးတက္ကသိုလ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်ဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်/ဝယ်ယူရေးအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-5(T)/MESC/2017-2018 | ၃၃/၁၁ကေဗွီ(၂၀)အမ်ဗွီအေ ထရန်စဖော်မာ (၈)လုံးနှင့် ၆၆/၁၁ ကေဗွီ(၁၀)အမ်ဗွီအေ ထရန်စဖော်မာ (၁)လုံးဝယ်ယူခြင်း |
| (ခ) | 2-1(T)/MESC/2017-2018 | နွားထိုးကြီး-ပြင်စည် ၃၃ ကေဗွီဓာတ်အားလိုင်း (၁၆)မိုင် တည်ဆောက်ခြင်း (Turnkey) |
| (ဂ) | 2-2(T)/MESC/2017-2018 | ပျော်ဘွယ်မြို့နယ်အတွင်း ၃၃ကေဗွီဓာတ်အားလိုင်း (၁၈.၅) မိုင် တည်ဆောက်ခြင်း(Turnkey) |
| (ဃ) | 2-3(T)/MESC/2017-2018 | သာစည်မြို့နယ်၊ညောင်ရမ်းခွဲရုံ၃၃ကေဗွီ ဓာတ်အားလိုင်း(၁၀)မိုင် တည်ဆောက်ခြင်း (Turnkey) |
| (င) | 2-4(T)/MESC/2017-2018 | သာစည်မြို့နယ်၊ ညောင်ရမ်းတွင် ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေဓာတ်အားခွဲရုံ(၁)ခုတည်ဆောက်ခြင်း (Turnkey) |
| (စ) | 2-5(T)/MESC/2017-2018 | နွားထိုးကြီးမြို့နယ်၊ပြင်စည်တွင်၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ခု တည်ဆောက်ခြင်း (Turnkey) |
| (ဆ) | 2-6(T)/MESC/2017-2018 | ပျော်ဘွယ်မြို့နယ်၊ ရွှေညောင်ဖူးတွင် ၃၃/၁၁ ကေဗွီ(၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ခု တည်ဆောက်ခြင်း (Turnkey) |
| (ဇ) | 2-7(T)/MESC/2017-2018 | ရမည်းသင်းမြို့နယ်၊ သဖန်းချောင်းတွင် ၃၃/၁၁ ကေဗွီ(၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ခု တည်ဆောက်ခြင်း (Turnkey) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၅-၂၀၁၇ ရက်တွင်စတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၆-၆-၂၀၁၇ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇ လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၉၁၂၁၊ ၀၂-၇၃၈၀၁**

## မြန်မာနိုင်ငံဗိသုကာအသင်း
## မြောက်ဥက္ကလာပမြို့နယ်၊ ရတနာသိင်္ဂီဈေး
## ဗိသုကာဒီဇိုင်းပြိုင်ပွဲခေါ်ယူခြင်း

မြန်မာနိုင်ငံဗိသုကာအသင်းမှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်းနှင့် မေဒါဝီလမ်းဆုံရှိရာ ရတနာသိင်္ဂီ (ဆ)ရပ်ကွက် ဈေးနေရာကို အဆင့်မြှင့်တင်ကာ အသစ်ဆောက်လုပ်မည်ဆိုပါက အသုံးပြုနိုင်ရန် အတွက် စီမံကိန်းပုံစံ (Master Plan) နှင့် အဆောက်အအုံဒီဇိုင်း (Architectural Conceptual Design) များ ရွေးချယ်နိုင်ရန် ဒီဇိုင်းပြိုင်ပွဲ ပြုလုပ်မည် ဖြစ်ပါသည်။

အဆိုပါဒီဇိုင်းပြိုင်ပွဲကို အကြီးတန်းလိုင်စင်ရဗိသုကာ (SLA)သို့ လိုင်စင်ရဗိသုကာ (LA) တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ SLA တစ်ဦး(သို့) LA တစ်ဦးမှ ဦးဆောင်သော အဖွဲ့တစ်ဖွဲ့အနေဖြင့်သော်လည်းကောင်း ဒီဇိုင်းရေးဆွဲကာ ဝင်ရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါသည်။ ပြိုင်ပွဲဝင်တစ်ဦး (သို့) အဖွဲ့တစ်ဖွဲ့လျှင် ဒီဇိုင်းပုံစံတစ်ခုသာ တင်သွင်းခွင့်ရရှိမည် ဖြစ်ပါသည်။

(မှတ်ချက်။ ။ LAတစ်ဦး(သို့) LAဦးဆောင်သော အဖွဲ့တစ်ဖွဲ့၏ ဒီဇိုင်းပုံစံကို ရွေးချယ်ခြင်းခံရပါက ဆက်လက်လုပ်ရမည်ဖြစ်သော လုပ်ငန်းစဉ်များတွင်SLAတစ်ဦး၏ ကြီးကြပ်မှုနှင့်အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။)

ပြိုင်ပွဲဝင်ရန် အသေးစိတ်အချက်အလက်များနှင့် ဒီဇိုင်းအချက်အလက်များကို ၂၄ ရက် မေလ ၂၀၁၇ မှစ၍ အောက်ပါရုံးလိပ်စာသို့ ဆက်သွယ်ထုတ်ယူနိုင်ပါသည်။ ပြိုင်ပွဲဝင်ဒီဇိုင်းပုံများကို ၂၈ရက် ဇွန်လ ၂၀၁၇ခုနှစ် ညနေ(၄) နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံဗိသုကာအသင်း**
**အမှတ်(၂၂၈/၂၃၄)၊တတိယထပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ဗိုလ်တထောင်မြို့နယ်။ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၉-၉၆၃၄၂၂၅၅၆**

## အမြန်အလိုရှိသည်

အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာနှစ်မျိုးလုံး ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်သူ အမျိုးသား (၂)ဦးနှင့် အမျိုးသမီး (၂)ဦးအလိုရှိသည်။

ပညာအရည်အချင်း - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။

လစာကို နိုင်ငံခြားငွေ (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ပေးမည်။

**ဆက်သွယ်ရန်** - အမှတ် ၈၆၊ ၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း- ၀၁-၂၀၂၈၅၇၊ ၂၀၂၈၅၈**
**E-mail:123fifthfloor@gmail.com**

**မှတ်ချက်** ။ ။ စင်ကာပူ၊ တရုတ်၊ ထိုင်း ရုံးခွဲများသို့လည်း သွားရောက်လုပ်ကိုင်နိုင်ရမည်။

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ဒက္ခိဏခရိုင်တရားရုံး
## ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂၆၂ နှင့်ဆက်နွှယ်သည့်
## ၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၃

| | | |
|---|---|---|
| ဦးမိုဟာမက် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမြင့်လွင်) | နှင့် | ၁။ ဦးသန်းရွှေ<br>၂။ ဦးလွင်မောင်မောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရုံးများ** |

အထက်ပါအမှုမှ (၂)တရားရုံး ဦးလွင်မောင်မောင်၊ သပြေကုန်းဈေးပွဲရုံတန်း၊ ပ/၁၆၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏခရိုင် နေပြည်တော်၊ (ယခုနေထိုင်သည့် နေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂၆၂အမှုတွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမိုဟာမက် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမြင့်လွင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၁၃ ရက် (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သောင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဒက္ခိဏခရိုင်တရားရုံး**

## အမည်ပြောင်း

မြိတ်မြို့၊ အထက-၂ ပထမတန်းအောင်မြင်ခဲ့သော ဦးရဲကျော်သူ၏ သမီး မထက်ထက်ဝင်းကျော်အားယနေ့မှစ၍ မထက်ထက်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်ထက်ဝင်း**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးဟွမ် ၁/မကန(နိုင်)၂၀၈၉၉၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၀၁၂၁၆၆**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊အဌမတန်း(B)မှ မအိယမုံဇော်၏ မိဘအမည်မှန်မှာ ဦးကျော်မျိုးလွင် ၇/ဒဥန(နိုင်)၀၂၄၆၁၉ နှင့် ဒေါ်မင်းမင်းခိုင် ၇/ညလပ(နိုင်)၀၉၉၁၈၈ ဖြစ်ပါသည်။

## တစ်ဦးတည်းပါဖြစ်ကြောင်း

မော်လမြိုင်တက္ကသိုလ်၊ (အဝေးသင်ဌာနခွဲ)တတိယနှစ်၊ အင်္ဂလိပ်စာ(၃-အ-၃၂၆)(၀၀၃)မှ မိစန္ဒာအောင်၏ဖခင် ဦးနိုင်ဟန် ၁၀/ကမရ(နိုင်) ၀၄၉၁၀၇နှင့် ဦးဟန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးနိုင်ဟန်(ခ)ဦးဟန်**

## ကန့်ကွက်နိုင်ပါကြောင်း

